ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် မှ စတင် ထုတ်ဝေသည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday 10 September 2018 ၉၄၀၅

ရွှေအလေးချိန် တစ်နိုင်ငံလုံးခြားနားမှုမရှိစေရန် ညှိနှိုင်းဆွေးနွေးပွဲ မန္တလေးမြို့တွင် ကျင်းပ

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ဦးစီးကျင်းပသော ရွှေအလေးချိန် တစ်နိုင်ငံလုံးခြားနားမှု မရှိစေရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ Wilson Hotel ၌ ကျင်းပသည်။

တက်ရောက်ဆွေးနွေး

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ် ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရွှေလုပ်ငန်းရှင်များ၊ ရွှေတူးဖော်ထုတ်လုပ်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးမောင်ကိုက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က မြန်မာနိုင်ငံ၌ ရွှေရောင်းဝယ်ရာတွင် ရွှေပမာဏကွာခြားနေမှု၊ ကမ္ဘာ့ရွှေဈေးနှင့်ပတ်သက်၍ ရွှေတစ်ကျပ်သား စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ဖာပွန်-ကမမောင်း-ဝါးဘိုးတောကားလမ်းတွင် ရေပြန်ကျပြီဖြစ်၍ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိ

ဖာပွန် စက်တင်ဘာ ၉

ဖာပွန်-ကမမောင်း-ဝါးဘိုးတောကားလမ်းတွင် စက်တင်ဘာ ၉ ရက်က ရေပြန်ကျပြီဖြစ်၍ မော်တော်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် စက်တင်ဘာ ၈ ရက်က မိုးအဆက်မပြတ်ရွာသွန်း၍ သံလွင်မြစ်ရေထပ်မံမြင့်တက်လာမှုကြောင့် ဖာပွန်-ကမမောင်း-ဝါးဘိုးတောကားလမ်း နေရာအချို့တွင် ရေကျော်ခဲ့ရာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုပိတ်ထားခဲ့ရပြီး ယနေ့တွင် ကမမောင်းမြို့တွင်း စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ဟောပြောစည်းရုံးမှုများ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၉

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၂ ရက်တွင်လည်းကောင်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၃ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၁၄ ရက်တွင် လည်းကောင်း မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ယနေ့ သတင်းအညွှန်း

နိုင်ငံပိုင်သတင်းစာလုပ်ငန်း အရှုံးဖြစ်ပေါ်နိုင်ခြင်းနှင့် စပ်လျဉ်း၍…

စာမျက်နှာ - ၆

အမျိုးသားဒီမိုကရေစီ အင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

စာမျက်နှာ - ၁၁

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၉

စစ်တောင်းမြစ်

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

C B BANK
Contact Center : 01 231 777 0
www.cbbank.com.mm
contact@cbbank.com.mm
cbbankmyanmar
TRANSACTION BANKING SERVICES
- Account Receivable Solutions
- Account Payable Solutions
- Liquidity Management Solution
- Account Information Solution
- System Integration Solution
- Reconcilation Solution

ကြေးမုံ

လူသားအကျိုးပြု ဂေဟစနစ်ပျိုးထောင်

ဂေဟစနစ်ဟူသည် သက်ရှိသက်မဲ့အရာအားလုံး ရှင်သန်ဖွံ့ဖြိုးပြီး လူမှုလောကဝန်းကျင်အား အကျိုးပြုသည့် ရပ်ဝန်းတစ်ခုကို စနစ်တကျ ထိန်းသိမ်းထူထောင်ခြင်းဖြစ်ပါသည်။ ဂေဟစနစ်ကို ကောင်းမွန်စွာ တည်ဆောက်ထားနိုင်ခြင်းသည် သက်ရှိသတ္တဝါအားလုံး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသည်။ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင် ထိန်းသိမ်းထားနိုင်သည်။

ဂေဟစနစ်သည် သက်ရှိသတ္တဝါများနှင့်လူသားများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကြီးမားသော အခန်းကဏ္ဍမှ ဖြည့်ဆည်းပေးလျက်ရှိသည်။ မျက်မှောက်ကာလတွင် လူသားများအား ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့သည် ဂေဟစနစ်ပျက်ယွင်းမှုကြောင့် ပေါ်ပေါက်လာသော အကျိုးဆက်များဖြစ်သည်။ လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ ရေကြီးရေလျှံ၊ မုန်တိုင်းထန်သောစသည့်သဘာဝဘေးဆိုးများ တစ်ခုပြီးတစ်ခုဖြစ်ပေါ်နေသည်။ လူမှုဘဝပတ်ဝန်းကျင်နှင့်အသက်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှုများနှင့်ကြုံကြရသည်။ မိုးကြီးရေလျှံ၊ မုန်တိုင်းထန်သည့် သဘာဝဘေးပြီးလျှင်လည်း ပူပြင်းခြောက်သွေ့သည့် ဘေးဒဏ်များကို ပြည်သူများ ကြုံကြရဦးမည်ဖြစ်သည်။

ဤကဲ့သို့သော ဘေးဒုက္ခအမျိုးမျိုးကို ကျော်လွှားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာပေါ်ရှိ လူသားများအားလုံး ဝိုင်းဝန်းလက်တွဲ ထိန်းသိမ်းစောင့်ရှောက်ကြရန် အလျင်အမြန် လိုအပ်လာပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဖြစ်သည့် ဂေဟစနစ်ထူထောင်ရေးကို မိမိတို့ တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်နေပြီ။ သစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ သဘာဝတိရစ္ဆာန်များအား ကာကွယ်စောင့်ရှောက်ပေးခြင်းတို့သည် ဂေဟစနစ်ကို ထူထောင်ခြင်းဖြစ်သည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ တောတောင်၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များကို ထူထောင်ကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ပျက်စီးလျှင် ထိုပတ်ဝန်းကျင်ကို မှီခိုရှင်သန်နေသော သတ္တဝါများ တစ်စတစ်စပျက်စီးကြရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးလျှင် သဘာဝတိရစ္ဆာန်များ တိမ်ကောသွားပြီး လူအများလည်း သဘာဝဘေးအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များမှာ တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုနေပြီး အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ ယင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ဂေဟစနစ်ထူထောင်ရေးတွင် ပါဝင်လာအောင် အသိပညာပေးစည်းရုံးပြီး လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံရှိ ဂေဟစနစ် ထူထောင်ရေးမှာ အတုယူဖွယ်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စေတနာ့ဝန်ထမ်းတို့က နည်းပေးလမ်းပြ ပြုလုပ်ပေးကြသည်။ တန်ဖိုးမများ၊ ဝန်မကျယ်သော သဘာဝတိရစ္ဆာန်အသိုက်အမြုံ တစ်ခုစီကို စေတနာ့ဝန်ထမ်း လေးဦးခန့်ဖြင့် နယ်မြေတစ်ခုအတွင်း ဖန်တီးပေးခဲ့ရာ များမကြာမီတွင် သဘာဝတိရစ္ဆာန်ငယ်များ မှီခိုနေထိုင်လာကြသည်။ သက်ဆိုင်ရာတို့ကမူ ထိုဧရိယာကို သဘာဝဘေးမဲ့တောအဖြစ် သတ်မှတ်ပေးခဲ့သည်။ ဆယ်စုနှစ်တစ်ခုကျော်ကာလတွင် ထိုဒေသတွင် ကောင်းမွန်သောဂေဟစနစ်ကို ထူထောင်နိုင်ခဲ့သည်။ သတ္တဝါများ ရှင်သန်မှီခိုနေထိုင်ခြင်းသည် ဂေဟစနစ်ကို ထူထောင်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြစ်၍ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သဘာဝတောရိုင်းတိရစ္ဆာန်များ မပျက်စီးအောင် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အဓိကကျသည့် သဘာဝတောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမှ ကာကွယ်ခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များ ရှင်သန်နေထိုင်နိုင်ရန် ဝိုင်းဝန်းလက်တွဲကူညီဆောင်ရွက်ပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် မပျက်စီးရေး၊ မဖျက်ဆီးရေးကို ဆောင်ရွက်ခြင်းဖြင့် လောကလူသားများကောင်းကျိုးအား အကျိုးရလဒ်ကြီးမားစွာဖြင့် ဆောင်ကြဉ်းပေးနိုင်သည်ကို ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး စည်းရုံးလှုံ့ဆော်ခြင်းများ ပိုမိုတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းက သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့တွင် ဆေးပညာဘာသာရပ် နယ်ပယ်အသီးသီးမှ နည်းပညာနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာတွင် လည်းကောင်း၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာတွင် လည်းကောင်း အတွေ့အကြုံကြွယ်ဝသော ထိပ်တန်းဆေးပညာရှင်များဖြစ်သည့် အငြိမ်းစားဆေးပညာရှင် ၃၄၄ ဦး၊ ဝန်ထမ်းဆေးပညာရှင် ၃၅၀ တို့ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံဆေးပညာလောကတွင် ထိပ်တန်းအဆင့် အဖွဲ့တစ်ခုဖြစ်သည့်အတွက် အဖွဲ့ကြီး၏ အသိပညာနှင့် အတွေးအခေါ် မြော်မြင်ချက်များကို ဝန်ကြီးဌာနနှင့် နိုင်ငံအတွက် အကောင်းဆုံး ရယူအသုံးပြုသွားရန်အထူးအရေးကြီးကြောင်း ပြောကြားသည်။

ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ထံမှ အချက် ၁၅ ချက်ပါ ကိစ္စရပ်များကို အကြံပြုချက်များ ပေးအပ်ရန်တို့ကို ဆောင်ရွက်ပေးစေလိုကြောင်း၊ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသော၊ လက်တွေ့ဆောင်ရွက်နိုင်သော အကြံပြုချက်များ ပေးအပ်သွားစေလိုကြောင်းနှင့် ထိုသို့ပေးအပ်လာသော အကြံဉာဏ်များကို ဝန်ကြီးဌာနအနေဖြင့် အလေးအနက်ထား စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက တစ်ပါတည်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနေဝင်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာစိုးသိန်းက အဖွဲ့ကြီး၏ ၂၀၁၇-၂၀၁၈ နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားကာ အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် Asia Pacific Pediatric Association (APPA) မှ ချီးမြှင့်သော Outstanding Asian Pediatrician Award (OAPA) 2018 ဆုရရှိသည့် မြန်မာနိုင်ငံဆေးပညာရှင် အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာသိန်းသိန်းမြင့်၊ ပညာရေးဝန်ကြီးဌာနမှ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအဖြစ် ဆုချီးမြှင့်ခြင်းခံရသည့် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်နှင့် ပါမောက္ခ ဒေါက်တာအေးမောင်ဟန်တို့အား မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌက ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍လူနာများအား ဘေးကင်းလုံခြုံစွာ ကုသစောင့်ရှောက်နိုင်ရေး ဆွေးနွေးဟောပြောပွဲ ကျင်းပရာ ပါမောက္ခဒေါက်တာမောင်မောင်ဝင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဒေါက်တာရန်လင်းမြင့် ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန ဆေးတက္ကသိုလ် (မန္တလေး)က Clinician's Perspectives ကိုလည်းကောင်း၊ ပါမောက္ခ ဒေါက်တာနေဝင်း ညွှန်ကြားရေးမှူး(ငြိမ်း) အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းက Laboratory Perspectives ကိုလည်းကောင်း၊ ဒေါက်တာကျော်ဝင်း ဥက္ကဋ္ဌ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) က Hospital Administrators Perspectives ကိုလည်းကောင်း ဆွေးနွေးရာ အစည်းအဝေးတက်ရောက်သူများက အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကလေးစာပေပွဲတော် (ကျောက်ဆည်)ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာနမှစီစဉ်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲမှုကော်မတီနှင့် ကျောက်ဆည်မြို့ ပြည်သူလူထုတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(ကျောက်ဆည်) ဆုရကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို မြင်စိုင်းခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကျပန်းစကားပြော၊ ကဗျာရွတ်၊ ပုံပြော၊ ဆေးရောင်ခြယ်၊ ပန်းချီ၊ ကာတွန်းနှင့် Multi Talent ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ကြပြီး ကလေးစာပေပွဲတော် ဖြစ်မြောက်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သူများ၊ အတတ်ပညာရှင်များ၊ အသိပညာရှင်များ၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက Multi Talent ပြိုင်ပွဲဆုရ ဆင်အက၊ စံတော်ချိန်သီချင်းနှင့် တစ်ပင်တိုင်အက၊ 'ကျောက်ဆည် ကလေးစာပေပွဲတော်' သီချင်းတို့ဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၉ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ကြစဉ်။ ဝင်းမောင်(ကျိုက်ထို)

ကလေး၌ ငါးစားသုံးမှုမြှင့်တင်ရေးပွဲတော်ကျင်းပမည်

ကလေး စက်တင်ဘာ ၉

မြန်မာ့ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Myanmar Sustainable Aquaculture Programme - MYSAP)မှ ဥရောပနှင့် ဂျာမနီနိုင်ငံတို့နှင့်ပူးပေါင်း၍ ဒေသခံပြည်သူများ၊ ကျောင်းသားလူငယ်များ၏ ခန္ဓာကိုယ်တွင် လိုအပ်သည့် အာဟာရဓာတ်ပြည့်ဝရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ပူးပေါင်းပါဝင်ကာ ငါးသယံဇာတ တိုးပွားရေးနှင့် ငါးစားသုံးမှုမြှင့်တင်ရေးပွဲတော်ကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကလေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းသား

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်းအား လမ်းဦးစီးဌာန ခရိုင်နှင့် အထူးအဖွဲ့များက မိုးဒဏ်ကြောင့် ပျက်စီးသွားသော လမ်းအပိုင်းအား လမ်းပေါက်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား လမ်းစခန်း ရှင်းလင်းဆောင်တွင် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က ရန်ကုန်-ပုသိမ်လမ်းမကြီးအား ADB ချေးငွေဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေ၊ လက်ရှိ မဆောင်ရွက်မီကာလအတွင်း လမ်းဦးစီးဌာနမှ ခရိုင်နှင့် အထူးအဖွဲ့များအား အပိုင်းလိုက် တာဝန်ပေးအပ်ကာ အဆင့်လေးဆင့်ဖြင့် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များ၊ ပထမအဆင့် အနေဖြင့် လမ်းပေါက်များအား သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီးကို အသုံးပြုသော ခရီးသွားပြည်သူများအား စက်တင်ဘာ ၉ ရက်မှစ၍ လမ်းအဆင့်မြှင့်တင်ခြင်းကာလ ပြီးဆုံးသည် အထိ လမ်းအသုံးပြုခကို အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပြီး အဆိုပါလမ်းပေါ်ရှိ တံတားခြောက်စင်း အသုံးပြုခကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်-အိမ်မဲ-မြောင်းမြလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မြောင်းမြတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ ၁ မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးဝင်းက မြောင်းမြတံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းအခြေအနေ၊ P.C Composite Girder များ သယ်ယူပို့ဆောင်မှု၊ လုပ်ငန်းခွင်အတွင်း ရောက်ရှိလာသော P.C Composite Girder များ တင်ခြင်းနှင့် အဆင့်ဆင့် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြောင်းမြဘက်ကမ်းတွင် P.C Composite Girder တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ တင်ပြီး P.C Composite Girder များကို ချိတ်ဆက်ရာတွင် အဆင့်ဆင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယနေ့အထိ မြောင်းမြတံတားသစ် လုပ်ငန်းပြီးစီးမှုမှာ Bored Pile, Spun Pile နှင့် Pile Work လုပ်ငန်းများ ၁ဝဝ ရာခိုင်နှုန်းပြီးစီးလျက် P.C Composite Girder တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး တံတားတစ်စင်းလုံး ပြီးစီးမှုမှာ ၅ဝ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြောင်းမြတံတားသစ်သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပေါ်တွင် တည်ရှိပြီး ရွှေမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားကာ တံတားအမျိုးအစားမှာ အပေါ်ထည် ပင်မတံတား Steel Truss Deck Type၊ ချဉ်းကပ်တံတား P.C Composite Girder တို့ဖြစ်ပြီး အောက်ထည်အုတ်မြစ် သံကူကွန်ကရစ် RC Bored Pile နှင့် Spun Pile Foundation Type ဖြစ်၍ တံတားအရှည် မီတာ ၈၃ဝ (၂၇၂၃ ဒသမ ၂၃ ပေ)၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ(၈ ဒသမ ၅ မီတာ)၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ HS-25 Load Class ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်-လမုတန်း-ထန်းတပင်လမ်းပေါ်ရှိ ကုက္ကိုဝတံတားသို့ ရောက်ရှိပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၁ မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါက်တာမြတ်ရွှေစင်ထွန်းက တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူက တံတားအနီး မြစ်ကမ်းပါးပြိုကျခြင်းအတွက် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❂ မြန်မာ့လက်ရွေးစင်မှ

ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဦးဝင်းသူမိုး ရွေးချယ်ထားသည့် ပဏာမကစားသမားစာရင်းတွင် လူငယ်နှင့် လူသစ်ကစားသမားများ ပါဝင်လာသည့်အပြင် ကစားကွက်အပြောင်းအလဲပြုလုပ်နေသော ကြောင့် ယခုလအတွင်း ခြေစမ်းပွဲမကစားဘဲ လေ့ကျင့်မှုများသာ ပြုလုပ်ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)မှ လူငယ်အမျိုးသား အသင်းများနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သလို ပြည်တွင်းခရီးစဉ်များအဖြစ် ပုသိမ်နှင့် မန္တလေးမြို့တို့သို့ သွားရောက်ကာ ဒေသခံ လူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲအဆင့် အုပ်စု(ဂ)ကို နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံ၌ ကျင်းပမည် ဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ခြေစစ်ပွဲကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပထမအဆင့်မှ စတင်ကစားရခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ ဂိုး-ဇာဇာမြင့်၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ ခင်သီတာအေး၊ နောက်တန်း-ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ ခင်မျိုးဝင်း၊ ယွန်းမီမီလွင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ အလယ်တန်း-ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ မေစံပယ်ဖူး၊ လွဲ့လွဲ့လှိုင်၊ နန့်မေသဇင်၊ နုနု၊ ခင်မိုးဝေ၊ ရှေ့တန်း-ရီရီဦး၊ ဝင်းသီဂီထွန်း၊ ဂျူလိုင်ကျော်နှင့် နီလာဝင်းတို့ ပါဝင်ကြသည်။ လက်ရှိရွေးချယ်ထားသည့် လူစာရင်းတွင် ဝါရင့်စီနီယာကစားသမားများအဖြစ် ဝင်းသီဂီထွန်း၊ ရီရီဦး၊ ခင်မိုးဝေ၊ ခင်မာလာထွန်းနှင့် ဝေဝေအောင်တို့သာ ပါဝင်လာပြီး လူငယ်ကစားသမား အများအပြားကို ဦးစားပေးရွေးချယ်ထားသည်။

ရှိုင်းထက်ဇော်

အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး အားကစားဆပ်ကော်မတီကို အားကစားဝန်ကြီးဌာနမှ တာဝန်ပေးအပ်ချက်အရ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် အမျိုးသမီးအားကစားဆပ်ကော်မတီ ဥက္ကဌဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု ဖိတ်ခေါ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပရာ ၅ ပေ၃ လက်မ အောက် အငယ်တန်းပြိုင်ပွဲဝင် ၁၁ ဦး၊ ၅ ပေ ၃ လက်မ အထက် အကြီးတန်းပြိုင်ပွဲဝင် ၁၉ ဦး ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ၅ ပေ ၃ လက်မအောက်မှ ပထမဆုကို မီမီကျော်နိုင်၊ ဒုတိယဆုကို အေးသန္တာခိုင်၊ တတိယဆုကို နှင်းသဇင်ဝေ တို့ကလည်းကောင်း၊ ၅ ပေ ၃ လက်မ အထက်မှ ပထမဆုကို သက်သက်ဝေ၊ ဒုတိယဆုကို ချိုးမိုးမင်း၊ တတိယဆုကို ခင်နီလာခိုင်တို့က ရရှိကြပြီး ကျင်းပရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ဆုရသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

■

❖ မြန်မာတစ်နိုင်ငံလုံးမှ

တွက်ချက်ပုံကွာခြားနေမှု၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တစ်ကျပ်သားလျှင် ၁၂ဝ ရွေးသတ်မှတ်ထားပြီး ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တစ်ကျပ်သားလျှင် ၁၂၈ ရွေး သတ်မှတ်ရောင်းဝယ်နေသောကြောင့် တစ်နိုင်ငံလုံး ခြားနားမှု မရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြားချက်များအပေါ် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ယခုကဲ့သို့ ပြောင်းလဲသတ်မှတ်ရောင်းဝယ်ခြင်းဖြင့် ရွှေရောင်းသူများနှင့် ရွှေဝယ်ယူသူများအတွက် နစ်နာမှုမရှိစေရန် လိုအပ်ကြောင်း ပြန်လည်ဆွေးနွေးရာ တာဝန်ရှိသူများက ရောင်းဝယ်မှုပုံစံအသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ရွှေတစ်ကျပ်သား၏ ဈေးနှုန်းကို ကမ္ဘာ့ရွှေဈေးနှင့် နှိုင်းယှဉ်ကြည့်လျှင် ကမ္ဘာ့ရွှေပေါက်ဈေးနှင့် ပြင်ပဒေါ်လာပေါက်ဈေးမြှောက်ပြီး ၁ ဒသမ ၈၇၅ ဖြင့် စား၍ ဈေးနှုန်းသတ်မှတ်ပြီး တော်လှန်ရေးကောင်စီလက်ထက်က ၁ ဒသမ ၉ဝ၄၇၆၁၉ဝ၅ ဖြင့် စား၍ တွက်ချက်ကြောင်း၊ တွက်ချက်မှုနှစ်ခု၏ ကွဲလွဲမှုအရ ဈေးနှုန်းကွာခြားချက် ဖြစ်ပေါ်နေခြင်းကြောင့် ရောင်းဝယ်သူများ နစ်နာမှုမရှိစေရန် တစ်ပြေးညီဖြစ်စေရန် ၂ဝ၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ၈ ရွေးဖြင့် တွက်ချက်ရောင်းချသွားရန်၊ အဆိုပါနေ့ အရင်က ဝယ်ထားသော ရွှေများကို ၇ ရွေး ၁ ခြမ်းဖြင့် တွက်ချက်ပြီး ပြန်ဝယ်ရန် ဆွေးနွေးခဲ့ကြသည်။ **အေးမြ(မန္တလေး)**

○ ရွှေဖုံးမှ

ကားလမ်း၊ အထက်မိဖိုင်းကျေးရွာကားလမ်းနှင့် မိတ္ထီလာကျေးရွာ ကားလမ်းတို့တွင် ရေပြန်ကျပြီဖြစ်၍ မော်တော်ယဉ်များ ပုံမှန်ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမမောင်းမြို့ မိတ္ထီလာကျေးရွာကားလမ်းတွင် ယခင်က တစ်မိုင်ခန့်ရေကျော်ခဲ့ရာ ယခုအခါ လမ်းအရှည် ပေ ၂ဝ ခန့်တွင် ရေအနက် နှစ်ပေခန့်သာ ရေကျော်လျက်ရှိရာ ယာဉ်ငယ်များအနေဖြင့် အခက်အခဲမရှိသွားလာလျက်ရှိကြောင်းနှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာရန် အနည်းငယ်ခက်ခဲလျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ်(ဘားအံ)

စာပေမြင့်မှ လူမျိုးတင့်မည်

စက်တင်ဘာလ ဒုတိယ ၁ဝ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလ(၁၆-၂၁)ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လက်ရှိရေမှတ်များအထက် တစ်ပေမှ သုံးပေခန့် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လက်ရှိရေမှတ်များအထက် သုံးပေမှ ငါးပေခန့် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

ပညာရေးဝန်ကြီးဌာနကဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း ကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများအတွက် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း (English Language Proficiency Upgrading Course) ကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဖွဲ့အစည်း ၂၅ ခုမှ အရာထမ်း ၅၂ ဦးနှင့် အမှုထမ်း ၁၀၄ ဦးတို့၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအတွက် ရက်သတ္တ ၁၂ ပတ်ကြာ သင်တန်းကို ဖွင့်လှစ်ကာ ကြိုဆိုပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း။

သင်တန်းသို့ အရာထမ်း ၃၆၂ ဦးနှင့် အမှုထမ်း ၇၀၂ ဦး စုစုပေါင်း ၁၀၆၄ ဦး လျှောက်ထားခဲ့ရာ ယခုသင်တန်းသို့ ပထမအသုတ်အဖြစ် တက်ရောက်ခွင့်ရရှိသော သင်တန်းသား ၁၅၆ ဦးကို လှိုက်လှဲစွာ ကြိုဆိုနှုတ်ခွန်းဆက်ကြောင်း၊ သင်တန်းတွင် တက္ကသိုလ်များမှ အင်္ဂလိပ်စာပါမောက္ခများနှင့် ဆရာ ဆရာမများက သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် တက္ကသိုလ်များကို ဆန်းသစ်ပြီး တီထွင်အားကောင်းလာစေရေးအတွက် အားပေးသွားမည်ဖြစ်ကြောင်း၊ ဘဝတစ်သက်တာ သင်ယူလေ့လာလိုသူများ၊ အလုပ်အကိုင်တွင် တိုးတက်လိုသူများအနေဖြင့် အင်္ဂလိပ်ဘာသာစကား သင်ယူလိုမှုများသည် အလွန်အမင်းမြင့်တက်လျက်ရှိနေကြောင်း၊ တိုင်းပြည်၏ အင်္ဂလိပ်ဘာသာစကား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအတွက် အင်္ဂလိပ်ဘာသာ စကားသင်တန်းကို လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး အစီအစဉ်တစ်ခုအဖြစ် ဖွင့်လှစ်လျက်ရှိကြောင်း၊ ဆက်လက်၍ အင်္ဂလိပ်ဘာသာစကားသင်တန်းများကို ပိုမိုဖွင့်လှစ်ပေးသွားမည်ဖြစ်သကဲ့သို့ ကိုရီးယား၊ တရုတ်၊ ဂျပန်ဘာသာစကားသင်တန်းများ၊ ဥပဒေနှင့် စီမံခန့်ခွဲမှု ပညာသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်းကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး ဆက်လက်၍ သင်တန်းများကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ပထမအကြိမ် စုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)တွင် ကျင်းပသော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီပထမအကြိမ် စုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၈ ခုနှစ် ဇွန် ၂၈ ရက်တွင် ဗဟိုကောင်စီဝင် ၆၀ ကို ရွေးချယ်တင်မြှောက် ခန့်အပ်နိုင်ခဲ့ကြောင်း။

ယနေ့ကျင်းပသော စုံညီအစည်းအဝေးတွင် ကောင်စီ၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း၊ ကောင်စီအနေဖြင့် နိုင်ငံတကာမှ သူနာပြုနှင့် သားဖွားအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ကောင်စီအနေဖြင့် သူနာပြုနှင့် သားဖွားများ၏ အရည်အသွေးပိုမိုမြင့်မားရေး၊ ကျင့်ဝတ်စည်းကမ်းများနှင့် ညီညွတ်စေရေးတို့ကို အထူးအလေးထားပံ့ပိုးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် သူနာပြုနှင့် သားဖွားများသည် ဆရာဝန်များ၊ အခြား ကျန်းမာရေးဝန်ထမ်းများနှင့် တန်းတူအရေးကြီးသဖြင့် ဝန်ကြီးဌာနအနေဖြင့် သူနာပြုနှင့်သားဖွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာထူးအခွင့်အလမ်းတိုးတက်ရေးတို့ကို အလေးပေး ဆောင်ရွက်လျက်ရှိပြီး သူနာပြုသားဖွား ဒီပလိုမာသင်တန်း၊ အထူးပြုသူနာပြုဒီပလိုမာသင်တန်း၊ သူနာပြုသိပ္ပံ (ပေါင်းကူး) Off-Campus Program၊ သူနာပြုသိပ္ပံ (ပေါင်းကူး) On-Campus Program၊ သူနာပြုသိပ္ပံသင်တန်းတို့ဖြင့် သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း။

လက်ရှိအခြေအနေတွင် သူနာပြုအင်အားနည်းပါးလျက်ရှိပြီး လိုအပ်ချက် များပြားလျက်ရှိခြင်းကြောင့် ဝန်ကြီးဌာနအနေဖြင့် သူနာပြုသင်တန်းကျောင်းများတွင် ယခင်နှစ်များက နှစ်စဉ်သင်တန်းသား ၁၈၀၀ သာခေါ်ယူရာမှ ယခု ၂၀၁၈ ခုနှစ်တွင် ၃၆၀၀ တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းနှင့် ပူးပေါင်း၍ သူနာပြုနှင့် သားဖွားများအရည်အသွေး ပိုမိုမြင့်မားရေး၊ စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သူနာပြုနှင့် သားဖွားများအနေဖြင့်လည်းအဓိကကျသော ကျွမ်းကျင်တတ်မြောက်မှု အရည်အချင်းစံသတ်မှတ်ချက် (Core Competency standard) ၁၁ ချက် ပြည့်မီစေရေးကိုလည်း ကြိုးစားကြစေလိုကြောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီအနေဖြင့် စုပေါင်းညီညာစွာဖြင့် အဖွဲ့အစည်းစိတ်ဓာတ်၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ ညှိနှိုင်းဆောင်ရွက်မှုတို့ဖြင့် သူနာပြုနှင့် သားဖွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားစေလိုပြီး ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယမန်နေ့ ညနေပိုင်းတွင်လည်း မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီပထမအကြိမ် စုံညီအစည်းအဝေး အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ **၂၀၁၈ ဆူဇူကီးမှ**

ခြေစစ်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပခဲ့ပြီး တီမောအသင်းသည် ပထမအကျော့အိမ်ကွင်းပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဒုတိယအကျော့အဝေးကွင်းပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။ တီမောအသင်းသည် အိမ်ကွင်းပွဲကို တီမောနိုင်ငံ၌ ကစားခြင်းမရှိဘဲ မလေးရှားနိုင်ငံ၌ အိမ်ကွင်းအဖြစ် လက်ခံကစားခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်ကို အသင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး တီမောနှင့် ဘရူနိုင်းအသင်းမှာ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့ရကာ ကျန်ကိုးသင်းမှာ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် ပုံစံသစ်အရ အုပ်စုပွဲများကို အိမ်ရှင်နိုင်ငံထားရှိခြင်းမရှိတော့ဘဲ ပြိုင်ပွဲဝင် အသင်းတစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ခ) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ကမ္ဘောဒီးယားနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် မလေးရှားနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ ၂၀၁၈ ပြိုင်ပွဲ အုပ်စုမဲနှိုက်ရေးဆွဲရာတွင် ၂၀၁၆ ပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည့် အသင်းများအားလုံး ယင်းအတိုင်း ပြန်လည်ပါဝင်ခဲ့ပြီး ယခုနှစ်တွင် တစ်အုပ်စုလျှင် ငါးသင်းဖြင့် ကျင်းပမည်ဖြစ်သောကြောင့် တစ်သင်းစီထပ်တိုးလာကာ မြန်မာအသင်းပါဝင်သောအုပ်စုတွင် လာအိုအသင်း ထပ်တိုးလာခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၆ ပြိုင်ပွဲတွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အဖွင့်ပွဲတွင် ဗီယက်နမ်အသင်းကို ရှုံးနိမ့်သော်လည်း ဒုတိယပွဲတွင် ကမ္ဘောဒီးယားကို သုံးဂိုး-တစ်ဂိုး၊ တတိယပွဲတွင် မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အိမ်ကွင်းလက်ခံကျင်းပမည့်နှစ်ပွဲအနက် ဗီယက်နမ်နှင့်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကစားမည်ဖြစ်သော်လည်း ကမ္ဘောဒီးယားနှင့်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပရန် စီစဉ်နေကာ ကုန်ကျစရိတ်များပြားပါက သုဝဏ္ဏကွင်း၌ပင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတစ်လျှောက် ဆီမီးဖိုင်နယ်သို့ နှစ်ကြိမ်သာတက်ရောက်ဖူးပြီး ၂၀၁၆ ပြိုင်ပွဲ ဆီမီးတွင် ထိုင်းအသင်းကို နှစ်ကျော့စလုံးရှုံးနိမ့်ကာ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ **ရှိုင်းထက်ဇော်**

သီပေါသီတဂူစက္ခုဒါန မျက်စိကုဆေးရုံမှ အခမဲ့မျက်စိကုသမည်

သီပေါ စက်တင်ဘာ ၉

စစ်ကိုင်းသီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ ဩဝါဒနှင့် မတည်ထောက်ပံ့မှုဖြင့် ၂၀၀၈ ခုနှစ် မတ် ၂၂ ရက်က စတင်ဖွင့်လှစ်၍ လူမျိုးဘာသာမရွေး၊ နေရပ်ဒေသမခွဲခြားဘဲ မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိစမ်းသပ်ကုသပေးခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်မှ ၄၂ ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ မျက်စိစမ်းသပ်ကုသပေးမည်ဖြစ်သည်။ သီပေါမြို့ သီတဂူစက္ခုဒါနဆေးရုံတော်သည် ပထမအကြိမ်မှ ၄၁ ကြိမ်မြောက်အထိ အခမဲ့မျက်စိစမ်းသပ်ပေးခဲ့သူ ၂၃၈၂၀ ဦးနှင့် မျက်စိခွဲစိတ်ကုသပေးခဲ့သူ ၄၈၉၈ ဦးရှိခဲ့ရာ ယခု ၄၂ ကြိမ်မြောက်တွင်လည်း စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းမှ စတင်စာရင်းလက်ခံ၍ စက်တင်ဘာ ၁၅ ရက်အထိ စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သီပေါကိုလတ်**

✽ **မြန်မာ ယူ-၁၉ မှ**

အသင်းသည် လူငယ်အမျိုးသားအသင်းများအပြင် အမျိုးသမီးကလပ်အသင်းများနှင့်လည်း ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး စက်တင်ဘာ ၆ ရက်တွင် ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲအဖြစ် စင်ကာပူ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ-ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ဂိုး-ဇူးလဲ့နဒီ၊ စိုးစန္ဒာအောင်၊ သရဖီအောင်၊ ထက်အိန္ဒြာလင်း၊ နောက်တန်း နန်းဇူးဇူးထက်၊ ဇင်ယော်ခင်၊ မိုးမိုးသန်း၊ ကြည်ပြာလင်း၊ သီတာဝင်း၊ အိအိကျော်၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေ၊ အေးအေးထွေး၊ သဇင်အောင်၊ အလယ်တန်း-မေဖူးကို၊ လင်းလဲ့ဦး၊ ဘွဲ့လျှန်ကိန်း၊ ခင်နှင်းဝေ၊ နှင်းမြသဇင်၊ ဝင်းစန္ဒာထွန်း၊ မိုးမမစိုး၊ ရွှေတန်း-စမ်းသော်သော်၊ လှိုင်လှိုင်မြင့်၊ ချိုချိုမြင့်၊ နွယ်နီဝင်း၊ လင်းမြင့်မိုရ်တို့ ပါဝင်ကြသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

နိုင်ငံအတွက်ရော၊ သတင်းမီဒီယာလောကအတွက်ရော ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့ ဒီကနေ့အသစ်ရွေးချယ်လိုက်တဲ့ မီဒီယာကောင်စီဝင် လူကြီးတိုင်းမှာ တာဝန်ရှိလာသလို အားလုံးပူးပေါင်းဆောင်ရွက်ဖို့လည်း ကြိုးစားနေကြပါတယ်

ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)

ရန်ကုန် စက်တင်ဘာ ၉

ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အလုပ်အမှုဆောင်ရွေးချယ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၈ ရက်က ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပရာ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အသစ် ၂၈ ဦးတို့က မဲပေးရွေးချယ်ခဲ့ကြရာ ဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဒေါက်တာမျိုးသန့်တင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်နိုင်(ထက်မြက်)၊ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးမြင့်ကျော်၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးလှိုင်းသစ်ဇင်ဝေ(သာလွန်ဇော်းထက်)၊ ဘဏ္ဍာရေးမှူး ဦးမင်းဟန်နှင့် စာရင်းစစ် ဦးသိမ်းစိုး (သီဟရတနာ) တို့ ရွေးချယ်တင်မြှောက်ခံရသည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အလုပ်အမှုဆောင်ရွေးချယ်ပွဲတွင် ရွေးချယ်ခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် လာမည့်နိုဝင်ဘာ ၁၂ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည့် ပထမအကြိမ် ရွေးချယ်တင်မြှောက်ခံထားရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ နေရာတွင် အစားထိုး တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

သို့ပါ၍ ရွေးချယ်ခံရသည့် အလုပ်အမှုဆောင်များနှင့်တွေ့ဆုံကာ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို မြန်မာ့သတင်းစဉ်မှ မေးမြန်းတင်ပြလိုက်ရပါသည်။

ဦးအုန်းကြိုင်

ဒေါက်တာမျိုးသန့်တင်

ဦးကျော်စွာမင်း

ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိ ၂၀၁၄ ခုနှစ် မီဒီယာအက်ဥပဒေ၊ ၂၀၁၅ ခုနှစ် နည်းဥပဒေ စတဲ့ဟာတွေနဲ့ မီဒီယာကျင့်ဝတ် စတဲ့အပိုင်းတွေကို ခေတ်နဲ့လျော်ညီအောင် ပြန်လည်ပြုပြင်ရေးဆွဲဖို့က အစီအစဉ်နံပါတ် (၁)ပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဥပဒေအရ သတင်းမီဒီယာတွေနဲ့ ပတ်သက်လို့ ကူညီဆောင်ရွက်ပေးနိုင်မယ့်အပိုင်းတွေမှာ အကန့်အသတ်တွေရှိတယ်။ အဲဒါတွေကို ခေတ်နှင့်လျော်ညီအောင် ပြန်လည်ပြုပြင်ရေးဆွဲဖို့၊ ပြဋ္ဌာန်းဖို့ ဒါတွေတိုင်ပင်ရမယ်။ ဆွေးနွေးရမယ်။ လွှတ်တော်မှာတင်ပြီး ဥပဒေပြဋ္ဌာန်းပေးဖို့လုပ်ရမယ်။ ဒီကိစ္စကတစ်ပိုင်း။ နောက်တစ်ခါ အရေးကြီးတဲ့ ကိစ္စတွေက နိုင်ငံတော်နဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ သတင်းမီဒီယာကောင်စီက ပါဝင်ပြီးတော့ ဆွေးနွေးဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတကာဖိအားတွေကြုံလာရင် သတင်းမီဒီယာကောင်စီကပါဝင်ပြီး ဆောင်ရွက်နိုင်ဖို့ စတဲ့အပိုင်းတွေကိုလည်း ဥပဒေမှာထည့်သွင်းပြဋ္ဌာန်းဖို့လိုမယ်။ အဲဒါလေးတွေ ဆောင်ရွက်ပေးဖို့လိုမယ်။ အခုလောလောဆယ် ICC (နိုင်ငံတကာရာဇဝတ်ခုံရုံး)က မြန်မာနိုင်ငံက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကို တရားစွဲဆိုဖို့ လာပြီးစုံစမ်းစစ်ဆေးမယ်ဆိုတဲ့ကိစ္စတွေမှာ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာတဲ့ကိစ္စ၊ ဝင်ရောက်စွက်ဖက်ချင်တဲ့ကိစ္စတွေ အဲဒါမျိုးတွေအပိုင်းမှာ လက်ရှိမီဒီယာကောင်စီဥပဒေက အားနည်းတယ်။ အဲဒါကြောင့် ဒါတွေကို လုပ်ပိုင်ခွင့်ရဖို့၊ ပြန်လည်ပြင်ဆင်ဖို့ အရေးကြီးပါတယ်။ ဒုတိယအချက်က မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီကနေ့သတင်းစာသမားတွေ၊ လူငယ်သတင်းသမားတွေ၊ ပညာရေးအရ သတင်းမီဒီယာ အတွေ့အကြုံအရ၊ သတင်းစာကျင့်ဝတ်တွေအရ အားနည်းချက်တွေရှိတယ်။ ဒါတွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် သတင်းစာတက္ကသိုလ်၊ သတင်းစာပညာသင်တဲ့ကျောင်း၊ သတင်းမီဒီယာသင်တဲ့ကျောင်း သို့တည်းမဟုတ် သတင်းမီဒီယာသင်တဲ့တက္ကသိုလ်လိုမျိုး ဖွင့်လှစ်တည်ထောင်နိုင်အောင် ကြိုးစားဖို့အစီအစဉ်ရှိပါတယ်။ အဲဒီလုပ်ငန်းတွေကို နိုင်ငံအတွက်ရော၊ သတင်းမီဒီယာလောကအတွက်ရော ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြဖို့ ဒီကနေ့အသစ်ရွေးချယ်လိုက်တဲ့ မီဒီယာကောင်စီဝင် လူကြီးတိုင်းမှာ တာဝန်ရှိလာသလို အားလုံးပူးပေါင်းဆောင်ရွက်ဖို့လည်း ကြိုးစားနေကြပါတယ်။

ဒေါက်တာမျိုးသန့်တင် (ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)

မီဒီယာနဲ့ပတ်သက်ပြီး ယာယီကောင်စီစဖွဲ့ကတည်းက ကျွန်တော့်အနေနဲ့ ဆောင်ရွက်လာတာပါ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီကို သွားနေကြပြီဆိုတော့ သတင်းနဲ့ပတ်သက်တာတွေက အလွန်အရေးကြီးပါတယ်။ တကယ်ပဲ သတင်းလွတ်လပ်ခွင့်၊ သတင်းသိပိုင်ခွင့် လုပ်ရတာလည်း ကျွန်တော့်အနေနဲ့ နိုင်ငံအတွက် တာဝန်ထမ်းဆောင်နေရတယ်လို့ပဲ မှတ်ယူပြီး လေးလေးစားစားနဲ့ လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ သတင်းမီဒီယာဥပဒေဖွဲ့ဖို့ ယာယီကောင်စီအနေနဲ့ စလုပ်ခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ ဥပဒေထုတ်ဖြစ်တယ်။ နောက်ပြီး နည်းဥပဒေထုတ်ဖြစ်တယ်။ ကျင့်ဝတ်အပါအဝင်ပေါ့။ ပထမအကြိမ်ပြီးခဲ့တဲ့သုံးနှစ်က ဝင်ပြီးပါဝင်ဆောင်ရွက်နိုင်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော့်အနေနဲ့ ဒုတိယဥက္ကဋ္ဌ(၂) အနေနဲ့ဆောင်ရွက်ရပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ အဓိကကြည့်တာက တည်ဆဲမီဒီယာဥပဒေ၊ နည်းဥပဒေနဲ့ ကျင့်ဝတ်အခြေခံပြီးတော့ အဲဒီအတိုင်း ဆောင်ရွက်နေတဲ့ မီဒီယာသမားတွေကို ကျွန်တော်တို့က ပံ့ပိုးပေးမယ်။ ကူညီပေးမယ်။ ဆောင်ရွက်ပေးမယ်။ သူတို့လိုအပ်ချက်တွေကို ဖြည့်ပေးမယ်စသည်ဖြင့် သူတို့ကို ရပ်တည်ပေးတာပါ။ အဓိကတစ်ချက်ပါ။ ကွန်ပလိန်းတွေတက်လာရင် ဥပဒေကျင့်ဝတ်နဲ့အညီ မီဒီယာသမားတွေဘက်က ဆောင်ရွက်လို့ရှိရင် သူတို့ဘက်ကရပ်တည်ပြီး အားလုံးကို ဟိုဘက်ဒီဘက် ပြေပြေလည်လည်ဖြစ်အောင် အဓိကဥပဒေနဲ့အညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ သတင်းကို အခြေခံပြီးတော့ မီဒီယာကောင်စီ ပေါ်လာပြီးနောက်ပိုင်းမှာလည်း ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး တော်တော်ကို အရေးပါတဲ့ကိစ္စတွေမှာ ပါဝင်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ လုပ်ဖို့တွေလည်း အများကြီးလိုတယ်။ နိုင်ငံအတွက်သတင်းဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာလည်း သဘောပေါက်တယ်။ ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအကြိမ် သက်တမ်းမှာ ပါဝင်ခွင့်ရပြီးတော့ ကျွန်တော် ဒုတိယဥက္ကဋ္ဌ(၁)အနေနဲ့ ဆောင်ရွက်ခွင့်ရတဲ့အတွက် ပိုပြီးတော့ အားရှိတယ်။ အတွေ့အကြုံတွေလည်း ရှိလာတယ်။ ပြီးခဲ့တဲ့ရက်က ဖွဲ့လိုက်တဲ့ အဖွဲ့မှာလည်း ကျွန်တော်တို့နဲ့ လုပ်ရကိုင်ရတာ အားလုံး တက်ညီလက်ညီလုပ်ကြမယ့်အဖွဲ့တွေ ဖြစ်နေလို့ အားလည်းရတယ်။ ဆက်ပြီးတော့ နောက်သုံးနှစ်မှာ အကောင်းဆုံးဆောင်ရွက်သွားမှာပါ။

ဦးကျော်စွာမင်း (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)

သတင်းမီဒီယာ ကောင်းကျိုးအတွက် သတင်းမီဒီယာဥပဒေပြဋ္ဌာန်းတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်သွားဖို့ ရှိပါတယ်။ ဆောင်ရွက်ဖို့ ကျန်နေသေးတဲ့ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ရေးကိစ္စတွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်။ နောက်တစ်ခါ ဆက်လက်ဆောင်ရွက်သွားဖို့က သတင်းသမားတွေနဲ့ မဏ္ဍိုင် (၃)ရပ်အကြား၊ စတုတ္ထမဏ္ဍိုင်နဲ့ ကျန်တဲ့မဏ္ဍိုင်သုံးရပ်အကြားမှာ သတင်းစီးဆင်းမှု လျင်မြန်စေရေးနဲ့ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရေးအတွက် မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲတွေလည်း ဆောင်ရွက်သွားဖို့ရှိပါတယ်။ နောက်တစ်ခုက သတင်းမီဒီယာသမားတွေရဲ့ အရည်အချင်းတွေ မြှင့်တင်ဖို့အတွက် သတင်းစာသင်တန်းကျောင်းတွေ ဆောင်ရွက်သွားဖို့ ဒါမျိုးတွေလုပ်ဖို့ရှိပါတယ်။ ကောင်စီအသစ်မှာတော့ အရင်ထက်စာရင် ပိုကောင်းလာမယ်လို့ထင်တယ်။ ပထမသုံးနှစ်သက်တမ်းက ဥပဒေပြဋ္ဌာန်းပြီး သတင်းမီဒီယာကောင်စီကနေ ဥပဒေပြဋ္ဌာန်းတယ်။ သတင်းမီဒီယာကောင်စီက ဥပဒေအတိုင်းဆောင်ရွက်တာရှိတယ်။ ဒီထဲမှာလည်း ခေါင်းဆောင်ပိုင်းတချို့ အပြောင်းအလဲရှိတာကြောင့် ပထမသုံးနှစ်ခရီးမှာ ထင်တိုင်းမပေါက်ခဲ့ဘူး။ လုပ်ချင်တာတွေက များတယ်။ ဒါပေမယ့် ဒီထဲမှာလည်း ကျွန်တော်တို့ အသားမကျသေးတဲ့ အပိုင်းတွေရှိတဲ့အတွက် သတင်းမီဒီယာလောကသားတွေ အားမလိုအားမရဖြစ်ကောင်းဖြစ်မယ်။ လာမယ့်သက်တမ်းသုံးနှစ်အတွင်းမှာ ပြီးခဲ့တဲ့သက်တမ်းက အားနည်းချက်တွေကို ပြန်သုံးသပ်တယ်။ အထိုင်ကျလာပြီဆိုတော့ သတင်းမီဒီယာသမားတွေအတွက် အားကိုးရလောက်တဲ့ သတင်းမီဒီယာကောင်စီဖြစ်လာဖို့ မျှော်လင့်လို့ရပါတယ်။ ဒါကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)
ဓာတ်ပုံ-နေလင်း

ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အလုပ်အမှုဆောင်ရွေးချယ်ပွဲ ကျင်းပစဉ်။

သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေးဟောပြော

ထန်းတပင် စက်တင်ဘာ ၉

သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် နဲသမိန်ရဲကင်း စခန်းမှူး ရဲအုပ်ဝင်းညွန့်က သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ မှုခင်းမဖြစ်ပွားစေရေးအတွက် သတိပြုရှောင်ကျဉ်ရမည့်အချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များအကြောင်း တို့ကို ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆောင်ရွက်

ဘားအံ စက်တင်ဘာ ၉

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းစုပေါင်းရုံးရှေ့တွင် စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီက ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး၊ ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ဘားအံမြို့မ ရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကညနမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများက ဆိုင်ကယ်မောင်းနှင်သူများအား အန္တရာယ် မဖြစ်ပွားစေနိုင်ရေး ဦးထုပ်ဆောင်းရန်နှင့် ဦးထုပ်များတွင် ရောင်ပြန်စတစ်ကာများ ကပ်ပေးပြီး ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းသူ(ဘားအံ)

နိုင်ငံပိုင်သတင်းစာလုပ်ငန်း အရှုံးဖြစ်ပေါ်နိုင်ခြင်းနှင့် စပ်လျဉ်း၍...

သပြေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်သတင်းစာလုပ်ငန်း အရှုံးပေါ်နိုင်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းဆွေးနွေးချက်သည် ပြည်သူအများ စိတ်ဝင်စားဖွယ်အကြောင်းအရာတစ်ခုအဖြစ် ထွက်ပေါ်လာခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးက နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံတော်၏ အရင်းအမြစ်များကို သုံးထားပြီး ဈေးကွက်ဝေစု အကြီးမားဆုံး ရရှိထားသည့်အပြင် ကြော်ငြာလည်း အများကြီးရထားပါလျက် အရှုံးဖြစ်ပေါ်ရမှုအခြေအနေကို မေးမြန်းထားခြင်းဖြစ်သည်။

သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရေး

ပြန်ကြားရေးဝန်ကြီးဌာနတွင် ဌာနကြီး(၄)ခုရှိပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတစ်ခုသာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွင်ပါဝင်သည်။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နိုင်ငံပိုင်သတင်းစာကြီးများဖြစ်သော သက်တမ်း နှစ် ၁၀၀ ကျော်ရှိသည့် မြန်မာ့အလင်းသတင်းစာနှင့် သက်တမ်း နှစ် ၆၀ ကျော်ရှိသည့် ကြေးမုံသတင်းစာတို့အပြင် ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းပြီး အင်္ဂလိပ်ဘာသာဖြင့် The Global New Light of Myanmar သတင်းစာကို ထုတ်ဝေလျက်ရှိပါသည်။

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းသက်သက် မဟုတ်ရာ ငွေကြေးအမြတ်အစွန်းရရှိရေးထက် ပြည်သူလူထုထံ သတင်းစာများ ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေး၊ အများပြည်သူထံ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရေးတို့ကို ပို၍အလေးထား ဆောင်ရွက်ရပါသည်။ ထိုသို့ ဆောင်ရွက်သည့်တိုင် နှစ်စဉ်အရှုံးမရှိခဲ့ဘဲ ဝင်ငွေတိုးတက်ရရှိသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေသို့ ဝင်ငွေရှာဖွေပေးသွင်းနိုင်လျက်ရှိပါသည်။

သို့သော်လည်း ၂၀၁၈ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိဖြစ်သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံပိုင်သတင်းစာလုပ်ငန်း၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းတွက်ချက်မှုတွင် အသုံးစရိတ်သည် ဝင်ငွေထက်ပိုမိုနေပြီး အရှုံးဖြစ်ပေါ်နိုင်မည့် ကိန်းဂဏန်းတစ်ရပ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ အရှုံးဖြစ်ပေါ်နိုင်ခြင်း၏ အကြောင်းရင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာမှုကြောင့် သတင်းစာလုပ်ငန်းတွင် အသုံးပြုရသည့် စက္ကူ မင် အပါအဝင် ကုန်ကြမ်းဈေးနှုန်းတိုးမြင့်လာခြင်း၊ နည်းပညာပြောင်းလဲတိုးတက်မှုအရ Online Media အသုံးများလာပြီး ပုံနှိပ်မီဒီယာတစ်ခုဖြစ်သော သတင်းစာလုပ်ငန်းတွင် ကြော်ငြာထည့်သွင်းမှု လျော့နည်းလာခြင်းများကြောင့်ဖြစ်ရာ ဝင်ငွေမှာ ၂၀ ဒသမ ၃၇၄ ဘီလီယံ၊ အသုံးစရိတ်မှာ ၂၁ ဒသမ ၅၃၇ ဘီလီယံဖြစ်သောကြောင့် အရှုံးဖြစ်ပေါ်နိုင်မှုမှာ ငွေကျပ်သန်း ၁၁၅၇ ဒသမ ၅၇၇ သန်းခန့်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပါသည်။

ကျေးလက်ဒေသများသို့ သတင်းစာရောက်ရှိရေး

သို့ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကို အရှုံးမဖြစ်ပေါ်စေရန်အတွက် နည်းလမ်းမျိုးစုံရှာဖွေပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသများသို့ သတင်းစာရောက်ရှိရေးအပါအဝင် စောင်ရေတိုးမြှင့်ရေး၊ အသုံးစရိတ်များ လျော့နည်းနိုင်သမျှ လျော့နည်းကျဆင်းစေရေးနှင့် ကြော်ငြာဝင်ငွေကို အတိုင်းအတာတစ်ခုအထိ တိုးတက်ရရှိရေးတို့ကို စိစစ်ပြီး အလေးထားဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

နိုင်ငံပိုင်သတင်းစာများအနေဖြင့် ကြော်ငြာဝင်ငွေတိုးတက်ရရှိရေး

> **နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်၊ စာစောင် လုပ်ငန်းများနည်းတူ ထိုက်သင့်သည့် အခွန်အခများကိုလည်း ပေးဆောင်လျက်ရှိသည်။ အထူးသဖြင့် သတင်းစာရောင်းချမှုအပေါ် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော် ထည့်ဝင်ငွေအဖြစ်လည်းကောင်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းလျက်ရှိ**

> **ဝင်ငွေနှင့်ထွက်ငွေကို နှိုင်းယှဉ်ပြီး သတင်းစာတန်ဖိုးကို ဈေးနှုန်းလျှော့ချ ဖြန့်ချိရောင်းချပေးနိုင်မှုကြောင့် နှစ်စဉ်အရှုံးမရှိခဲ့ဘဲ အမြတ်ငွေကို နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းနိုင်ခြင်းဖြစ်**

အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နေသော်လည်း ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်၊ စာစောင်များ၏ ကြော်ငြာဈေးကွက်ကို ထည့်သွင်းစဉ်းစားချင့်ချိန်ပြီး ဆောင်ရွက်နေခြင်းမျိုးလည်း ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြားညှပ်ပြီး ထည့်သွင်းဖြန့်ချိနေသည့် ကြော်ငြာအချပ်ပို (၈)မျက်နှာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ရပ်ဆိုင်းပေးခဲ့ခြင်းသည် အထင်ရှားဆုံး သာဓကဖြစ်ခဲ့ပါသည်။

ဌာန၏ OA စာရင်းမှ ကျခံသုံးစွဲနေ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ သာမန်အသုံးစရိတ်များထဲမှ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် စက္ကူ၊ မင်၊ ပုံနှိပ်ရေးပစ္စည်းနှင့် စက်အရန်ပစ္စည်း၊ စက်သုံးဆီဝယ်ယူမှု၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်ထည့်ဝင်ငွေတို့အား မိမိဘဏ္ဍာရန်ပုံငွေ Other Account (OA)မှ သုံးစွဲပြီး ငွေလုံးငွေရင်းအသုံးစရိတ်၊ စီမံခန့်ခွဲမှုစရိတ်၊ လစာပင်စင်နှင့် ရောင်းချဖြန့်ဖြူးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့ရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သာမန်အသုံးစရိတ်များအားလုံးကို ဌာန၏ OA စာရင်းမှသုံးစွဲကာ ငွေလုံးငွေရင်းအသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း (၈၄၇)ဦး၏ ပင်စင်လစာငွေများအပါအဝင် သာမန်အသုံးစရိတ်များအားလုံးနှင့် ငွေလုံးငွေရင်း အသုံးစရိတ်များအားလုံးကို ဌာန၏ OA စာရင်းမှသာ ကျခံသုံးစွဲနေခြင်း ဖြစ်ပါသည်။

နိုင်ငံဘဏ္ဍာငွေမှ ကုန်ကျစရိတ်များစွာသက်သာမှု ရရှိ

ထိုကဲ့သို့ လုပ်ငန်းသုံး ရင်းနှီးငွေဖြစ်သည့် Other Account (OA) ကို စုဆောင်းထားရှိနိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းသုံးရင်းနှီးငွေများမှ ဝန်ထမ်းများ၏ လစာငွေ၊ အငြိမ်းစားဝန်ထမ်း ၉၀၀ နီးပါး၏ ပင်စင်လစာငွေနှင့် သာမန်အသုံးစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်များအားလုံးကို ယင်းစုဆောင်းငွေများထဲမှပင် သုံးစွဲနိုင်ခြင်းဖြစ်ရာ နိုင်ငံဘဏ္ဍာငွေမှ ကုန်ကျစရိတ်များစွာသက်သာမှု ရရှိစေပါသည်။

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်၊ စာစောင် လုပ်ငန်းများနည်းတူ ထိုက်သင့်သည့် အခွန်အခများကိုလည်း ပေးဆောင်လျက်ရှိသည်။ အထူးသဖြင့် သတင်းစာရောင်းချမှုအပေါ် အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်ထည့်ဝင်ငွေအဖြစ်လည်းကောင်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းလျက်ရှိနေပါသည်။

သို့သော်လည်း ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ လျှော့ပေါ့သက်သာခွင့်ရရှိမည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းနှင့် အကောက်ခွန် ၃ ရာခိုင်နှုန်းတို့ကိုလည်း ပုဂ္ဂလိကလုပ်ငန်းများနည်းတူ တွက်ချက်ဆောင်ရွက်မည်ဆိုပါက ယခုခန့်မှန်းတွက်ချက်ထားသည့် အရှုံးဖြစ်ပေါ်နိုင်မှုမှ အရှုံးပမာဏများစွာ လျော့နည်းကျဆင်းသွားမည်ကို စိစစ်တွေ့ရှိရပါသည်။

နှစ်စဉ် အရှုံးမရှိခဲ့

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေသော (၃၂) မျက်နှာပါဝင်သည့် သတင်းစာတစ်စောင်၏ ထုတ်လုပ်မှုတန်ဖိုးမှာ (၁၁၅) ကျပ်ခန့်ဖြစ်သော်လည်း အမြတ်အစွန်းကို အဓိကမထားဘဲ အများပြည်သူတို့ ဈေးနှုန်းချိုသာစွာဖြင့် သတင်းစာဖတ်ရှုနိုင်ရန်အတွက် ပင်ရင်းဈေးနှုန်း ငွေကျပ် ၅၀ ဖြင့်သာ ဈေးနှုန်းလျှော့ချပြီး ဖြန့်ချိပေးနေခြင်းလည်းဖြစ်သည်။

ထိုသို့ **ဝင်ငွေနှင့်ထွက်ငွေကို နှိုင်းယှဉ်ပြီး သတင်းစာတန်ဖိုးကို ဈေးနှုန်းလျှော့ချ ဖြန့်ချိရောင်းချပေးနိုင်မှုကြောင့် နှစ်စဉ်အရှုံးမရှိခဲ့ဘဲ အမြတ်ငွေကို နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းနိုင်ခြင်းဖြစ်**ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ အမြတ်ရရှိမှုအခြေအနေကို ထုတ်နုတ်ဖော်ပြလိုက်ပါသည်-

စဉ်	ဘဏ္ဍာနှစ်	အမြတ်ရရှိမှု
(က)	၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်	၄၄၂၀. ၆၅၇ ကျပ်သန်း
(ခ)	၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်	၃၈၀၉. ၉၄၁ ကျပ်သန်း
(ဂ)	၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်	၃၅၉၉. ၂၅၁ ကျပ်သန်း
(ဃ)	၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်	၁၂၄၆. ၈၄၅ ကျပ်သန်း
(င)	၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်	၁၁၇၃. ၂၇၄ ကျပ်သန်း
(စ)	၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်	၁၉၄၀. ၄၈၉ ကျပ်သန်း
(ဆ)	၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်	၁၉၃၃. ၄၅၈ ကျပ်သန်း
(ဇ)	၂၀၁၈ ခု၊ ပထမ(၆)လလျာထားချက်	၃၅၉. ၁၂၇ ကျပ်သန်း

ပြည်သူတို့၏ ယုံကြည်မှုနှင့် အားပေးမှု

ထိုကဲ့သို့ **အမြတ်ငွေရရှိခဲ့ခြင်း အကြောင်းရင်းမှာ နိုင်ငံပိုင်သတင်းစာသည် ပြည်သူတို့၏ ယုံကြည်မှုနှင့် အားပေးမှုကြောင့်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပြီး ကြော်ငြာဝင်ငွေရရှိမှုနှင့်အတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည်လည်း အောင်မြင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ခြင်းဖြစ်**ပါသည်။

လာမည့် **၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း မြင့်တက်လာမှုအပေါ် အခြေခံပြီး အသုံးစရိတ်တိုးမြှင့်လာမည့် အနေအထားတစ်ရပ် ဖြစ်ပေါ်လာသော်လည်း သတင်းစာဈေးနှုန်း တိုးမြှင့်ရောင်းချမှုကို လွယ်ကူစွာပြုလုပ်မည်မဟုတ်**ဘဲ အထက်တွင် ရေးသားဖော်ပြသကဲ့သို့ နည်းလမ်းများစွာရှာဖွေပြီး စနစ်တကျ စီမံခန့်ခွဲမှုဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ကို သိစေလိုခြင်းဖြစ်ပါသည်။

အကယ်၍ **နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော နိုင်ငံပိုင်သတင်းစာလုပ်ငန်းကို အရှုံးမဖြစ်ပေါ်စေရန်အတွက် ဈေးနှုန်းတိုးမြှင့်မှုကို မလွှဲမရှောင်သာ ပြုလုပ်ရမည်ဆိုပါကလည်း ချင့်ချိန်တွက်ဆ၍သာ ဆောင်ရွက်ရမည်**ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

ရင်ထဲက စစ်ကိုင်း

သရက်တန်းစိုးရွှေ(စိတ်ပညာ)

စစ်ကိုင်း. . စစ်ကိုင်း . . စစ်ကိုင်းရယ်လို့ ပြောလိုက်တာနဲ့ အဝေးကနေ မြင်နေရတဲ့ စစ်ကိုင်းတောင်တန်းကြီး ရယ်၊ ဧရာဝတီမြစ်ရယ်၊ စစ်ကိုင်းတံတားကြီးနှင့်အတူ စိမ်းစိုလန်းဆန်း စိန်ပန်းပင်တန်းတွေရဲ့ပုံရိပ်က နှလုံးသားထဲ ပန်းချီကားတစ်ချပ်နှယ် ပေါ်လာစမြဲပင်ဖြစ်သည်။ ရင်ထဲစွဲနေတဲ့ စစ်ကိုင်း၊ သမိုင်းခိုင်မာတဲ့စစ်ကိုင်း၊ လေ့လာမကုန်နိုင်တဲ့စစ်ကိုင်း၊ သာသနာ့နယ်မြေရယ်လို့ အများသိတဲ့ စစ်ကိုင်းဖြစ်နေသည်မို့ စစ်ကိုင်းနှင့်ပတ်သက်သည့် စာအုပ်များကို ဝယ်မြဲ ဖတ်မြဲ လေ့လာမြဲပင်ဖြစ်သည်။ သာယာဝေစည် ဖေယျာရွှေပြည်ဆိုတဲ့ စာအုပ်ကိုပိုက်ပြီး အခြားစစ်ကိုင်းအကြောင်း ရေးထားတဲ့ စာအုပ်တွေကိုဖတ်ရင်း စစ်ကိုင်းရသကို ခံစားမြဲပင်ဖြစ်သည်။

စစ်ကိုင်းဆိုပြီး နှုတ်က ဖွင့်လိုက်မိသည်နှင့် ကာရံများစွာ၊ စစ်ကိုင်းတေးများစွာက အလိုလိုပေါ်လာမြဲပင်ဖြစ်သည်။ သမိုင်းပြောင်မည့်ုး စစ်ကိုင်းတောင်ရိုးလို့ တင်စားထားတဲ့အသံလေးက နှလုံးသားကို ထိခတ်သွားမြဲပင်ဖြစ်သည်။ တိုးတက်ပြောင်းလဲလာသော ခေတ်တွင် ခေတ်နှင့်အညီ တင်စားထားသည်က တံတားညီနောင် မြစ်ညီအစ်မလို့ စာပန်းချီဖွဲ့သီကာ ဧရာဝတီတံတား (ရတနာပုံ)၊ အင်းဝတံတား(စစ်ကိုင်းတံတား)၊ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်တို့ရဲ့အလှကို ခံစားမိမြဲပင်ဖြစ်သည်။ လှေငယ်၊ သင်္ဘော၊ ဖောင်တွေမျှောနေတဲ့မြင်ကွင်းနှင့် စစ်ကိုင်းတောင်တော်မြင်ကွင်းရယ်ကတော့ နတ်များပင် ရေးမမီနိုင်သည့် အလှပန်းချီကားပင် ဖြစ်နေပေသည်။

စစ်ကိုင်းရယ်လို့ ထပ်ပြောမိလိုက်သည်နှင့် အသင်္ခယာစောယွမ်းဆိုသော အမည်ကိုရွတ်ဆိုမိသွားမြဲပင်ဖြစ်သည်။ စစ်ကိုင်းမြို့ကို အသင်္ခယာစောယွမ်းက သက္ကရာဇ် ၆၇၇ တွင် အတုလဝတီမြို့ကို တည်ထောင်ခြင်းကအစပြု ရေတွက်မိသမျှ စစ်ကိုင်းမြို့က အနှစ် ၇၀၀ ပြည့်သွားပါလားလို့ ရွတ်ဆိုမိသွားပေသည်။ ရှေးစာဆိုတို့ကတော့ ချောင်ကိုးချောင် တောင်ကိုးတောင်မှ စခဲ့တယ်လို့ ဆိုထားပါလားဆိုပြီး တစ်မျှော်တစ်ခေါ် ငေးမျှော်မိမြဲပင်ဖြစ်သည်။ အတွေးထဲတွင် စစ်ကိုင်းမြို့အကြောင်း ဆင့်ကာဆင့်ကာ ဝင်လာပေသည်။ ရှေးရှေးအခါ စစ်ကိုင်းအရပ်တွင် လူတို့ မြို့ပြမတည်ထောင်မီကာလက စစ်ကိုင်းတောင်က ဘီလူးတို့နေထိုင်ခဲ့တယ်ဆိုတာကို တွေးလိုက်မိတယ်။ တောင်ပေါ်မှာ ဘီလူးတစ်ကျိပ်၊ သောတပန်တွင် ဘီလူးငါးရာ၊ ဇေတဝန်တွင် ဇေတဘီလူးအမှူးပြုတဲ့ ဘီလူးခုနစ်ရာအပါအဝင် ဘီလူးပေါင်းတစ်ထောင့်နှစ်ရာ ကျော်နေထိုင်တယ်လို့ ဆိုထားတဲ့သမိုင်းများနှင့် စစ်ကိုင်းပင်ဖြစ်သည်။ ဘီလူးများစွာ ငြိမ်းချမ်းသာယာစေတဲ့ အဖြစ်ကိုလည်း တွေးမိသမျှ ငြိမ်းချမ်းခြင်းများနှင့် စစ်ကိုင်းဟုပင် ပြောလိုက်မိပေသည်။ ဘီလူးများစွာနေသည့် စစ်ကိုင်းဆီသို့ ဘုရားရှင်ကြွရောက်ပြီး တရားရေအေး တိုက်ကျွေးတာကြောင့် အကျွတ်တရားရသွားရာ စစ်ကိုင်းဖြစ်နေသည်မို့ ငြိမ်းချမ်းသာယာသော နယ်မြေရယ်လို့ အတွေးဝင်သွားမိပေသည်။

> ❛ လှပလွန်းတဲ့ စစ်ကိုင်းတောင်။ ဘာသာသာသနာ ထွန်းကားပြီး စေတီပုထိုးပေါ်များပုံက နှိုင်းလိုက်သည့်အနှိုင်းက စစ်ကိုင်းတောင် ဗျိုင်းတောင်သို့ဖွေး တဲ့။ ရဟန်းပညာရှိ၊ လူပညာရှိတွေ ထွက်ပေါ်ရာနေရာဖြစ်ပြီး တောင်ထွတ်ပေါင်း ၅၀ နဲ့ ဖွဲ့စည်းထားတဲ့ သမိုင်းဝင်တောင်တော်ပါလား။ ❜

စစ်ကိုင်းတောင်တော်ပေါ် မျှော်ငေးနေသည့်အခိုက် မျက်လုံးအမြင်တွင် အစဉ်လွှမ်းမိုးနေသည်က စေတီပုထိုးများပင်ဖြစ်သည်။ စေတီပုထိုးများစွာနှင့်အတူ စစ်ကိုင်းတောင်တော်ကို မြင်လိုက်သည်နှင့် ရင်ထဲကို အလိုလိုအေးသွားပေသည်။ အေးချမ်းသောစိတ်နှင့်အတူ ပတ်ဝန်းကျင်ကိုကြည့်လိုက်မိသည့်အခိုက် စိမ်းလန်းစိုပြည်နေသည့် စစ်ကိုင်းတောင်တော်ပေါ်တွင် မြူခိုးများဝေနေသည်ကို မြင်ရမြဲပင်ဖြစ်သည်။ လှလွန်းသည့် စစ်ကိုင်းတောင်ကို မြင်လိုက်မိခြင်း၏အဆုံးတွင် ဆရာမြို့မငြိမ်း၏ စစ်ကိုင်းတောင်သီချင်းကိုသတိရပြီး အလိုလိုဆိုလိုက်မိပေသည်။

သမိုင်းပြောင်မည့်ုး . . စစ်ကိုင်းတောင်တော်ရိုးမှာလေ . . မြူခိုးယှက်ဆိုင်းပြာမှိုင်းမှုန်ရီဝေ . . မှုန်မှုန်ရီဝေ . . စေတီပုထိုးဘုရားမိုးဖျားမြင့်သီခေါင်ဗွေ-- တောင်ခြေစိမ်းလန်း . . ချောင်တွေသိန်းသန်း ခေမာသောင်ကမ်းတက်လှမ်းအောင်မြေ . . မေခါဝီလေး. . တောမှီထုံးနဲ့ . . ယောဂီသုံးရှာပေ. . တဲ့။ စစ်ကိုင်းတောင်သီချင်းဆိုလိုက်မိသည်နှင့် စစ်ကိုင်းတောင်၏ အလှများက ရင်ထဲပိုမိုထိခတ်သွားပေသည်။

လှပလွန်းတဲ့စစ်ကိုင်းတောင်။ ဘာသာသာသနာ ထွန်းကားပြီး စေတီပုထိုးပေါ်များပုံက နှိုင်းလိုက်သည့် အနှိုင်းက စစ်ကိုင်းတောင် ဗျိုင်းတောင်သို့ဖွေးတဲ့။ ရဟန်းပညာရှိ၊ လူပညာရှိတွေ ထွက်ပေါ်ရာနေရာဖြစ်ပြီး တောင်ထွတ်ပေါင်း ၅၀ နဲ့ဖွဲ့စည်းထားတဲ့ သမိုင်းဝင်တောင်တော်ပါလား။

စစ်ကိုင်းကိုရောက်တိုင်း စစ်ကိုင်းတောင်ပေါ်ကို အရောက်သွားမိတယ်။ သဘာဝအလှအပတွေခံစားရင်း ဘုရားစုံဖူးတယ်။ တောင်ပေါ်သွားတဲ့အခါ ဆွမ်းဦးပုညရှင်စေတီကို ဖူးရင်း အရှေ့ဘက်ဆီ မျှော်ကြည့်လိုက်မိတယ်။ အို လွမ်းစရာအတိ။ ရစ်ခွေစီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးဆီကို ဒုဋ္ဌဝတီမြစ်က လာပေါင်းပြီး ကလူ၏သို့ မြူ၏သို့ပါလား။ မြစ်ပြင်ပေါ်မှာတော့ တံတားညီနောင်ရဲ့အလှက ကြည့်မဝဘူးပေါ့။ စစ်ကိုင်းသီချင်းတွေဆိုရင်း ရွှေတောင်ဦးမော်စေတီဆီ သွားမိတယ်။ ရွှေတောင်ဦးမော်စေတီကို ဖူးမြော်ပြီးတာနဲ့ ရွှေတောင်ဦးမော်ရှုမျှော်ခင်းကနေ ဧရာဝတီအလှကို ခံစားလိုက်မိတယ်။

သမိုင်းဝင်တဲ့ စစ်ကိုင်းမြို့။ ဘုရားစေတီတိုင်းက စိတ်ဝင်စားစရာဇာတ်လမ်းလေး အစီအရီနှင့်ပင်။ စစ်ကိုင်းရောက်တဲ့အခါ ဘုရားစုံဖူးဖြစ်အောင် ကြိုးစားမိတယ်။ ဆွမ်းဦးပုညရှင်စေတီ၊ ကောင်းမှုတော်စေတီ၊ ထူပါရုံစေတီ၊ ငါးထပ်ကြီးဘုရား၊ တောင်ဖီလာစေတီ၊ လေးကျွန်းမာန်အောင်စေတီ၊ ရွှေမုဋ္ဌော၊ သစ္စာစေတီ၊ မရှိခဏဘုရား၊ အဘယစေတီ၊ စေတီလှ၊ အိမ်တော်ရာအောင်မြေလောကကျောက်စေတီ၊ ပတ္တမြားစေတီ၊ ဇေတဝန်စေတီ၊ ချမ်းသာကြီးချမ်းသာရ၊ ရွှေမင်းဝံစေတီ၊ ဥမင်ကိုးဆယ်စေတီ၊ မဟာစေတီ၊ ရတနာစေတီဆင်များရှင်၊ ဇိနမာန်အောင်လောကချမ်းသာကြေးဘုရားကြီး၊ သားပန်ခြသေ့်သုံးဆယ်စေတီ၊ မဟာစည်းခုံစေတီတော်တို့ကို စုံအောင်ဖူးမြော်ရင်း စစ်ကိုင်းသီချင်းတွေတွင်တွင်ဆိုနေမိပေသည်။

သြော် ရင်ထဲက စစ်ကိုင်း၊ နှလုံးသားထဲက စစ်ကိုင်း၊ သမိုင်းများနဲ့ စစ်ကိုင်း၊ ဘုရားအဆူဆူတိုင်းရဲ့ စိတ်ဝင်စားစရာ သမိုင်းများ ရှိနေဆဲမို့ ရင်ထဲစွဲလို့နေတဲ့ ရင်ထဲက စစ်ကိုင်းရယ်လို့သာ။

မန္တလေး၌ သဘာဝသစ်ခေါက်ပန်းချီပြပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၉

မန္တလေးမြို့မှ ပန်းချီပညာရှင် သန်းလှအောင် ဖန်တီးထားသည့် သဘာဝသစ်ခေါက် ပန်းချီအနုပညာပြပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေးအနုပညာလမ်းရှိ သီရိအနုပညာခန်းမ၌ကျင်းပသည်။

ထိုပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ရေဆေးပန်းချီပညာရှင်များအသင်း နာယကနှင့် အမှုဆောင်များ၊ ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပန်းချီပညာအထူးပြုကျောင်းသား ကျောင်းသူများ၊ ပန်းချီပန်းပုကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ပန်းချီအနုပညာ စိတ်ဝင်စားသူများ လာရောက်အားပေးကြသည်။

ပန်းချီပြပွဲတွင် သဘာဝပတ်ဝန်းကျင် တောတောင်ရေမြေအလှနှင့် သားငှက်တိရစ္ဆာန်တို့ နေထိုင်ကျက်စားပုံအခြေခံကာ ရေးဖွဲ့ထားသည်။ သဘာဝပန်းချီကား ၈၀ ကျော်အား စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ယာခင်းများ ဖျက်ဆီးသော တောဆင်ရိုင်းများကို ကွန်ဂျီဆင်များဖြင့် ပြန်မောင်းထုတ်မည်

သာပေါင်း စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ယာစိုက်ခင်းများအား တောဆင်ရိုင်းအုပ် ၁၅ ကောင်ခန့်သည် လွန်ခဲ့သော သုံးရက်ကတည်းက ဝင်ရောက်ဖျက်ဆီးခဲ့ရာ ယင်းဆင်ရိုင်းများကို သစ်တောဦးစီးဌာနမှ ကွန်ဂျီဆင်များဖြင့် တောတွင်းသို့ ပြန်လည်မောင်းထုတ်ရန်ပြင်ဆင်နေပြီ ဖြစ်ကြောင်း သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည့် သစ်တောဧရိယာ ကျယ်ပြန့်စွာရှိသော်လည်း တရားမဝင်သစ်ခုတ်လှဲမှု၊ သစ်အလွန်အကျွံထုတ်လုပ်မှုများကြောင့် သစ်တောများ လျင်မြန်စွာပြုန်းတီး၍ ဂေဟစနစ်ပျက်စီးမှုများရှိသည့်အားလျော်စွာ သစ်တောများကို အမှီသဟဲပြုကာ နေထိုင်ကြရသည့် တောရိုင်းတိရစ္ဆာန်များအနေဖြင့် စားကျက်မြေနေရာများ ကျဉ်းမြောင်းလာရာက လူတို့စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများအား ဝင်ရောက်ဖျက်ဆီးစားသောက်ခြင်းဖြစ်ပြီး ဆင်နှင့်လူ ထိပ်တိုက်တွေ့မှု ယခင်ကထက် ပိုမိုများပြားလာခြင်းဖြစ်ကြောင်း အငြိမ်းစား ဆင်ဆရာဝန်တစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုလက်ရှိ သာပေါင်းမြို့နယ် ပျဉ်းမထုံးကျေးရွာအုပ်စုအတွင်းရှိ တောင်သူနှစ်ဦးတို့၏ ကလောပင်နှင့် သီဟိုဠ်ပင် စိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီးခဲ့သည့် တောဆင်ရိုင်းအုပ် ၁၅ ကောင်ခန့်အား မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးကျော်ဇော ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးအဖွဲ့ဝင်များက တောဆင်ရိုင်းအုပ်များအား ခြောက်လှန့်မောင်းနှင်ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် ဝင်ရောက်ဖျက်ဆီးခဲ့သော ယာခင်းနှင့် နှစ်မိုင်ခန့်အကွာ ခရုသစ်တောကြိုးဝိုင်းအတွင်းသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းအုပ်အား ဒေသတွင်း လူများနေထိုင်သည့်နေရာများနှင့် လွတ်ကင်းရာသို့ ထပ်မံမောင်းထုတ်နိုင်ရေးအတွက် ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး "ဆင်တွေမောင်းထုတ်ဖို့အတွက် ကျွန်တော်တို့က ကွန်ဂျီဆင်တွေ လှမ်းခေါ်ရတယ်။ ဆင်တွေ ဒီနေ့ ရောက်လာပါပြီ။ ဆင်ဦးစီးတွေက အရင်ဦးဆုံးရောက်လာတာ။ ဆင်တွေကို မောင်းလာရင် ပင်ပန်းမှာစိုးလို့ လူတွေအရင်လာတာ။ တောဆင်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာ တိတိကျကျ သိအောင်လို့ပါ။ လက်ရှိ ကွန်ဂျီဆင်မောင်းအဖွဲ့က ဝါးယားအနီးမှာရှိတဲ့ သပြုဆင်စခန်းမှာ ရောက်နေပြီ။ ဆင်တွေကိုတော့ ဟိုင်းချောင်းဆင်စခန်းမှာ ထားတယ်" ဟု တောအုပ်ကြီးက ပြောသည်။

ကိုလွင်(ဆွာ)

(၇၉)နှစ်မြောက် အသျှင်ဥတ္တမနေ့ အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

စစ်တွေ စက်တင်ဘာ ၉

(၇၉)နှစ်မြောက် အသျှင်ဥတ္တမနေ့အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြီး ယနေ့နံနက် ၆ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ စစ်တွေမြို့ရှိ သက်တော်ရှည် ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယက ပြည်နယ်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တစန္ဒ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ထံမှ ရေစက်ချအနုမောဒနာတရား နာယူကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက အသျှင်ဥတ္တမ ရုပ်တု၌ လွမ်းသူ့ပန်းခွေချ ကန်တော့ကြသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ပူတာအိုရှိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်

ပူတာအို စက်တင်ဘာ ၉

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ယခုရက်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းမှစတင်၍ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခန့်တွင် ရေကြီးရေလျှံမှုရှိကြောင်း မန်စေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သတင်းပို့ချက်အရ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် ဒုတိယဦးစီးမှူး၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ ပူတာအို-ဖုန်ကန်သွားပြည်ထောင်စုလမ်း မိုင်တိုင်(၁/၆) အနီး မန်စေကျေးရွာအုပ်စုနှင့် မာမူးလဲ့ကျေးရွာအုပ်စု နယ်နိမိတ်ခြားသည့် ဆန်ဂေါင်ချောင်းနှင့် နမ့်ပလန့်ချောင်းဆုံမှ နမ့်ပလန့်ချောင်းရေကြီးမှုကြောင့် ရေလျှံမှုဖြစ်ပွားလျက်ရှိသည်။

ယင်းမန်စေကျေးရွာဘက်ကမ်း လမ်းပေါ်ရေကျော်မှုရှိပြီး ယာဉ်ကြီး၊ ယာဉ်ငယ်ဖြတ်သန်း သွားလာ၍ မရဘဲ လူလွတ်ဖြတ်သန်းသွားလာရကြောင်း၊ ဒါဂိုရှီဇားကျေးရွာတွင် အိမ်လေးအိမ် ရေဝင်ရောက်ခဲ့ကြောင်း၊ မန်စေကျေးရွာအုပ်စု မုံငိုရ်ကျေးရွာရှိ ၇၃ အိမ် ရေဝင်ရောက်ခဲ့ပြီး ရေအနက် ငါးပေခန့်ရှိကြောင်း၊ မုံငိုရ်ကျေးရွာမှ ခြောက်ဖာလုံခန့်နှင့် နှစ်ဖာလုံခန့်တို့တွင် လမ်းပေါ်ရေလျှံလျက်ရှိကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းသိရသည်။

အလားတူ ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု မုံငိုရ်ကျေးရွာတွင် အရှည် ၄၅ ပေခန့်ရှိ နမ့်ပလန့်ချောင်းကူးကြိုးတံတားကို ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကူညီပံ့ပိုး၍ ကျေးရွာမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် နမ့်ပလန့်ချောင်း ရေကြီးသဖြင့် မုံငိုရ်တစ်ဖက်ကမ်း ကြိုးတင်တိုင်များ ကျိုးကျ၍ မျောပါသွားခဲ့သည်။

အဆိုပါတံတားသည် လယ်ယာမြေဧက ၂၀ သို့လည်းကောင်း၊ မန်စေခွန်ကျေးရွာအုပ်စု ထုံထုကျေးရွာ၊ ပမ္မတီးကျေးရွာအုပ်စု နမ်ရှယ်ကော့ကျေးရွာ၊ ညဲဆာလာဒီကျေးရွာနှင့် နမ်ရှယ်ကျေးရွာများသို့ ခြေကျင်အသုံးပြုသွားလာရသော တံတားဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

▼ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

မကွေးအသင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဒုတိယအကျော့အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် အခြားအဆင့်ပွဲများကို တစ်ကျော့တည်းသာ ကျင်းပပြီး ဆီမီးဖိုင်နယ်ကိုသာ အိမ်ကွင်း၊ အဝေးကွင်း ပုံစံဖြင့် နှစ်ကျော့ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ ယခုနှစ်ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို MNL ကလပ်အသင်းများနှင့် ပထမတန်းအသင်းများအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ချန်ပီယံဆု သုံးကြိမ်ရဖူးပြီး ရှုံးထွက်ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်သော ဧရာဝတီအသင်း၊ နာမည်ကြီးအသင်းဖြစ်သည့် ရတနာပုံအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။ မူလက ဆီမီးဖိုင်နယ်ပထမအကျော့ကို ဩဂုတ်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း မြန်မာ ယူ-၂၃ အသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ရက်ပြောင်းလဲခဲ့ပြီး စက်တင်ဘာ ၁၈ ရက် နောက်ပိုင်းတွင် ဆီမီးဖိုင်နယ်နှစ်ကျော့နှင့် ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်လာသည့် အသင်းလေးသင်းစလုံးမှာ ချန်ပီယံဆုတစ်ကြိမ်စီရဖူးထားသောကြောင့် ယခုအကြိမ်မှာ ဒုတိယအကြိမ် ချန်ပီယံဆုအတွက် အားပြိုင်မည့်ပွဲလည်းဖြစ်သည်။ ယခု ဆီမီးဖိုင်နယ်တက်ရောက်လာသည့်လေးသင်းတွင် ဟံသာဝတီနှင့် ရန်ကုန်အသင်းက ရှုံးထွက်ပြိုင်ပွဲ၊ ခေတ်ဦးကာလတွင် ဗိုလ်စွဲထားပြီး မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းက နောက်ဆုံးနှစ်ကြိမ်တွင် ချန်ပီယံဆုရထားသည့်အသင်းများဖြစ်သည်။ ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ဒုတိယအကျော့နှင့် ဗိုလ်လုပွဲကို အမှတ်ပေးပြိုင်ပွဲပြီးဆုံးမှသာ ကျင်းပမည်ဖြစ်ရာ အသင်းများအားလုံး အင်ပြည့်အားပြည့် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများကို စက်တင်ဘာ ၁၄ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး နှစ်ပွဲသာကစားရန် ကျန်ရှိတော့သည်။

ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ဖလားနှစ်လုံးလမ်းကြောင်းပေါ်မှ အားပြိုင်မှု၊ မကွေးနှင့် ဟံသာဝတီအသင်းတို့၏ နောက်ဆုံးဖလားလက်ကျန် မျှော်လင့်ချက်များအတွက် ကြိုးစားယှဉ်ပြိုင်မှုများကြောင့် ၂၀၁၈ ရာသီ MNL ရာသီပိတ်ကာလမှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

ဘိုကလေးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဘိုကလေး စက်တင်ဘာ ၉

မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဘိုကလေးမြို့နယ်၌ လူထုလူတန်းစားအလွှာစုံ ပူးပေါင်းပါဝင်လျက် မိုးရာသီ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးရာသီတွင် ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးဝင်းခိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လျက် ဘိုကလေးမြို့ပေါ် ရပ်ကွက်များ၊ ကျေးရွာအုပ်စုအသီးသီး၌ တစ်ပြိုင်နက်တည်း သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအဖြစ် လူနေအိမ်များကြားမြောင်းများရှင်းလင်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြို့ပေါ်လမ်းဘေး ဝဲ၊ ယာတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရန် တူးဖော်ခြင်း၊ ဆယ်ယူခြင်းများကို စုပေါင်းလုပ်ဆောင်ခဲ့ကြသည်။

ထို့ပြင် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ဘိုကလေးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သော အသိပညာပေးဟောပြောသည်။

အလားတူ တစ်မြို့နယ်လုံး မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ စီမံချက်ချမှတ်ကာ တစ်ပြိုက်နက်တည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

ဥပဒေ ထွက်ရှိလာတဲ့အချိန်မှာ အဲဒီဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ စနစ်တကျ တူးဖော်ထုတ်လုပ်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်

ဦးအောင်ညွန့်သိန်း

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးခင်လတ်ကြီး (ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန)၊ ဒေါက်တာရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)၊ ဦးအောင်ညွန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးထွန်းလင်းရှိန် (မန်နေဂျင်းဒါရိုက်တာ၊ မြောက်ကျွန်းသူမမ သတ္တုတူးဖော်ရေးကုမ္ပဏီ) နှင့် ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-

ရှင်မင်းနှင့် အဖွဲ့

ယမန်နေ့မှအဆက်

အစီအစဉ်မှူး။ ။ဆက်လက်ပြီးတော့ မြန်မာနိုင်ငံက ထွက်ရှိတဲ့ ကျောက်မျက်ရတနာတွေ ကျောက်မျက်ရတနာပြပွဲ ကျင်းပပြီးတော့ နိုင်ငံခြားသား ရတနာကုန်သည်တွေကို နှစ်စဉ်ရောင်းချနေပါတယ်။ အဲဒီတော့ဘယ်လို စီစဉ်ကျင်းပနေတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားလုပ်ငန်းရှင်တွေအတွက် ဘယ်လိုအကျိုးရှိတယ်ဆိုတာ အကျဉ်းလောက် MD ကြီးက ရှင်းပြပေးပါဦး။

ဦးအောင်ညွန့်သိန်း။ ။ကမ္ဘာ့ဈေးကွက် ဝယ်လိုအားရှိတဲ့ အရည်အသွေး ကောင်းမွန်တဲ့ ကျောက်မျက်ရတနာတွေ မြန်မာနိုင်ငံက ထွက်ရှိပါတယ်။ အထူးသဖြင့် မိုးကုတ်ပတ္တမြားနဲ့ ကျောက်စိမ်းတွေ ဖြစ်ပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ ကျောက်မျက်ရတနာတွေကို နိုင်ငံအတွင်း ဈေးကွက်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ ရတနာပြပွဲတွေကို နေပြည်တော်မှာ ကျင်းပလျက်ရှိပါတယ်။

ရတနာပြပွဲ

ရတနာပြပွဲမှာ တင်ပြရောင်းချတာက နိုင်ငံတော်နဲ့ အကျိုးတူကုမ္ပဏီတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေ၊ လိုင်စင်ရရှိသူတွေရဲ့ ကျောက်မျက်ရတနာတွေ ဖြစ်ပါတယ်။ ရတနာပြပွဲတွေကို ရောင်းချသူတွေနဲ့ ဝယ်ယူလိုသူတွေအကြား သင့်တင့်မျှတတဲ့ စည်းကမ်းချက်တွေ သတ်မှတ်ထားပြီး ပွင့်လင်းမြင်သာစွာ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချခြင်း ဖြစ်ပါတယ်။

လက်ရှိကျင်းပနေတဲ့ ပြပွဲတွေမှာ တင်ပြရောင်းချသူ ၅၀၀ ခန့်၊ တက်ရောက်ဝယ်ယူသူ ပြည်ပရတနာကုန်သည် ၂၀၀၀ ခန့်နဲ့ ပြည်တွင်းရတနာကုန်သည် ၅၀၀ ခန့် ဖြစ်ပါတယ်။ ရောင်းချမယ့် ကျောက်အတွဲတွေကို အခြေခံထားရှိရမယ့် ကြမ်းခင်းဈေးကို သတ်မှတ်ထားရှိပြီး ဝယ်ယူလိုသူတွေက ဝယ်ယူလိုတဲ့ ကျောက်အမျိုးအစား၊ အရည်အသွေးကို စိတ်ကြိုက်လွတ်လပ်စွာ ကြည့်ရှုစစ်ဆေးပြီးတော့ အများဆုံးဈေးနှုန်းပေးသွင်းသူကို ရောင်းချတဲ့စနစ်ဖြစ်ပါတယ်။ ကျောက်အတွဲရဲ့ ရောင်းချရတဲ့ ဈေးနှုန်းကိုလည်း ပွင့်လင်းမြင်သာစွာ LED Display Board တွေနဲ့ ကြော်ငြာအသိပေးဆောင်ရွက်ပါတယ်။ ဝယ်ယူသူတွေရဲ့ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေကို ချက်ချင်းဖြေရှင်းဆောင်ရွက်နိုင်ဖို့ သဘာပတိအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ပြပွဲတွေကျင်းပပြီးနောက် ဝယ်ယူသူနဲ့ ရောင်းချသူတွေရဲ့ အကြံပြုချက်တွေ၊ ပြပွဲဆိုင်ရာ တွေ့ကြုံရတဲ့ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ဆောင်ရွက်ပါတယ်။

အပြည့်အဝကောက်ခံရရှိ

နိုင်ငံတော်အနေနဲ့ ရတနာပြပွဲတွေ ကျင်းပပြုလုပ်ခြင်းဟာ ပွင့်လင်းမြင်သာစွာ ကျောက်အတွဲတွေရဲ့ တန်ဖိုးဈေးနှုန်းတွေအပေါ် သတ်မှတ်ထားတဲ့ အခွန်အခတွေ အပြည့်အဝကောက်ခံရရှိပါတယ်။ နိုင်ငံတော်အတွက် လိုအပ်တဲ့ နိုင်ငံခြားငွေကိုလည်း ရှာဖွေဖြည့်ဆည်းပေးနိုင်ပါတယ်။

နိုင်ငံသားလုပ်ငန်းရှင်တွေအနေနဲ့ ကျောက်အတွဲတွေကို ဝယ်ယူသူ အများအပြားရှေ့တွင် ခင်းကျင်းပြသရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာရဲ့ ထိုက်တန်တဲ့ တန်ဖိုးနဲ့ ရောင်းချနိုင်ပါတယ်။ ပြပွဲတွေမှာ ရောင်းချပြီး သတ်မှတ်အခွန်အခတွေ ပေးဆောင်ခြင်းဖြင့် နိုင်ငံသား တာဝန်ကျေတဲ့ လုပ်ငန်းရှင်တွေဖြစ်လာစေမှာ ဖြစ်ပါတယ်။ ကျောက်မျက်ရတနာတွေရောင်းချခြင်းကရရှိလာတဲ့ အခွန်ဆောင်ပြီးငွေတွေနဲ့ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်နိုင်ပါတယ်။

အလားတူပဲ ရတနာပြပွဲတွေနဲ့ ဆက်စပ်ပြီးတော့ တခြားဟိုတယ်နဲ့ ခရီးသွား၊ ဟိုတယ်လုပ်ငန်းတွေ၊ စားသောက်ဆိုင်လုပ်ငန်းတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ စသည်အားဖြင့် ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းမှာ ရတနာပြပွဲတွေ အောင်မြင်စွာကျင်းပနိုင်ရင် နိုင်ငံတော်အတွက် အများကြီးအကျိုးကျေးဇူးရရှိပါတယ်လို့ ပြောကြားလိုပါတယ်။

> ကျောက်မျက်ရတနာတွေဆိုတာက ကျွန်တော်တို့နိုင်ငံကထွက်တဲ့ တွင်းထွက်ပစ္စည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ နောက်ပိုင်းမှာကျတော့ ကျောက်စိမ်း၊ ကျောက်မျက် ရောင်းချလို့ရတဲ့ အကျိုးစီးပွားထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုပြီး ဆောင်ရွက်ရမယ်လို့ အခြေခံအားဖြင့် ခံယူထားရှိပါတယ်။ အလားတူပဲ နိုင်ငံအတွင်းမှာထွက်ရှိတဲ့ တွင်းထွက်ရတနာပစ္စည်းတွေကို ရေရှည်စဉ်ဆက်မပြတ် အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် ကန့်သတ်ထိန်းချုပ်ပြီး တူးဖော်ထုတ်လုပ်ရမှာ ဖြစ်ပါတယ်

အစီအစဉ်မှူး။ ။နောက်ထပ်သိချင်တာက ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ဒီလိုကျောက်မျက်ရတနာတွေကို တူးဖော်ပြီးတော့ နိုင်ငံရဲ့ အကျိုးစီးပွားကို ဘယ်လိုအထောက်အကူပြုနိုင်တယ်ဆိုတာ ပြည်သူတွေသိအောင်ပြောပြပေးပါ။

ဦးဇော်ဘိုခန့်။ ။ကျောက်မျက်ရတနာက နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးတဲ့ အဓိကကုန်ပစ္စည်းဖြစ်ပါတယ်။ လုပ်ငန်းက နှစ်မျိုးရှိပါတယ်။ တူးဖော်ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ အချောထည်ပြုလုပ်တဲ့ သဘောပါ။ တူးဖော်တာက ကျောက်စိမ်းတွေကျတော့ ဖားကန့်၊ လုံးခင်း၊ ခန္တီး၊ မိုးညှင်းတို့မှာ ဆောင်ရွက်မယ်။ ပတ္တမြား၊ နီလာနဲ့ အခြားကျောက်မျက်တွေက မိုးကုတ်၊ မိုင်းရှူးမှာပါ။

နိုင်ငံတော်မှာ အကျိုးပြု

အချောထည်ဈေးကွက်ကျတော့ မန္တလေး၊ မြစ်ကြီးနား၊ နေပြည်တော်၊ ရန်ကုန်တို့မှာ အချောထည်လုပ်ငန်းတွေ ဖွံ့ဖြိုးတယ်။ လုပ်ငန်းတွေအားလုံးမှာ ပါဝင်ပတ်သက်နေတဲ့ လုပ်အားတွေက သိန်းနဲ့ချီရှိတယ်။ အနည်းဆုံး ငါးသိန်းလောက်ရှိတယ်။ အဲဒီလုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေတယ်။ ငါးသိန်းကို မှီခိုနေတဲ့ မိသားစုတွေကို နှစ်နဲ့မြှောက်မယ်ဆို တစ်သန်းလောက်ရှိတယ်။ ၁ ဒသမ ၅ မီလီယံလောက်က ကျောက်စိမ်း၊ ကျောက်မျက်နဲ့ နိုင်ငံတော်မှာ အကျိုးပြုနေတာ တွေ့ရပါတယ်။

အစီအစဉ်မှူး။ ။အချိန်အတိုင်းအတာအရ စကားဝိုင်းပထမပိုင်းကို ရပ်နားဖို့ ဖြစ်ပါတယ်။ မရပ်နားခင်မှာတော့ မေးခွန်းတစ်ခုလောက် ဒီလိုအဖွဲ့တွေ ဆုံကြတုန်းလေးမှာ ပြည်သူတွေလည်း ဗဟုသုတရစေဖို့ ကိုယ်တိုင်လည်း မရှင်းမလင်းတာတွေကို ဒီနေရာမှာ တစ်ခါတည်းမေးမြန်းပေးဖို့ မေတ္တာရပ်ခံပါတယ်။

ဦးဇော်ဘိုခန့်။ ။ကျွန်တော် နည်းနည်းမေးပါမယ်။ ကျောက်မျက်နဲ့ ပတ်သက်ပြီးတော့ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက MD ကိုမေးပါရစေ။ မြန်မာနိုင်ငံမှာ သယံဇာတဆိုတာ ကျွန်တော်တို့ နားလည်တာက သဘာဝကပေးတဲ့ လက်ဆောင်မွန်ပါ။ အဲဒီဟာကို စနစ်တကျစီမံခန့်ခွဲမယ်ဆိုရင် အားလုံးအတွက် တန်ဖိုးရှိတဲ့ ရတနာဖြစ်ပါတယ်။ အခုဟာ ကျွန်တော်တို့ လုပ်ငန်းတွေက သက်တမ်းတွေ မတိုးပေးတာကြာပြီ။ ကျွန်တော်သိသလောက် နှစ်နှစ်လောက်ရှိပြီ။ ၂၀၁၆ ခုနှစ်ကတည်းကပါ။

လုပ်ငန်း ဆက်လက်လုပ်ကိုင်ခွင့်

လုပ်ငန်းရှင်တော်တော်များများသည် ရင်းနှီးမြှုပ်နှံမှုတွေနဲ့ စက်ယာဉ်ယန္တရားတွေကို ဝယ်ထားရတယ်။ လုပ်သားတွေကိုလည်း အများကြီး မွေးထားရတယ်။ အခု EMP Plan ဆိုတာ ဖားကန့်ရတနာ နယ်မြေတစ်ခုကို ဇုန် ၁၀ ခု ခွဲလိုက်တယ်။ ဇုန် ၁၀ ခုခွဲပြီး EMP Plan ရေးဆွဲပြီး ECD ကို တင်ထားတယ်။ Approve ဖြစ်တော့မယ်လည်းကြားတယ်။ အဲဒီလိုတွေ အနေအထားရှိတဲ့ အပေါ်မှာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအနေနဲ့ ဒီလုပ်ငန်းရှင်တွေအပေါ်မှာ လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်လေးများ ဘယ်လို အစီအစဉ်ရှိသလဲ ဆိုတာမေးပါရစေ။

ဦးအောင်ညွန့်သိန်း။ ။ကျွန်တော်တို့ရဲ့ အခြေခံထားတဲ့ မူဝါဒလေးလည်း ဆွေးနွေးခွင့်ရပါတယ်။ ကျောက်မျက်ရတနာတွေဆိုတာက ကျွန်တော်တို့နိုင်ငံကထွက်တဲ့ တွင်းထွက်ပစ္စည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ နောက်ပိုင်းမှာကျတော့ ကျောက်စိမ်း၊ ကျောက်မျက် ရောင်းချလို့ရတဲ့ အကျိုးစီးပွားထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပိုပြီး ဆောင်ရွက်ရမယ်လို့ အခြေခံအားဖြင့် ခံယူထားရှိပါတယ်။ အလားတူပဲ နိုင်ငံအတွင်းမှာ ထွက်ရှိတဲ့ တွင်းထွက်ရတနာပစ္စည်းတွေကို ရေရှည်စဉ်ဆက်မပြတ် အကျိုးရှိရှိ အသုံးချနိုင်ဖို့အတွက် ကန့်သတ်ထိန်းချုပ်ပြီး တူးဖော်ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။

လက်ရှိ အခြေအနေမှာ လုပ်ကိုင်ခွင့်ချထားပေးသော ကျောက်မျက်ရတနာ လုပ်ကွက်တွေ ရတနာနယ်မြေအသီးသီးမှာ အနည်းငယ်များနေတဲ့ သဘောရှိတယ်။ အဲဒါကြောင့် ၂၀၁၆ ခုနှစ်ကစပြီးတော့ ကျောက်မျက်ရတနာလုပ်ကွက်အသစ်တွေ ချပေးတာနဲ့ အဲဒီရဲ့နောက်ပိုင်း သက်တမ်းကုန်လုပ်ကွက်ကို သက်တမ်းတိုးပေးခြင်းကို ကျွန်တော်တို့က ခေတ္တရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။

သို့သော်လည်းပဲ လုပ်ငန်းရှင်ကြီးတွေ စိတ်မပူဖို့ ကျွန်တော်တို့အနေနဲ့ ဆွေးနွေးလိုတာက မကြာမီမှာဘဲ ကျွန်တော်တို့ရဲ့ ၂၀၁၇ ခုနှစ် ကျောက်မျက်ရတနာဥပဒေ ထွက်ရှိဖို့ကိုလည်း ဆွေးနွေးနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေ ထွက်ရှိလာတဲ့အချိန်မှာ အဲဒီဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ စနစ်တကျ တူးဖော်ထုတ်လုပ်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အဲဒါဆိုရင် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်တွေ ပြန်လည်ရရှိလာမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။သဘာဝပတ်ဝန်းကျင်အနေနဲ့ သစ်တောပိုင်းမှာလည်း တစ်ဆင့်ချင်း လျှော့ချသွားတယ်။ ၁၄ သိန်းကနေ ခုနစ်သိန်း၊ ခုနစ်သိန်းကနေ သုံးသိန်းခွဲ၊ အခုသတ္တုကဏ္ဍမှာလည်း တစ်နှစ်လုပ်ကိုင်ခွင့် ခေတ္တ ရပ်နားမယ်၊ တစ်ဆင့်ချင်း သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြီးတော့ ပြုစုပျိုးထောင်ဖို့၊ ထိန်းသိမ်းဖို့ဆိုတော့ တကယ်လည်းအားရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း အစ်ကိုတို့ ဆွေးနွေးကြမယ်ဆိုရင် ဆွေးနွေးပေးကြပါဦး။

ဦးထွန်းလင်းရှိန်။ ။ကျွန်တော့်အမြင်ကတော့ ဒီလိုရှိပါတယ်။ ဌာနနှစ်ခုပေါ့။ ဌာနနှစ်ခုကလည်း ရည်ရွယ်ချက်က တစ်ခုစီပေါ့။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်လုပ်တာရယ်၊ နောက်ပြီး ဒီဘက်ကလည်း သတ္တုတူးတဲ့ ဌာနပဲဖြစ်ဖြစ်၊ ကျောက်မျက်ဌာနကပဲဖြစ်ဖြစ် နိုင်ငံတော်ရဲ့ ဝင်ငွေကို ရှာဖွေပေးတဲ့ဌာနကလည်း နိုင်ငံတော်ရဲ့ ဝင်ငွေရအောင်လုပ်ရတဲ့ အပိုင်းတွေရှိပါတယ်။ အဲဒီတော့ အခုကျွန်တော်တို့ လက်ရှိဖြစ်နေတဲ့ အနေအထားကိုတော့ ကျွန်တော်မြင်တဲ့အခါမှာ သဘောကျတဲ့ဟာ တစ်ခုကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေထွက်ပါတယ်။ ထွက်တဲ့အခါ ကျွန်တော်တို့က လိုက်နာရမယ့် လုပ်ငန်းစဉ်တွေပါ၊ EMP ဆွဲရမယ်တို့၊ အဲဒီလိုမျိုး လုပ်ငန်းစဉ်တွေ ရှိလာတာဖြစ်တဲ့အတွက် ကျွန်တော်တို့က တစ်ခုကောင်းတာကတော့ လုပ်ငန်းရှင်တွေကိုစပြီးတော့ awareness ပေးလိုက်ပြီ။ အဲဒီလို awareness ပေးတဲ့ အဆင့်ကနေပြီး တဖြည်းဖြည်းနဲ့ Plan တွေဆွဲမယ်၊ Plan တွေကို တစ်ချိန်ချိန်ကျရင် Implement လုပ်နိုင်ဖို့ ကျွန်တော်တို့က ရည်ရွယ်ချက်နဲ့ ကြိုးစားမယ်။

တစ်ဖက်နဲ့ တစ်ဖက် အမြင်မတူ

ဆွေးနွေးမှုခေါင်းစဉ်အောက်မှာ တစ်ဖက်နဲ့ တစ်ဖက် အမြင်မတူတာတော့ ရှိတာပေါ့။ တစ်ဖက်ကကျတော့လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပဲ ဦးစားပေးပြီးတော့ လုပ်ငန်းတွေ အကုန်လုံးရပ်နားပြီး ပတ်ဝန်းကျင်ကြီးကို ပြန်ပြီးတော့ တည်ဆောက်ဖို့ဆိုတဲ့ အမြင်မျိုးလည်း ရှိချင်ရှိမှာပေါ့။ Greenness တွေပေါ့။ Green activist တွေက အဲဒီလိုမျိုးမြင်မှာပေါ့။ သို့ပေမယ့်လည်း ကျွန်တော်မြင်တာကတော့ ဒီနှစ်ခုကြားထဲမှာ ချိန်ခွင်လျှာညှိပြီးတော့ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့က Primary Sector ကနေပြီး ရင်းနှီးမြှုပ်နှံမှု၊ Capital Seat ကို အရင်ယူရမှာပါ။

စာမျက်နှာ ၁၀ သို့ ✪

လေရှီးမြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေး

လေရှီး စက်တင်ဘာ ၉

နာဂရိုးရာနှစ်သစ်ကူးပွဲကို နာဂမျိုးနွယ်စုများ၊ နာဂယဉ်ကျေးမှု(ဗဟို)နှင့် အဖွဲ့ခွဲများ၊ နာဂဦးစီးကော်မတီတို့က အဓိကလုပ်ဆောင်ဖော်ထုတ်ရမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် ပံ့ပိုးကူညီလုပ်ဆောင်ပေးခြင်းမျိုးသာဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ပြောကြားသည်။

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လေရှီးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး တာဝန်ရှိသူများ၊ နာဂဦးစီးအဖွဲ့၊ နာဂယဉ်ကျေးမှု(ဗဟို)အဖွဲ့၊ မြို့နယ်ယဉ်ကျေးမှုအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လေရှီးမြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၉ ရက်က ဆွေးနွေးညှိနှိုင်းခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောခြင်းဖြစ်သည်။

နှစ်စဉ်ကျင်းပသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြင်သစ်နိုင်ငံသားအများစု လာရောက်လေ့ရှိသလို နယူးဇီလန်၊ အမေရိကန်၊ ကနေဒါ၊ ဆွစ်ဇာလန်နိုင်ငံသားများ လာရောက်လေ့ရှိကြောင်း သိရသည်။ ပွဲတော်သို့ ဒေသအသီးသီးမှ လူအင်အား ထောင်ချီတက်ရောက်လေ့ရှိသလို ပြခန်းများဖွင့်လှစ်ခြင်း၊ ရိုးရာတံခွန်တိုင်စိုက်ထူခြင်းများ၊ ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများနှင့် ညပိုင်းတွင်မီးပုံပွဲတို့ကို ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် ဒေသခံတိုင်းရင်းသားများနှင့်အတူ ဆင်နွှဲသောပွဲတော်အဖြစ် ရပ်တည်နေသည်။

နာဂဒေသ လေရှီးသို့ လာရောက်ရာ လမ်းပန်းဆက်သွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရန် နာဂရိုးရာနှစ်သစ်ကူးပွဲအစီအစဉ်များ၊ နာဂရိုးရာယဉ်ကျေးမှု အိမ်ကုန်းပြုလုပ်ရန်၊ ရေအားလျှပ်စစ်မီးနိုင်နင်းစွာပေးနိုင်ရေး၊ ရေပေးဝေရေးအတွက် စီစဉ်ထားရှိမှု၊ အဆင့်မြင့်ရိပ်သာနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ပွဲတော်အတွင်း တည်းခိုရန်နေရာများ စီစဉ်သတ်မှတ်ရန်နှင့် Rally ကားမောင်းအဖွဲ့များအတွက် နေရာနှင့်တာဝန်သတ်မှတ်ခြင်းများ ဆွေးနွေးကြကြောင်း သိရသည်။

ပွဲတော်ကို နာဂတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို နိုင်ငံခြားခရီးသွားဧည့်သည်များ သိရှိနားလည်စေရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်စေရန် နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ လမ်းခရီးတစ်လျှောက်သွားလာမှု လုံခြုံချောမွေ့စေရန်နှင့် အဆင်ပြေစွာ နေထိုင်စားသောက်နိုင်စေရန် ဆွေးနွေးညှိနှိုင်းခြင်းကို ကနဦးကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်ကျင်းပလျက်ရှိရာ ၂၀၁၇ ခုနှစ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးစိုက်ရာ လဟယ်မြို့တွင် ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် နန်းယွန်းမြို့တွင် ကျင်းပခဲ့ကာ လာမည့် ၂၀၁၉ ခုနှစ်တွင် လေရှီးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းမှု ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၉

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ယုနိုင် ဦးဆောင်သော တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရန်ကုန်ဆေးရုံကြီးဝင်းအတွင်းရှိ ရှေ့မျက်နှာစာနှင့် ပတ်ဝန်းကျင်မှ ချုံနွယ်များနှင့် မြက်များအား ခုတ်ထွင်ရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ရန်ကုန်ဆေးရုံကြီးတွင် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုရဲ**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘားအံ စက်တင်ဘာ ၉

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး ဦးစီး၍ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ဘားအံမြို့ ခုတင် ၁၅၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့်အတူ ရဲအကူတပ်ဖွဲ့ခွဲ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊သတင်းရဲတပ်ဖွဲ့၊ မူးယစ်ရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့၊ ဘားအံခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်ပြည်သူ့ဆေးရုံ၌ ရွာငံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးနှင့် တပ်ဖွဲ့ဝင် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။

ကိုရဲ

လပွတ္တာမြို့နယ် ကျေးရွာနှစ်ရွာတွင် ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ်မီးလင်း

လပွတ္တာ စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းအရ လပွတ္တာမြို့နယ်တွင် SHS တစ်အိမ်သုံးဆိုလာစနစ်မီးပေးခြင်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက် ညနေ ၄ နာရီက လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့်အဖွဲ့က ဆိုလာစနစ်ဖြင့် မီးပေးလျက်ရှိသည့် မင်းဘူးစုကျေးရွာအုပ်စု သပြုကွင်းကျေးရွာနှင့် ရေနံချောင်းရွာသစ်ကျေးရွာများသို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြပြီး အိမ်ထောင်စုဝင်များနှင့် တွေ့ဆုံကာ အသုံးပြုပုံများကို အသိပညာပေးဆွေးနွေးကြသည်။

ထိုကဲ့သို့ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးပေးရာတွင် သပြုကွင်းကျေးရွာတွင် အိမ်ခြေ ၆၃ အိမ်ကိုလည်းကောင်း၊ ရေနံချောင်း ရွာသစ်ကျေးရွာတွင် အိမ်ခြေ ၁၁၇ အိမ်ကို လည်းကောင်း စက်တင်ဘာ ၂ ရက်မှ စတင်ပြီး ရွာလုံးကျွတ်မီးပေးထားပြီ ဖြစ်သည်။

အဆိုပါ ဆိုလာစနစ်ဖြင့် မီးပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဘာသာရေး အဆောက်အအုံများ၊ ကျန်းမာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် လမ်းမီးများကို အခမဲ့တပ်ဆင်ပေးပြီး ကျေးရွာလုံးကျွတ်ဆိုလာစနစ်မီးရရှိကြသော သပြုကွင်းကျေးရွာနှင့် ရေနံချောင်းရွာသစ်ကျေးရွာတို့မှာ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။ **မြင့်အောင်(မော်ကျွန်း)**

သင်တန်းသားများကို ကမ်ပိုကစားနည်းအကြောင်း လက်တွေ့ပြသစဉ်။

ဂျပန်နိုင်ငံ၏ ကမ်ပိုနည်းပြမွမ်းမံသင်တန်း ရန်ကုန်မြို့တွင် ပထမဆုံး ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၉

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျပန်နိုင်ငံ၏ Shorinji ကမ်ပိုနည်းပြမွမ်းမံသင်တန်း (၁/၂၀၁၈)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကမ်ပိုနည်းပြမွမ်းမံသင်တန်း တက်ရောက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ သင်တန်းသား ၁၇ ဦးတို့က တစ်ဦးချင်းအလိုက် မိတ်ဆက်ကြပြီး အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်တို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ထို့နောက် ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်(WSKO)ဂျပန်နိုင်ငံမှ တာဝန်ပေးအပ်သူ နည်းပြချုပ် မစ္စတာ မိုရီနာက ကမ်ပိုကစားနည်းအကြောင်း လက်တွေ့သရုပ်ပြသကာ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကမ်ပိုကစားနည်း ဒုတိယအဆင့် အောင်မြင်သူ ၁၁ ဦး၊ ပထမအဆင့်အောင်မြင်သူ ခြောက်ဦး စုစုပေါင်း သင်တန်းသား ၁၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ သင်တန်းတွင် နည်းပြချုပ် မစ္စတာ မိုရီနာနှင့် ကမ္ဘာ့အဆင့်ရှိ နည်းပြချုပ် လေးဦးတို့က သင်ကြားသွားမည်ဖြစ်ပြီး ထူးချွန်သောကစားသမားများကို ရွေးချယ်၍ ဂျပန်နိုင်ငံ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်သို့ ပို့ဆောင်ကာ တတိယအဆင့်ရှိ ကစားသမားဖြစ်မြောက်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ သင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)
ဓာတ်ပုံ-မျိုးကြီး

❂ စာမျက်နှာ ၉ မှ

Primary Sector ဆိုရင် သတ္တုလုပ်ငန်းမှ မဟုတ်ဘူး။ ကျွန်တော်တို့ အခြား Agriculture မှာလည်း ပါနိုင်တယ်။ ဒါကတော့ အားသာတဲ့ Sector ပါ။ သယံဇာတမှာ ကြွယ်ဝတယ်။ Mine မှာ ကြွယ်ဝတယ်ဆိုရင် Mine ကနေရတဲ့ Capital ကို ကျွန်တော်တို့က ယူပြီးတော့ အခြားကဏ္ဍတွေ၊ ပညာရေးတွေမှာ ရင်းနှီးမြှုပ်နှံမှုလုပ်မယ်။

ခုနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့က ပထမအဆင့်အနေနဲ့ awareness လုပ်မယ်။ လုံးဝကြီးဖြတ်တောက်လိုက်တာထက် awareness တဖြည်းဖြည်းလုပ်သွားရင်းနဲ့ ကျွန်တော်တို့ Medicate လုပ်သွားပြီးတော့ ရေရှည်မှာ ဒီကရတဲ့ အရင်းအနှီးကို တခြား Secondary sectors တွေကို ကျွန်တော်တို့က Invest လုပ်နိုင်အောင် လုပ်မယ်ဆိုရင်တော့ ကောင်းမယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျ။ ကျွန်တော်က အဲဒီလို ဆွေးနွေးချင်ပါတယ်။

အစီအစဉ်မှူး။ ။ဒါလည်း ကောင်းတဲ့သုံးသပ်ချက်တစ်ရပ်ပါ။ လုပ်ငန်းရှင်ရဲ့ အကျိုးစီးပွားကိုလည်း ထည့်တွက်ရမယ်။ လုပ်ငန်းရှင်မရှိရင် သယံဇာတကို ဘယ်လိုထုတ်ယူရမှန်းမသိဘူး။ ဘာပဲပြောပြော ထုတ်ယူမှုအားနည်းသွားနိုင်တယ်။ သူ့ကိုလည်း အဆက်မပြတ်တဲ့ဟာမျိုးဖြစ်စေရမယ်။ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရမယ်ဆိုရင်တော့ မျှတလိမ့်မယ်လို့သုံးသပ်မိပါတယ်။ ဒါနဲ့ ပတ်သက်ပြီး DG ကြီး ဆွေးနွေးပေးပါဦး။

ဒေါက်တာရဲမြင့်ဆွေ။ ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်တာနဲ့က Balance လုပ်ယူလို့ရပါတယ်။ ဒါကြောင့်လည်း လက်ရှိကာလ ဒီခေတ်တွေမှာ Sustainable Miningတို့၊ Green Mining တို့ဆိုတဲ့ ဝေါဟာရတွေ ပေါ်လာပါတယ်။ တကယ်တော့ ပတ်ဝန်းကျင်တစ်ခုကို စနစ်တကျ Systematic Mining approach သွားနိုင်ရပါမယ်။ နောက်တစ်ခါ EIA၊ SIA တွေ သေချာလုပ်မယ်၊ သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်တွေသေချာလုပ်မယ်၊ ဒေသတွင်း စီးပွားဖွံ့ဖြိုးတိုးတက်မှုတွေကို အကူအညီပေးသွားမယ့် CSR လုပ်ငန်းတွေ လုပ်မယ်ဆိုရင် Green mining၊ Sustainable mining ဖြစ်လာပါမယ်။ စနစ်တကျ ဆောင်ရွက်သွားမယ်ဆိုရင် ပတ်ဝန်းကျင်ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ လုပ်သွားလို့ရပါတယ်။

တချို့နိုင်ငံတွေမှာဆိုရင် ပတ်ဝန်းကျင်တစ်ခုဟာ သတ္တုတွင်းတစ်ခု ထူထောင်ပြီးတော့ ပိုပြီး စိမ်းလန်းစိုပြည်သွားတာတွေလည်း ရှိတယ်။ လုပ်ငန်းဆောင်ရွက်သူတွေက လုပ်ကြဖို့ပဲလိုတယ်။ ကျွန်တော်တို့က သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်တွေ စနစ်တကျလုပ်ရမယ်၊ EIA၊ SIA တွေမှာ ပါထားတဲ့အတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ကြမယ်၊ နောက် CSR တွေ သေချာလုပ်မယ်၊ Replantation, Reclamation တွေ သေချာလုပ်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စကားတစ်ခုတောင်မှရှိတယ်။ တစ်ခါတလေ Photo Copy က Original ထက် ပိုပြီးတော့ ထင်တယ်ဆိုတာ၊ နဂိုသိပ်မကောင်းတဲ့ ပတ်ဝန်းကျင်ကို ဒီထက် ပိုပြီးတော့ စိမ်းလန်းစိုပြည်သွားအောင်လုပ်လို့ရတယ်။ ကျွန်တော်တို့က လုပ်ကြဖို့ပဲလိုတယ်။ အကောင်အထည်ဖော်နိုင်ဖို့ပဲ လိုပါတယ်။ သတ္တုတူးလိုက်လို့ ပတ်ဝန်းကျင်ကြီး သုံးမရအောင် ပျက်စီးသွားမယ်ဆိုတာ မဟုတ်ပါဘူး။ လုပ်ငန်းဆောင်ရွက်သူတွေရဲ့ အပြုအမူတွေ၊ လိုက်နာဆောင်ရွက်မှုတွေ အပေါ်မှာပဲ မူတည်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၉

အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းမောင်နှင့် အထွေထွေအတွင်းရေးမှူး ဦးနေမင်းကျော်တို့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းမောင်

အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီ အထွေထွေအတွင်းရေးမှူး ဦးနေမင်းကျော်

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား။

ကျွန်တော်ကတော့ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီရဲ့ ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းမောင် ဖြစ်ပါတယ်။ ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ နိုင်ငံရေးလိုအပ်ချက်အရ ထွက်ပေါ်ခဲ့တဲ့ပါတီ ဖြစ်ပါတယ်။ ရွေးကောက်ပွဲများကတစ်ဆင့် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းနဲ့သာ ဒီမိုကရေစီလွတ်လပ်ခွင့်တွေကိုရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ခဲ့တယ်။ အကျိုးဆက်အဖြစ် လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး အနိုင်ရရှိခဲ့ပြီး ပထမအကြိမ်လွှတ်တော်မှာ NDF ပါတီအနေနဲ့ ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးနိုင်ခဲ့ပါတယ်။

ထင်ရှားတာတွေကို တင်ပြရရင် စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကတစ်သိန်းရရှိရေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ဈေးကွက်ပေါက်ဈေးနဲ့အညီဖြစ်ရေး၊ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ် တိုးမြှင့်ရရှိရေး၊ သီးနှံအာမခံစနစ်ဖြစ်ပေါ်ရေး၊ အလုပ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ ဆက်သွယ်ရေးဥပဒေကြမ်း တင်သွင်းပြီး လက်ကိုင်ဖုန်း ဆင်းကတ်တွေ ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရေးတွေကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါဟာ ပြည်သူ့အကျိုးကို လက်ငင်းထမ်းရွက်မယ်ဆိုတဲ့ ကျွန်တော်တို့ပါတီရဲ့ သဘောထား ခံယူချက်ကြောင့် ဖြစ်ပါတယ်။ NDF ပါတီဟာ ဥပဒေပြုရေးမှာဖြစ်စေ၊ အုပ်ချုပ်ရေးမှာဖြစ်စေ၊ လူထုနိုင်ငံရေးထဲမှာဖြစ်စေ ပြည်သူကို အလုပ်အကျွေးပြုဖို့ နောက်တွန့်နေမယ့်ပါတီ မဟုတ်ပါဘူး။ ပြည်သူက ခိုင်းသည်ဖြစ်စေ၊ မခိုင်းသည်ဖြစ်စေ ပြည်သူ့အတွက် ထမ်းရွက်မယ့်ပါတီမျိုး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားမယ်လို့ ပြတ်ပြတ်သားသား ကြွေးကြော်ခဲ့တာ ဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားဆိုတာ တိုင်းရင်းသားပြည်သူအားလုံးရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကျိုးစီးပွားတွေကို ဆိုလိုပါတယ်။ ဒါကြောင့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ မွေးရာပါကိုယ်ပိုင်အမှတ်လက္ခဏာတွေနဲ့ ပြည်သူအားလုံးရဲ့ မွေးရာပါအခွင့်အရေးတွေအပေါ် အထူးလေးစားတန်ဖိုးထားတယ်လို့ ပြောချင်ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အပြည့်အဝလက်ခံတဲ့ပါတီလည်း ဖြစ်ပါတယ်။ ဒါမှသာ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ တန်းတူညီမျှခြင်းနဲ့ သာယာဝပြောခြင်းရဲ့ အရသာတွေကို တိုင်းရင်းသားပြည်သူအားလုံး ခံစားရရှိနိုင်မှာဖြစ်တယ်လို့ အခိုင်အမာယုံကြည်ပါတယ်။

ပြည်သူ့အကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်နေတဲ့ ပါတီဟာ အခု ပြည်သူ့ရှေ့မှောက် ရောက်နေပါပြီ။ အဲဒါ NDF ပါတီပါပဲ။ ကျွန်တော်တို့ပါတီဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ခေတ်ဦးမှာ ထက်ကြပ်မကွာ လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ အချုပ်အခြာအာဏာ ထိပါးမခံရရေး၊ မြန်မာ့ပိုင်နက်နယ်မြေကျူးကျော်မခံရရေး၊ ဘာသာ၊ သာသနာကိုးကွယ်ခွင့်ကို ထိပါးစွက်ဖက်မခံရရေး စတဲ့ အမျိုးသားလုံခြုံရေးနဲ့ အမျိုးသားအကျိုးစီးပွားအရေးတွေမှာ နိုင်ငံရေးသတိရှိရှိ မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိတဲ့ ပါတီဖြစ်ပါတယ်။ ဒါကို ရဟန်းရှင်လူ ပြည်သူများ သိရှိကြပြီး ဖြစ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား။

ကျွန်တော်တို့ပါတီဟာ နိုင်ငံနဲ့ပြည်သူအကျိုးကို သယ်ပိုးတဲ့နေရာမှာ သိသာထင်ရှားတဲ့ နိုင်ငံရေးလုပ်ရပ်တွေ ရှိခဲ့တာကို အနည်းငယ်တင်ပြချင်ပါတယ်။ ပြီးခဲ့တဲ့ ပထမအကြိမ်လွှတ်တော်တုန်းက လယ်ယာမြေနဲ့အခြားမြေများ မတရားသိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေးကော်မရှင်မှာ ပါဝင်ခဲ့တဲ့ NDF လွှတ်တော်ကိုယ်စားလှယ်တွေဟာ သိမ်းဆည်းခံမြေအချို့ကို မူလပိုင်ရှင်တွေလက်ထဲ ပြန်ရအောင် လုပ်နိုင်ခဲ့တယ်။ ဧရာဝတီ၊ ကရင်၊ ကချင်၊ ရန်ကုန်နဲ့ မန္တလေးတိုင်းဒေသကြီးတွေမှာ ဖြစ်ပါတယ်။ ဒါတွေကို လွှတ်တော်မှတ်တမ်းတွေမှာ အထင်အရှားတွေ့နိုင်ပါလိမ့်မယ်။ အထူးသဖြင့် ကချင်ပြည်နယ် ဟူးကောင်းတောင်ကြားက မြေလွတ်မြေရိုင်းအချို့ အပါအဝင်ဖြစ်တယ်။ ဒါကြောင့် NDF ပါတီဟာ ရွေးကောက်ပွဲနီးမှ ပြည်သူ့ကြားမှာ ပေါ်လာတဲ့ ပါတီမျိုး မဟုတ်ပါဘူး။ ပြည်သူ့လိုအင်ဆန္ဒနဲ့အညီ နစ်နာမှုတွေကို ဖြည့်ဆည်းဖို့ ခံယူလုပ်ဆောင်လျက်ရှိတဲ့ပါတီဖြစ်တယ်ဆိုတာ အားလုံးသိနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် NDF ပါတီဟာ ယုံကြည်အားကိုးထိုက်တဲ့ ပါတီဖြစ်ကြောင်း အတိအလင်း ရဲရဲဝံ့ဝံ့ ပြည်သူကို ချပြပြောကြားလိုက်ပါတယ်။ ဘာကြောင့်လဲဆိုရင် NDF ပါတီဟာ နိုင်ငံနဲ့ပြည်သူကို ဘယ်တော့မှ သစ္စာမဖောက်တဲ့ ပါတီဖြစ်လို့ပါပဲ။

နိုင်ငံတော်ဆိုတဲ့ နိုင်ငံရေးစကားဟာ ပြည်သူကို ညွှန်းဆိုတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ဘဝ လုံခြုံဖို့၊ ကျန်းမာချမ်းသာဖို့၊ ပညာကြွယ်ဝဖို့၊ ဝမ်းဝစေဖို့နဲ့ မိမိနိုင်ငံကို ချစ်မြတ်နိုးစေဖို့အတွက် နိုင်ငံရေးကို လုပ်နေကြတာဖြစ်ပါတယ်။ နိုင်ငံရေးရဲ့အခြေခံဟာ စားဝတ်နေရေးပါပဲ။ ပြည်သူတွေ စားဝတ်နေရေး မပြေလည်ရင် တိုင်းပြည်ရဲ့ နိုင်ငံရေးဟာ ကျဆုံးမယ်ဆိုတာ ဧကန်မုချပါပဲ။ နိုင်ငံအတွက် စီးပွားရေးဟာ အလွန်အရေးကြီးပါတယ်။ စီးပွားရေးကို ကောင်းကောင်းနားလည်ပြီး ကိုင်တွယ်တတ်တဲ့ အစိုးရတွေအောက်မှာ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့နေကြမှာပါ။ စီးပွားရေးရဲ့အရေးပါမှုကို နားမလည်၊ စီးပွားရေးမလုပ်တတ်တဲ့ အစိုးရတွေအောက်မှာ အုပ်ချုပ်ခံပြည်သူတွေရဲ့ စားဝတ်နေရေးဟာ မပြေမလည်ရှိနေမှာ ဖြစ်ပါတယ်။ ပါတီတွေဟာ ပြည်သူတွေကို ထိထိရောက်ရောက် အကျိုးပြုနိုင်မယ့်၊ ခေတ်အခြေအနေနဲ့ ကိုက်ညီတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမူဝါဒတွေ ရှိဖို့လိုပါတယ်။ NDF ပါတီကတော့ လူနေမှုဘဝတွေ အဆင်ပြေမှ လွတ်လပ်မှုအရသာကို ခံစားရမယ်ဆိုတဲ့ လူမှုရေးကိုအခြေပြုတဲ့ လူမှုလွတ်လပ်ခွင့်ဝါဒနဲ့ စီးပွားရေးမှာ ဥပဒေတွေနဲ့ ထိန်းကွပ်ပေးတဲ့ အစိုးရ၊ ပုဂ္ဂလိက ရောပြွမ်းထားတဲ့ ဈေးကွက်စီးပွားရေးပုံစံကို ချမှတ်ထားပါတယ်။ ဒါဟာ ထားစရာမရှိအောင် ချမ်းသာသူတွေနဲ့ စားစရာမရှိအောင် ဆင်းရဲသူတွေအကြား ဆင်းရဲချမ်းသာကွာဟမှုကြီးကို ကျဉ်းကျုတ်စေဖို့ ရည်ရွယ်ချမှတ်ထားတာပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား။

ကျွန်တော်ကတော့ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီရဲ့ အထွေထွေအတွင်းရေးမှူး ဦးနေမင်းကျော် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ ဆင်းရဲနွမ်းပါးသူဦးရေ ၂၆ ရာခိုင်နှုန်းခန့်ရှိနေပါတယ်။ အဲဒီအထဲမှာ တောင်သူလယ်သမားတွေက အများစုဖြစ်ပါတယ်။ အဲ့ဒီတောင်သူတွေဟာ သဘာဝဘေးဒဏ်တွေနဲ့ ဈေးကွက်အခြေအနေတွေကြောင့် စီးပွားရေးနာလန်မထူနိုင်ဘဲ လှော်ရင်းနစ်နေကြတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးနိုင်တဲ့မြေဧက သန်း ၄၀ ကျော် ရှိပါတယ်။ ဧက ၁၉ သန်းနီးပါးကိုပဲ အခုစိုက်ပျိုးနိုင်ပါသေးတယ်။ လယ်ယာစီးပွားနဲ့ ကြီးပွားတဲ့ နိုင်ငံတွေမှာလို မြေလွတ်တွေရှိသမျှ အကုန်စိုက်နိုင်မယ်ဆိုရင် ဆင်းရဲမွဲတေမှုကို အတော်အတန် ထိန်းချုပ်နိုင်ပါလိမ့်မယ်။ သဘာဝဘေးဒဏ်တွေကတော့ နှစ်စဉ်ရှိနေမှာပါပဲ။ ဒါတွေကို ကျော်လွှားနိုင်အောင် တောင်သူတွေအနေနဲ့ မိုးလေဝသနဲ့ ချိန်ဆစိုက်ပျိုးတဲ့ နည်းလမ်းတွေကို သုံးဖို့လိုလာပြီဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီက မိုးလေဝသနဲ့ယှဉ်တဲ့ စိုက်ပျိုးရေးကို ကျင့်သုံးဖို့ ပထမအကြိမ်လွှတ်တော်မှာ တင်သွင်းခဲ့ပါတယ်။

လယ်လုပ်သူတိုင်း လယ်ပိုင်ခွင့်ရှိရေးကို NDF ပါတီက မူအဖြစ် ချမှတ်ထားပါတယ်။ တရုတ်၊ ဗီယက်နမ်နဲ့ ထိုင်းနိုင်ငံတွေမှာလို နှစ် ၃၀ ဂရန်နဲ့ မြေယာပိုင်ဆိုင်ခွင့်ရှိမယ်ဆိုရင် နောက်ပြီး စိုက်နိုင်တဲ့မြေဧက သန်း ၄၀ လုံးကို ခေတ်မီနည်းပညာများနဲ့အညီ စိုက်ပျိုးထုတ်လုပ်နိုင်မယ်ဆိုရင် မြန်မာနိုင်ငံဟာ လယ်ယာကုန်ထုတ်ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်ပါတယ်။ အဆုံးတစ်နေ့မှာ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ အခုလိုတင်ပြနေတာတွေဟာ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကြောင်း အသိပေးတင်ပြခြင်းဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ မြတ်ဗုဒ္ဓက ဟောပြောဆိုဆုံးမခဲ့တဲ့ စကားတစ်ခွန်းကို နိုင်ငံရေးနဲ့ယှဉ်ပြီး အတုယူမှတ်သားဖို့ တင်ပြချင်ပါတယ်။ အဲဒါကတော့ တစ်ဆင့်ကြားစကားနဲ့လည်း မယုံနဲ့။ အစဉ်အဆက် ယုံကြည်ခဲ့တာမို့လည်း မယုံနဲ့။ အကြီးအကဲတွေက ယုံကြည်လိုက်ပါဆိုတိုင်းလည်း မယုံနဲ့။ သူတို့ဟာ သင်တို့အကျိုးရှိအောင် လုပ်ပေးခဲ့ဖူးသလား။ ပြောစကား သက်သက်ပဲလားဆိုတာ ခွဲခြမ်းစိတ်ဖြာပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ကြပါ။ မိမိ၊ သူတစ်ပါး၊ ပြည်သူများအတွက် အကျိုးရှိရင် ယုံလိုက်ကြလို့ ဟောခဲ့ပါတယ်။ အခု မဲထည့်တဲ့နေရာမှာလည်း အထက်မှာတင်ပြခဲ့သလို ပြည်သူ့အကျိုးကို တကယ်ဆောင်ရွက်ပေးခဲ့တဲ့ပါတီလား၊ ရှေ့စကား၊ နောက်စကား ညီတဲ့သူတွေရော ဟုတ်ရဲ့လား၊ မဲရပြီးတဲ့နောက် ပြည်သူရှေ့မှောက် ရောက်မလာဘဲ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြတဲ့ ပါတီလား ဆိုတာကို သုံးသပ်ပြီး အမှန်တကယ် ပြည်သူကို အကျိုးပြုမယ့်ပါတီနဲ့ ပြည်သူကိုလေးစားတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ယုံယုံကြည်ကြည်နဲ့ မဲပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။

အလျဉ်းသင့်လို့ ကျွန်တော်တို့ပါတီရဲ့ လက်ငင်းနိုင်ငံရေးသဘောထားကို အကျဉ်းချုပ်တင်ပြချင်ပါတယ်။ အဲဒါတွေက ငြိမ်းချမ်းရေးဆိုတာ ပြည်သူတွေ အလိုလားဆုံးကိစ္စကြီးဖြစ်လို့ ပြည်သူအားလုံးအတွက် မဖြစ်မနေ ကြိုးပမ်းရေး၊ ကုန်ဈေးနှုန်းကြီးမြင့်လာမှုကြောင့် တစ်နေ့တခြားကြီးထွားလာတဲ့ ပြည်သူတွေရဲ့ နေ့စဉ်စားဝတ်နေရေး အကျပ်အတည်းကို တတ်စွမ်းသမျှ အလေးထားဆောင်ရွက်ပေးရေးနဲ့ မြန်မာ့အချုပ်အခြာအာဏာ ထိပါးလာမှုကို ဘယ်တော့မှလက်သင့်မခံတုံ့ပြန်ကာကွယ်ရေး စတာတွေကို တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်နဲ့ ဆတက်ထမ်းပိုး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပြောကြားလိုပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား။

အထွေထွေ ရွေးကောက်ပွဲ ဆိုတာ ငါးနှစ်မှတစ်ကြိမ် ကြုံရတာပါ။ ဒီမိုကရေစီစနစ်မှာ ပြည်သူ့ဆန္ဒဟာ နိုင်ငံကိုအုပ်ချုပ်ဖို့ အဆုံးအဖြတ်ဖြစ်ပါတယ်။ မဲပေးလည်း မထူးပါဘူးဆိုပြီး မပေးဘဲနေကြရင် ပြည်သူတွေဟာ မိမိတို့ကြမ္မာ မိမိတို့ ဖန်တီးခွင့်ကို မိမိတို့ကိုယ်တိုင်က လက်လွှတ်လိုက်ကြတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် မဲပေးကြပါ။ မဲမပေးဘူးဆိုရင် လူတစ်စုလက်ထဲမှာ ပြည်သူတွေရဲ့ အချုပ်အခြာအာဏာပိုင်ခွင့်ကြီးကို ဝကွက်အပ်လိုက်သလို ဖြစ်ပါလိမ့်မယ်။ တိုင်းပြည်နဲ့ ပြည်သူ့အကျိုးကို တကယ်လုပ်မယ့် နိုင်ငံရေး အစဉ်အလာနဲ့ နိုင်ငံရေးသိက္ခာရှိတဲ့ NDF ပါတီကို မဲပေးကြပါ။ အဲဒီလိုမဲပေးမယ်ဆိုရင် နိုင်ငံရေးနောင်တရစရာမရှိဘူးလို့ အတိအလင်းပြောချင်ပါတယ်။

မဲပေးတဲ့နေရာမှာလည်း ပြည်သူ့အကျိုးကို အမှန်တကယ်သယ်ပိုးမယ့် ပါတီနဲ့ ပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးအစွန်းအထင်းမရှိ၊ အပြစ်ကင်းစင်တဲ့ပါတီနဲ့ ပုဂ္ဂိုလ်တွေကို မဲပေးကြဖို့လိုပါတယ်။ ဒါမှ နိုင်ငံရေးအဆိုးကျော့ သံသရာကနေ လွတ်မြောက်နိုင်ပါလိမ့်မယ်။ ဒီလိုမဟုတ်ဘဲ ပြည်သူ့အာဏာတည်ရာ မဲတစ်ပြားကို အလေးမထား ပေါ့ပေါ့တန်တန်ယူဆပြီး မစဉ်းမစား မဲထည့်မမှားကြဖို့ တိုက်တွန်းလိုပါတယ်။

NDF ပါတီဟာ ဒီမိုကရေစီကို မောင်ပိုင်စီးမယ့် ရွေးကောက်ခံအာဏာရှင်ဝါဒ(Electoral dictatorship)ကို လက်မခံပါဘူး။ တစ်ပါတီစနစ်ကို မလိုလားကြတဲ့ ပြည်သူတွေဟာ လွှတ်တော်တွေထဲကို ပါတီစုံရောက်အောင် ကြိုးစားရွေးချယ်နိုင်ပါမှ ရွေးကောက်ခံအာဏာရှင်ဝါဒက လွတ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် တိုင်းရင်းသားပါတီများအပါအဝင် လွှတ်တော်ထဲမှာ ပါတီစုံပါဝင်နိုင်စေဖို့ ရည်ရွယ်ပြီး ပထမအကြိမ်လွှတ်တော်မှာ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် PR ကို NDF ပါတီက အလေးအနက်ထား တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

တစ်ပါတီအာဏာရှင်စနစ်ဖြစ်စေ၊ ရွေးကောက်ခံအာဏာရှင်ဝါဒဖြစ်စေ တစ်ပါတီတည်းက လွှမ်းမိုးထားတဲ့အတွက် အပြန်အလှန် ထိန်းကျောင်းနိုင်ခွင့်၊ တည့်မတ်နိုင်ခွင့်၊ ဝေဖန်အကြံပြုနိုင်ခွင့်တို့ ဆုံးရှုံးတတ်ကြပါတယ်။ ဒါကြောင့် နိုင်ငံနဲ့ ပြည်သူ့အကျိုးစီးပွားအတွက် အထက်ပါချို့ယွင်းချက်တွေကို ဖယ်ရှားနိုင်ဖို့ ပါတီစုံ ပါဝင်ခွင့်ရနိုင်တဲ့ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် PR ကို မြန်မာနိုင်ငံမှာ ကျင့်သုံးနိုင်ရေး ကျွန်တော်တို့ပါတီက ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား။

အခုကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ မိမိတို့ဆိုင်ရာ ဒေသအလိုက် ပြည်သူ့အကျိုးအတွက် အားကိုးရမယ့် ပုဂ္ဂိုလ်နဲ့ပါတီကို ရွေးချယ်ပြီး မဲပေးကြဖို့ တိုက်တွန်းချင်ပါတယ်။ NDF ပါတီရဲ့ ခမောက်တံဆိပ်သင်္ကေတကို ပြည်သူတွေက ရွေးချယ်မဲပေးပြီး တာဝန်ပေးလာမယ်ဆိုရင် ကျွန်တော်တို့ NDF ပါတီဟာ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်အပြည့်နဲ့ ပြည်သူ့အကျိုးအတွက် ကြိုးပမ်းထမ်းရွက်သွားမှာ ဖြစ်ကြောင်း ရဲရဲကြီးကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို လေးစားပါတယ်။

Apple ကုမ္ပဏီအား အမေရိကန်တွင် ထုတ်ကုန်များထုတ်လုပ်ရန် သမ္မတထရန့် အကြံပြု

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်နည်းပညာမြင့် Apple ကုမ္ပဏီအား တရုတ်နိုင်ငံ၏ သွင်းကုန်ပစ္စည်းများအပေါ် တတိယအကြိမ်အခွန်ကောက်ခံခြင်းကို ရှောင်ရှားရန် ဆန္ဒရှိပါက အမေရိကန်နိုင်ငံတွင်သာ စက်ရုံများတည်ဆောက်ပြီး ထုတ်ကုန်များဆက်လက်ထုတ်လုပ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကုမ္ပဏီအနေဖြင့် the Apple Watch နှင့် စမတ်အသံချဲ့စက်များအပါအဝင် တရုတ်နိုင်ငံလုပ် ထုတ်ကုန်များအတွက် အခွန်အခပေးဆောင်ရမည်ဖြစ်သည့်အတွက် အခွန်စည်းကြပ်ကောက်ခံခြင်းနှင့် ပတ်သက်ပြီး လွန်စွာ စိုးရိမ်ပူပန်မိပါကြောင်း Apple ကုမ္ပဏီတာဝန်ရှိသူများက ဆိုသည်။

တရုတ်ကုန်ပစ္စည်းများ တင်ပို့မှုအပေါ် အခွန်အခကောက်ခံလျက်ရှိသည့်အတွက် the Apple ထုတ်ကုန်များ ဈေးတက်နိုင်ဖွယ်ရှိကြောင်း သမ္မတထရန့်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

သမ္မတထရန့်က the Apple ကုမ္ပဏီအား ၎င်း၏ထုတ်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံတွင် ထုတ်လုပ်မည့်အစား အမေရိကန်နိုင်ငံတွင် ထုတ်လုပ်ရန် အကြံပြုပြောကြားခဲ့သည်။ အမေရိကန်တွင် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက မည်သည့်အခွန်အခကိုမျှ ပေးဆောင်ရန်မလိုကြောင်း သမ္မတထရန့်က ဆိုသည်။

အမေရိကန်၏ တရုတ်သွင်းကုန်ပစ္စည်းများအပေါ် အခွန်အခကောက်ခံခြင်းသည် ယခင်ပထမနှင့် ဒုတိယအကြိမ်ကဲ့သို့ နည်းပညာမြင့် ထုတ်ကုန်ပစ္စည်းများအပေါ် ရည်ရွယ် ကောက်ခံခြင်းပြုမည်မဟုတ်ဘဲ စားသောက်ကုန်ပစ္စည်းများအပေါ် ကောက်ခံရန်ဖြစ်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

သွင်းကုန်များအပေါ် တတိယအကြိမ် အခွန်အခတိုးမြှင့်ကောက်ခံမှုသည် စားသုံးသူများအား အလွန်အမင်း ထိခိုက်နိုင်ခြေရှိသော်လည်း သမ္မတထရန့်က နိုဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီ သူ၏ ပြင်းထန်သော ကုန်သွယ်မှု မူဝါဒကို လက်ကိုင်ထားလျက် ရှိကြောင်းသိရသည်။

အင်န်အိတ်ချ်ကေ

မြောက်ကိုရီးယားနိုင်ငံ ထူထောင်မှု နှစ် (၇၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြပွဲကြီး ကျင်းပ

ပြုံယမ်း စက်တင်ဘာ ၉

မြောက်ကိုရီးယားနိုင်ငံ ထူထောင်မှု နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် စစ်ရေးပြပွဲ အခမ်းအနားကို မြို့တော် ပြုံယမ်းတွင် စက်တင်ဘာ ၉ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း၊ သို့ရာတွင် ယခုနှစ်၏ စစ်ရေးပြပွဲတွင် တိုက်ချင်းပစ် ပဲ့ထိန်းဒုံးပျံများကို ခင်းကျင်းပြသခြင်းမရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

စစ်ရေးပြပွဲတွင် စစ်သည်များက တပ်ဖွဲ့ယူနစ်အလိုက် စုဝေးချီတက်ခဲ့ကြပြီး အမြောက်ကားများနှင့် သံချပ်ကာကားများကလည်း အင်အားပြပါဝင်ခဲ့ကြသည်။

စစ်ရေးပြပွဲတွင် ခေါင်းဆောင်ကြီးကင်က တရုတ်နိုင်ငံနှင့် သွေးစည်းညီညွတ်မှုရှိပုံကို ဖော်ကျူးမှုအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အထူးသံတမန်နှင့်အတူ စစ်ရေးပြပွဲကို ရှုစားခဲ့သည်။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအဖြစ် တရားဝင်အမည်တွင်သော မြောက်ကိုရီးယားနိုင်ငံသည် ဒုတိယကမ္ဘာစစ်၏ နောက်ဆုံးနေ့ရက်များအတွင်း နှစ်ပိုင်းကွဲခဲ့ရသော ကိုရီးယားကျွန်းဆွယ်တွင် မြောက်ဘက်ပိုင်း၌ တည်ရှိနေသော နိုင်ငံဖြစ်သည်။ ရုရှားတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့တို့က တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့ကို သိမ်းပိုက်ခဲ့ကြသည်။ ယင်းနောက် ၁၉၄၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် မြောက်ကိုရီးယားက ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံအဖြစ် ကြေညာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် နှစ်ပေါင်း အတန်ကြာမျှ ဒုံးလက်နက်ထုတ်လုပ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် အခွင့်သာခဲ့သည်။ နည်းပညာသုတေသနလုပ်ငန်းများ အောင်မြင်မှုရရှိခဲ့သည်နှင့်အမျှ အမေရိကန်ပြည်ထောင်စုအထိ ရောက်ရှိအောင် ပစ်ခတ်နိုင်စွမ်းရှိသော ဒုံးလက်နက်ကိုပင် ထုတ်လုပ်နိုင်သည့် အခြေအနေအထိ တိုးတက်ခဲ့သည်။

သို့ရာတွင် မကြာသေးမီကာလမှစ၍ တောင်ကိုရီးယားနိုင်ငံနှင့် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနှင့်လည်းကောင်း သံတမန်ရေးဆက်ဆံမှု တိုးတက်ကောင်းမွန်လာခဲ့သည်။ ခေါင်းဆောင်ကြီးကင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့်ဇွန်လက ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်နိုင်ခဲ့ပြီး ယခုလနှောင်းပိုင်းတွင်လည်း မြို့တော် ပြုံယမ်းတွင် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ထားသည်။

ဒေသဆိုင်ရာ ဆက်ဆံရေး တိုးတက်လာမှုနှင့်အတူ ယခုနှစ်တွင် ပြုလုပ်သော စစ်ရေးပြပွဲတွင် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးလက်နက်များကို အင်အားပြသမှုအဖြစ် ခင်းကျင်းပြသခြင်း မရှိပေ။

အေအက်ဖ်ပီ

ဆင်းရဲသားကလေးများ စာတတ်မြောက်မှုတိုးစေရေး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အိန္ဒိယ ဆင်နွှဲ

နယူးဒေလီ စက်တင်ဘာ ၉

လူထုလူတန်းစားများအတွင်း၊ ဆင်းရဲသားများအတွင်း၊ ဖိနှိပ်ခံပြည်သူများအတွင်း၊ ခိုကိုးရာမဲ့ ပြည်သူများအတွင်း စာတတ်မြောက်မှု တိုးပွားလာစေရေးနှင့် ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး ဦးတည်ချက်များနှင့်အတူ "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို အိန္ဒိယနိုင်ငံတွင် စက်တင်ဘာ ၈ ရက်က ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒေလီတောင်ပိုင်းရှိ နက်ဆာရေးအရပ်တွင် လူထုစည်းဝေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် "အိန္ဒိယစာတတ်မြောက်ရေးအဖွဲ့" က ကြီးမှူးကျင်းပသော လူထုစည်းဝေးပွဲတွင် လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲနွမ်းပါးသော မိသားစုဝင်များမှ ကလေးများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အိန္ဒိယစာတတ်မြောက်ရေးအဖွဲ့ကို ၁၉၉၈ ခုနှစ်တွင် ထူထောင်ခဲ့ပြီး ယခုအခါ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၁၅ ပြည်နယ်တွင် စာပေလေ့လာရေးဌာန ၁၀၀ ကျော်အထိ ဖွင့်လှစ်ထားနိုင်ပြီဖြစ်သည်။

အဆိုပါအဖွဲ့၏ ရည်မှန်းချက်များအဖြစ် ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအား အခြေခံ အရေး၊ အဖတ်၊ အတွက် သင်ကြားပေးရန်လည်းကောင်း၊ ပညာသင်ယူခွင့်မရရှိသော လူငယ်များအတွက် ကျွမ်းကျင်မှုပညာ လေ့ကျင့်ပေးရန်လည်းကောင်း ဦးတည်ချက်ထားရှိသည်။ ဆင်းရဲသော ကလေးများနှင့် ပညာဆည်းပူးနိုင်ခွင့်မရသော လူငယ်များသည် မိသားစုဝင်ငွေ တိုးစေရေးအတွက် အချိန်ပိုင်းအလုပ်အကိုင်များတွင် လုပ်ကိုင်လာနိုင်စေရန် ယင်းအဖွဲ့က မြှင့်တင်အားပေးလျက်ရှိသည်။

မိမိ၏ စာပေလေ့လာရေးဌာနတွင် အသက်လေးနှစ်မှ အသက် ၁၅ နှစ် အကြားရှိ ကလေး ၃၀၀ ကျော်တို့ ပညာဆည်းပူးလျက်ရှိကြကြောင်း၊ ဖော်ပြပါကလေးများအနက် ပညာထူးချွန်သူ ကလေးများကို ပုဂ္ဂလိက စာသင်ကျောင်းများတွင် ဆက်လက်ပညာသင်ယူစေပြီး ပညာသင်စရိတ်ကို မိမိတို့ ထောက်ပံ့ပေးလျက်ရှိကြောင်း ဒေလီတောင်ပိုင်း၌ ဖွင့်လှစ်ထားသော စာပေလေ့လာရေးဌာန၏ ညွှန်ကြားရေးမှူး မန်ဂျူးဂါယာက ပြောကြားသည်။

ဆင်ဟွာ

မြေငလျင်ဒဏ်ခံခဲ့ရသော ဟော့ကိုင်းဒိုးကျွန်းသို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး သွားရောက်

တိုကျို စက်တင်ဘာ ၉

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် မြေငလျင်ဘေးဒဏ် ကျရောက်ခဲ့သော နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးကျွန်းသို့ စက်တင်ဘာ ၉ ရက်တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဟော့ကိုင်းဒိုးကျွန်းတွင် မြေငလျင်လှုပ်မှုကြောင့် သေဆုံးခဲ့ရသူပေါင်း ၃၇ ဦးအထိ ရှိပြီဟု အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ဝန်ကြီးချုပ် အာဘေးသည် မြေငလျင်ဘေးဒဏ် အဓိကခံစားခဲ့ရသော အာဆုမာ့မြို့သို့ သွားရောက်ခဲ့သည်။ ဟော့ကိုင်းဒိုးကျွန်း တောင်ပိုင်းရှိ အာဆုမာ့မြို့သည် မြေငလျင်ဗဟိုချက်နှင့် အနီးဆုံးမြို့ဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေရဆဲဖြစ်သည်။ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များအပါအဝင် ကယ်ဆယ်ရေးအဖွဲ့ဝင်ပေါင်း ၁၈၀၀ ခန့်က ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျိုဒို

မော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပါက မန်ယူနည်းပြဖြစ်လိုကြောင်းနှင့် တိုနီခရုစ်၊ အယ်လ်ကန်တာရာနှင့် ကာဗာနီတို့ကို ခေါ်ယူမည်ဟု ဇီဒန်းဆို

ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်းတစ်ဦးဖြစ်သည့် ဇီဒန်းသည် မန်ယူအသင်းက နည်းပြမော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပါက မန်ယူအသင်းနည်းပြ ဖြစ်လိုကြောင်းနှင့် မန်ယူအသင်းနည်းပြဖြစ်လာပါက ခေါ်ယူမည့်ကစားသမားစာရင်းကိုပါ ဖွင့်ဟပြောကြားလာခဲ့သည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲတွင် နှစ်ပွဲရှုံးနိမ့်ခဲ့ခြင်းကြောင့် ဖိအားပေးခြင်းခံထားရပြီး ဘန်လေအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့်သာ ဖိအားလျော့ကျခဲ့သူဖြစ်သည်။ သို့ရာတွင် မန်ယူအသင်းနည်းပြဖြစ်လာရန်အတွက် နည်းပြဇီဒန်းက ချိတ်ဆက်မှုများပြုလုပ်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ထို့ပြင် နည်းပြဇီဒန်းအနေဖြင့် မန်ယူအသင်းနည်းပြဖြစ်လာပါက ရီးယဲလ်မက်ဒရစ်အသင်းကစားသမား တိုနီခရုစ်၊ ဘိုင်ယန်မြူးနစ်ကစားသမား သီယာဂိုအယ်လ်ကန်တာရာ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားချထားသည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ကာဗာနီတို့ကို ခေါ်ယူမည်ဖြစ်ကြောင်းလည်း ပြောကြားလာခဲ့သည်။

နည်းပြဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းကို ဘောလုံးရာသီသုံးရာသီကိုင်တွယ်ခဲ့ရာတွင် ချန်ပီယံလိဂ်ဖလားကို သုံးရာသီဆက်တိုက်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့်နည်းပြတစ်ဦးဖြစ်သည်။

ထို့ပြင် နည်းပြဇီဒန်းသည် ၂၀၁၇ ခုနှစ်အတွင်း စပိန်လာလီဂါဖလားကို ရယူဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကမ္ဘာ့ကလပ်ဖလားကိုလည်းလည်း ရီးယဲလ်မက်ဒရစ်အသင်းအတွက် ရယူပေးနိုင်ခဲ့သူဖြစ်သည်။

လက်စတာစီးတီးအသင်း နောက်ခံလူ မာကွိုင်ယာ ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

လက်စတာစီးတီးအသင်းနောက်တန်းကစားသမား မာကွိုင်ယာသည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ်ရှိ မာကွိုင်ယာသည် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ရာတွင် အင်္ဂလန်အသင်း၏ အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

နောက်တန်းကစားသမား မာကွိုင်ယာသည် ၂၀၁၇ ခုနှစ် ဇွန်လအတွင်းက ဟားစီးတီးအသင်းမှ လက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် လက်စတာစီးတီးအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ထိုသို့ ကလပ်အသင်းတွင်ရော နိုင်ငံအသင်းတွင်ပါ ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်း၏ ခေါ်ယူရန်ပစ်မှတ်ထားခြင်းကိုလည်း ခံခဲ့ရသူဖြစ်သည်။

မာကွိုင်ယာသည် ယခု ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင်လည်း လက်စတာစီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်လေးပွဲစလုံးပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်မူ လက်စတာစီးတီးအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ငွေကြယ် - ရေးသားသည်

ဘောလုံးလောက သတင်းတိုများ

- အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ၎င်း၏ ကစားသမားဘဝကို မေဂျာလိဂ်တွင် အဆုံးသတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- **ဘယ်လ်ဂျီယံနောက်တန်းကစားသမား ဗာတွန်ဂန်သည် လက်ရှိကလပ် စပါးအသင်းနှင့် တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။**
- ဘာမင်ဂမ်စီးတီးအသင်းသည် အသက် ၃၀ အရွယ်ရှိ ဘူဂေးလ်ရီးယားဂိုးသမား မီဟေးလော့ဗ်အား စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- **လီဗာပူးအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖာဘင်ဟိုသည် မိုနာကိုအသင်းမှ ပေါင် ၄၄ သန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပရီမီယာလိဂ်တစ်ပွဲမျှ ပွဲထွက်ကစားခွင့်ရရှိခဲ့သေးခြင်းကြောင့် ပရီမီယာလိဂ်ပွဲစဉ်တစ်ပွဲစတင်ပွဲထွက်ကစားခွင့်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။**
- အိုင်ယာလန်ဂိုးသမား ဂါဗင်ဘာဇူနူအား ခေါ်ယူရန် ချယ်လ်ဆီး၊ စပါးတို့နှင့်အပြိုင် မန်စီးတီးကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

ချယ်လ်ဆီး နောက်တန်းကစားသမားဟောင်း ဂျွန်တယ်ရီ စပါးတပ်မော်စကိုနှင့် တစ်နှစ်သက်တမ်းရှိစာချုပ်ချုပ်ဆိုမည်

ချယ်လ်ဆီးအသင်းနှင့် အင်္ဂလန်အသင်းတို့၏ နောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် ဂျွန်တယ်ရီသည် ရုရှားကလပ်စပါးတပ်မော်စကိုအသင်းနှင့် တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဂျွန်တယ်ရီသည် ပြီးခဲ့သည့်ဘောလုံးရာသီကုန်က အက်စ်တွန်ဗီလာအသင်းမှ ထွက်ခွာခဲ့သူဖြစ်ပြီး ရုရှားကလပ် စပါးတပ်မော်စကိုအသင်းတွင် ကျန်းမာရေးဆေးစစ်မှုများ စက်တင်ဘာ ၈ ရက်က ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

တယ်ရီသည် အက်စ်တွန်ဗီလာအသင်းတွင် ဆက်ရှိမည်ဟု လူသိရှင်ကြားကြေညာထားခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အက်စ်တွန်ဗီလာအသင်း၌ ဆက်ရှိနေမည်ဟု သတင်းများအရိပ်အမြွက်ထွက်ပေါ်ခဲ့သူဖြစ်သည်။

သို့ရာတွင် တယ်ရီအနေဖြင့် စပါးတပ်မော်စကိုအသင်းသို့သာ ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီး စပါးတပ်မော်စကိုအသင်းမှာ ရုရှားပရီမီယာလိဂ်၌ ဇင်းနစ်အသင်းနောက်တွင် အမှတ်ပေးဇယား၏ ဒုတိယနေရာက ရပ်တည်လျက်ရှိကြောင်း သိရသည်။

တယ်ရီအနေဖြင့် စပါးတပ်မော်စကိုသို့ ပြောင်းရွှေ့ခဲ့မည်ဆိုပါက ယူရိုပါလိဂ်တွင် အင်္ဂလန်လက်ရွေးစင်အသင်းကစားဖော်ဟောင်းစတီဗင်ဂျာရတ်၏ ရိန်းဂျားအသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်းလည်းသိရသည်။

ရူဘင်နီဗက်စ်ကို ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် မန်ယူနှင့်မန်စီးတီး အပြိုင်ကြိုးပမ်းမည်

မန်ချက်စတာမြို့ခံပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ဝုလ်ဗက်အသင်းကွင်းလယ်ကစားသမား ရူဘင်နီဗက်စ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန်အတွက် အပြိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် အသင်း၏ ကွင်းလယ်ပိုင်းကို အားဖြည့်ရန်အတွက် ပေါ်တူဂီကွင်းလယ်ကစားသမား ရူဘင်နီဗက်စ်ကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြထားသည်။

သည်ဆန်းသတင်းဌာန၏ ဖော်ပြချက်အရ မန်ယူအသင်းနည်းပြမော်ရင်ဟိုကလည်း မြို့ခံပြိုင်ဘက်မန်စီးတီးအသင်းနှင့် အပြိုင်ကွင်းလယ်ကစားသမား ရူဘင်နီဗက်စ်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ရူဘင်နီဗက်စ်သည် ၂၀၁၇ ခုနှစ်အတွင်းက ပေါ်တူဂီကလပ် ပေါ်တိုအသင်းမှ ဝုလ်ဗက်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် ပရီမီယာလိဂ်လေးပွဲကစားအပြီးတွင် တစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၅ ပြား၊ ပွိုင့် ၂၂ ကျည်တောင့် ၂၀၊ မိုင်း ၁၄ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

မြဝတီ စက်တင်ဘာ ၉

မြဝတီမြို့ ၅ ရပ်ကွက် တရုတ်ဘုံကျောင်းရှေ့၌ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မြဝတီမြို့တွင်းမှ မြို့ပြင်သို့ အမှတ် ၅ ရပ်ကွက်နေ ကျော်ခိ မောင်းနှင်ပြီး တစ်မြို့တည်းနေ နန်းညိုညိုအေး၊ စောကျော်ထု၊ လှိုင်းဘွဲ့မြို့နယ်နေ စောဒိကလူး လိုက်ပါလာသည့် KYN 9G/---Fortuner ယာဉ်ကို ရပ်တန့်စစ်ဆေးရာ စောဒိကလူးထံမှ တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံး တစ်လုံး(ဖြူ့စ်ပါ)နှင့် ယာဉ်မောင်းထိုင်ခုံနောက်ကျောတွင် ချိတ်ဆွဲထားသည့် လွယ်အိတ်အတွင်းမှ ပွိုင့် ၂၂ ကျည်တောင့် ၂၀၊ WY/R စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၄၄၅ ပြားနှင့် ငွေကျပ် ၁၀၀၀၀၀ တို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ၄ ရပ်ကွက်ရှိ ကျော်ခိ၏နေအိမ်ကို ဆက်လက်ရှာဖွေရာ T-628 အမျိုးအစားခါတ်ခဲ ၁၂ လုံးပါ အိမ်တွဲလျက်မိုင်း ရှစ်လုံး၊ BELL SOUTH T-388 အမျိုးအစားခါတ်ခဲ ၁၂ လုံးပါ အိမ်တွဲလျက် မိုင်း ခြောက်လုံး၊ T-628 အမျိုးအစားရီမုတ်နှစ်ခု၊ TEST စာတန်းပါမိန်းခုံ နှစ်ခု၊ အရှည် ၁၃ ပေခွဲခန့်ရှိ ယမ်းကြိုးတစ်ချောင်း၊ TNTအမျိုးအစားယမ်းပျော့ ၁၅ တောင့်၊ ဒီတိုနေတာ အခု ၂၀ တို့အား ထပ်မံသိမ်းဆည်းရမိသဖြင့် ကျော်ခိပါ လေးဦးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဘုရင့်နောင်တံတားအဆင်း၌ YBS ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်

ရန်ကုန် စက်တင်ဘာ ၉

လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတားအဆင်း၌ YBS ခရီးသည်တင်ယာဉ်တစ်စီး ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်က အနောက်ပိုင်းတက္ကသိုလ်မှ သခင်မြပန်းခြံသို့ ယာဉ်မောင်း ရာဇာထွန်း (၃၃)နှစ် မောင်းနှင်လာသော YBS ၂၃ ယာဉ်လိုင်းမှ ယာဉ်အမှတ် (9N-....)ဟွန်ဒိုင်း အမျိုးအစား (မိုးပြာရောင်)ခရီးသည်တင်ယာဉ်မှာ လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်း ဘုရင့်နောင်တံတားအဆင်းအရောက်တွင် ယာဉ်နောက်ခန်း အင်ဂျင်အပူလွန်ကဲပြီး ဝိုင်ယာကြိုးများ မီးလောင်ရာမှ စတင်၍ မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ယာဉ်နောက်ဘက်ရှိ နေကာမှန်တစ်ချပ်နှင့် အတွင်းရှိ ဝိုင်ယာကြိုးအနည်းငယ် မီးလောင်ခဲ့ပြီး ခရီးသည်များ အချိန်မီဆင်းနိုင်သဖြင့် ထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ လှိုင်သာယာမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ လှိုင်သာယာစက်မှုဇုန်မှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဘုရင့်နောင်ပွဲရုံမှ မီးငြိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

"ရွှေရောင်သမိုင်း" အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းက လူနာတင်ယာဉ်တစ်စီးဖြင့် အသင့်ကူညီနိုင်ရန် သွားရောက်ခဲ့ကြောင်းလည်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ယာဉ်မောင်း ရာဇာထွန်းအား လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ပွင့်သစ္စာ

ဝိုင်းမော်၊ ချမ်းအေးသာစံနှင့် သံဖြူဇရပ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၉

မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာအုပ်စု နှောင်းမော်ကျေးရွာနေ ကျန္တရားဗဟာဒူး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ တို့ကို လည်းကောင်း။

ကျန္တရားဗဟာဒူးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ချမ်းအေးသာစံ

အလားတူ ယင်းနေ့ ညနေ ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် သီရိဟေမာ (အနောက်)ရပ်ကွက်၊ ၂၆ လမ်း× ၉၂ လမ်းနှင့် ၉၃ လမ်းကြားရှိ The Queen Motel အခန်းအမှတ်(--)ကိုရှာဖွေရာ အခန်းအတွင်း၌ မညွန့်စိန်နှင့် မကြူအေးတို့အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

သံဖြူဇရပ်

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခန့်က သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သံဖြူဇရပ်မြို့ ကြံ့ခိုင်ရေးရပ်ကွက် ညမွှေးပန်းလမ်းရှိ အောင်မျိုးဦး(ခ)မျိုးဦး၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ အောင်မျိုးဦး(ခ)မျိုးဦး၊ အောင်သူ(ခ)ကွန်ဒွေ၊ အောင်မင်းသန်းနှင့် ဝင်းထိန်တို့အား အတူတွေ့ရှိ၍ ဝင်းထိန်မှာ အဖမ်းမခံဘဲ ထွက်ပြေးသွားသဖြင့် ၎င်းချွတ်ထားသည့် အင်္ကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြား၊ ဧည့်ခန်းရှိ ကော်ဘူးအတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၉၀၊ လေသေနတ် နှစ်လက်၊ ငွေကျပ် ၂၁၄၀၀၀၊ မော်တော် ဆိုင်ကယ်နှစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ဓားတစ်ချောင်းနှင့် စကောဘာဓား နှစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၁၀-၉-၂၀၁၈(တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ MRTV Travelogue
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၀ BBC Click
- ၉း၃၅ "ကလိုင်းရွာမှ ချစ်စရာ့ပလိုင်း"
- ၉း၄၅ ရတနာ့အလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Abu Simble"(Egypt)
- ၁၀း၃၀ စိုက်ပျိုးရေးရာအဖြေရှာ "သဘာဝစိမ်းပြာရေညှိထုတ်လုပ်ရာ စစ်ကိုင်းဇုန်မှာ"
- ၁၀း၄၅ လုံမမှတ်စု
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၅၀ "လူ လူ လူ လူသည် ရောင်းကုန်မဟုတ်ပါ"
- ၁၃း၃၅ Tasty Trip
- ၁၄း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၁၈)
- ၁၅း၃၀ "ဒီမိုကရေစီစိတ်ထား" (အပိုင်း-၁) (ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ ကြည်စိုးထွန်း)

ညပိုင်း

- ၁၆း၂၅ 'အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သင်္ချာအထူးပြု)(သင်္ချာ)
- ၁၇း၀၅ This Week's Special Interest
- ၁၇း၃၀ Yes or No Talk Show
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဥပဒေရေးရာအဖြာဖြာ
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၄၁)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ"**
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၁၇)
- **- အစီအစဉ်ပြီး၏။**

ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၉ စီး၊ သွင်းကုန် ၅၅၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၂၀၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈၈၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၇၂၃ သန်းခန့်) စုစုပေါင်းတားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၆၀၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Express ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပလတ်စတစ်ပြား(ကြီး) 10 Pkgs၊ ပလတ်စတစ်ပြား(သေး) 20 Pkgs၊ အသားကြိတ်စက် 12 Pkgs၊ နံရံကပ်တီဗွီစင် 25 Pkgs နှင့် Chain Spocket 10 Pkgs (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၈၈၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးသက်လွင်က စက်တင်ဘာ ၇ ရက်တွင် နတ်စင်ကုန်းကျေးရွာ အထက၌ ကျောင်းသား ကျောင်းသူများအား မှူခင်းပပျောက်စေရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောစဉ်။

ကိုရဲ

အရှေ့ဘက်က ခရီးသွားဈေးကွက်အကြောင်း လေ့လာမိသမျှ . . .

မောင်နေ (အရာထမ်း)

ယမန်နေ့မှအဆက်

ဒုတိယမြောက်နေ့ ညနေပိုင်းမှာတော့ The Development of Internet and Tourism ဆိုတဲ့ခေါင်းစဉ် အောက်က Tourism Plus ဆိုတဲ့အတွေးအခေါ် အထိ ဈေးကွက် သဘောတရားများကို ရှန်ဟိုင်းအခြေစိုက် ထုံချန်း ခရီးသွားကုမ္ပဏီမှ လာရောက်ရှင်းလင်းဆွေးနွေးပါ တယ်။ ဒီနေရာမှာ မှတ်သားစရာအဖြစ် တင်ပြလိုတာက တော့ ခရီးစဉ်မဝယ်ယူမီ (Pre Purchase) နဲ့ ခရီးစဉ် ဝယ်ယူလည်ပတ်ပြီး (Post Purchase) အခြေအနေ နှစ်ရပ်နဲ့ လူမှုကွန်ရက်အင်တာနက် အသုံးဝင်ပုံများကို Marketing မှာအရေးပါတဲ့ 4Ps ရွေးချယ်လိုတဲ့ဝယ်ယူသူ (People)၊ ဈေးနှုန်း (Price)၊ ရောင်းချလိုတဲ့ထုတ်လုပ်မှု (Product)၊ ရောင်းချလိုတဲ့ထုတ်လုပ်မှုနဲ့ ဝယ်ယူသူ ထိတွေ့နိုင်မယ့် အခွင့်အလမ်း (Place) စတာတွေနဲ့ ချိတ်ဆက်ပြီး ဆွေးနွေးသွားခဲ့တာပဲဖြစ်ပါတယ်။

ခရီးသွားပညာသုတေသနနယ်ပယ် ဒါမှမဟုတ် စာရင်းအင်းအချက်အလက်စီမံခန့်ခွဲမှုနယ်ပယ်မှာပဲ ဖြစ်ဖြစ် စားသုံးသူတစ်ဦးရဲ့ ဝယ်ယူရန်ဆုံးဖြတ်ချက် (Purchasing Decision) ချမှတ်ဖို့ အတွက်ဘယ်လို သတင်းအရင်းအမြစ်တွေက အဓိကကျလဲသိချင်ရင် အသုံးများတဲ့ questionnaire လို့ခေါ်တဲ့မေးခွန်းလွှာ အပိုင်း(က) (Part A) မှာ ပါဝင်တဲ့ လူမှုစီးပွားဆိုင်ရာ အချက်အလက် Demographic factor တွေမှာ အမြဲ မေးလေ့ရှိတာကတော့ ခရီးစဉ်ဒေသတစ်ခုကို သွား ရောက်ဖို့ ဘယ်လိုနည်းနဲ့ သတင်းရရှိဆုံးဖြတ်ခဲ့လဲ ဆိုတာလေးမေးလေ့ရှိပါတယ်။ ဒီနေရာမှာ (Yes/ No) အနေနဲ့မဟုတ်ဘဲ ရွေးချယ်ဖို့ (Option) တွေပေးရပါ တယ်၊ သူငယ်ချင်း၊ ဆွေမျိုးမိဘ၊ အင်တာနက်၊ Website၊ Social Media (online, offline), TV, Operator၊ အစ ရှိသဖြင့် Option ပေးပြီးတော့မေးရပါတယ်။ ရလာတဲ့ Data တွေကို Frequency ရှာပြီး ရာနှုန်းခွဲကြည့်ရုံနဲ့ ဘယ်ဈေးကွက်က (ဘယ်နိုင်ငံသားက) သူတို့သွားမယ့် ခရီးစဉ်ဒေသကို ဘယ်လိုအများဆုံး သိသလဲဆိုတာကို (Pre Purchasing Decision) ခရီးစဉ် မဝယ်ယူမီဆုံးဖြတ် ရွေးချယ်နိုင်ရန် သတင်းအချက်အလက်အဖြစ်မှတ်ယူ နိုင်ပါတယ်။ Demographic factor လူမှုစီးပွားဆိုင်ရာ အချက်အလက်တွေဟာ အသက်အရွယ်၊ ဓလေ့စရိုက်နဲ့ နိုင်ငံ ကွာခြားတာနဲ့အမျှ ကွဲပြားသွားပါတယ်။

သဘာဝစရိုက်လက္ခဏာ

တရုတ်လူမျိုးခရီးသွား (Chinese Tourist)၊ ဈေးကွက် ကို ရွေးချယ်လိုတဲ့ ဝယ်ယူသူ (People) ကို ပစ်မှတ်ထား ရွေးချယ်ပြီး ခရီးစဉ်ဒေသတွေရောင်းချတော့မယ်ဆိုရင် အဲဒီဈေးကွက်ရဲ့ သဘာဝစရိုက်လက္ခဏာတွေကို သိရှိ ထားဖို့လိုပါတယ်။ တရုတ်လူမျိုးတွေအနေနဲ့ကတော့ အသက်အရွယ် ၂၅-၄၄ နှစ်အတွင်း ခရီးသွားအများဆုံး ဖြစ်ပြီး ခရီးစဉ်ဒေသရဲ့ သတင်းအချက်အလက်ကို ၎င်း တို့ရဲ့အဓိက Social Network ဖြစ်တဲ့ Wechat မှသိရှိခြင်း၊ ဆွေမျိုးမိတ်ဆွေတွေထံက သိရှိခြင်းနဲ့ Operator မှ တစ်ဆင့် သိရှိခြင်းတွေသာ အများဆုံးဖြစ်ပါတယ်။ ဒါဟာ တရုတ် လူမျိုးများ အချိန်အများဆုံးအသုံးပြုတဲ့သတင်းရင်းမြစ် တွေဖြစ်သလို ရောင်းချလိုတဲ့ ထုတ်လုပ် မှုနဲ့ ဝယ်ယူသူထိ တွေ့နိုင်မယ့် အခွင့်အလမ်း (Place) လည်းဖြစ်နေတာ တွေ့ရပါတယ်။ တရုတ်ခရီးသွားဈေးကွက်အတွက် ကတော့ ယင်းတို့ဘာသာစကားနဲ့ Wechat ကတစ်ဆင့် တွင်ကျယ်နိုင်ရင်ပဲ လုံလောက်နေပြီဖြစ်မှာပါ။ ဒီလို ဆောင်ရွက်ခြင်းဟာ (Promotion Channel) တစ်ခုဖြစ် တဲ့ (Social Network) ကို အသုံးပြုခြင်းပဲ ဖြစ်ပါတယ်။

ခရီးစဉ်ဒေသကို အရောင်းမြှင့်တင်ခြင်း လုပ်ခဲ့ပြီးလို့ မိမိတို့ခရီးစဉ်ဒေသဟာထင်ရှားတဲ့ခရီးစဉ် တစ်ခုဖြစ် လာပြီဆိုရင် ခရီးသွားလုပ်ငန်းဆိုင်ရာ ရောင်းချမှု ခရီးစဉ်ဘက်ကိုလှည့်ရဦးမှာပါ။ သာဓကအနေနဲ့ ခရီး သွားညှော်သည်ဆိုတဲ့ ငါးကိုမျှားဖို့ အဲဒီငါးတွေဘယ်မှာ ရှိသလဲအရင်သိရမှာပါ။ နောက်ပြီး အဲဒီငါးအမျိုး အစား ဘာကြိုက်တတ်လဲသိဖို့လိုပါတယ်။သူတို့ကြိုက် တတ်တဲ့ ငါးမျှားစာကို ချနိုင်အောင်လုပ်ဖို့လိုပါတယ်။ တရုတ်နိုင်ငံကတော့ ကမ္ဘာလှည့်ခရီးသွားတွေလာရောက် ဖို့ လုထုအခြခံလှုပ်ရှားမှုတွေ ရိုးရာပွဲတော်တွေ၊ ရိုးရာအစားအစာတွေ၊ ပန်းမန်နဲ့ သစ်သီးတွေ၊ သဘာဝ အမွေအနှစ်တွေကို နည်းပညာသုံးပြီး (Quality Experience) ဖြစ်အောင်စီစဉ်ပြီးမှ (Social Network) တွေကိုသုံးပြီး တီထွင်ဆန်းသစ်ရောင်းချတာမျိုး ဆောင်ရွက်ပါတယ်။ ၎င်းတို့ရဲ့ Product တစ်ခုစီကို Tourism Plus ဆိုတဲ့ အတွေးအခေါ်နဲ့ချဲ့ထွင်ရောင်းချ တာပဲဖြစ်ပါတယ်။ သာဓကအနေနဲ့ (Ocean) ဆိုတဲ့ အဏ္ဏဝါခရီးစဉ်ဒေသတစ်ခုကို ဟန်းနီးမွန်းနဲ့ ပေါင်းစပ်တွဲဖက်ရောင်းချခြင်း၊ Diving နဲ့ ပေါင်းစပ် တွဲဖက်ရောင်းချခြင်း၊ ရေပေါ်အားကစားနည်းများနဲ့ တွဲဖက်ရောင်းချခြင်း၊ ဖက်ရှင်နဲ့တွဲဖက်ရောင်းချခြင်း အစရှိသဖြင့် Tourism Plus ဆိုတဲ့ အတွေးအခေါ်နဲ့ ဖော်ဆောင်လုပ်ကိုင်နေကြတာပဲဖြစ်ပါတယ်။

သိရှိနားလည်ဖို့လို

အချုပ်အားဖြင့်တော့ မိမိတို့က တရုတ်ခရီးသွား ဈေးကွက် (People) လို့ ရွေးချယ်ခဲ့ရင် ရောင်းချလိုတဲ့ ထုတ်လုပ်မှု (Product) များကို တီထွင်ကြံဆ ပူးပေါင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ မိမိတို့ခရီးစဉ်ဒေသ မှာ ဘာတွေဟာ Product တွေဖြစ်ပါတယ်လို့ ကြေညာ ရောင်းချနိုင်မှာဖြစ်ပါတယ်။ ရောင်းချလိုတဲ့ ထုတ်လုပ်မှုနဲ့ ဝယ်ယူသူ ထိတွေ့နိုင်မယ့် အခွင့်အလမ်း (Place) ဆိုတဲ့ Channel ကိုတော့ B2B အသုံးပြုပြီး ခရီးသွားလုပ်ငန်း အချင်းချင်း အကျိုးတူ ဆောင်ရွက်နိုင်သလို Social Network သုံးပြီး ထိုးဖောက်ဆောင်ရွက် နိုင်ပါတယ်။တရုတ် ခရီးသွားဈေးကွက်ဟာ အာဆီယံနိုင်ငံများအတွက် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးလာနေတာ ကြောင့် ဒီဈေးကွက် ကိုဆောင်ရွက်မယ်ဆိုရင် ဆောင်ရန် ရှောင်ရန်များ ကိုလည်း သိရှိနားလည်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

> တရုတ်နိုင်ငံကတော့ ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်ဖို့ လုထုအခြခံလှုပ်ရှားမှုတွေ ရိုးရာပွဲတော်တွေ၊ ရိုးရာအစားအစာတွေ၊ ပန်းမန်နဲ့ သစ်သီး တွေ၊ သဘာဝအမွေအနှစ်တွေကို နည်းပညာသုံးပြီး Quality Experience ဖြစ်အောင်စီစဉ်ပြီးမှ Social Network တွေကိုသုံးပြီး တီထွင်ဆန်းသစ်ရောင်းချ . . .

တတိယနေ့ နံနက်ပိုင်းမှာတော့ အားလပ်နေပြီး ဟိုတယ်အနီးတစ်ဝိုက်ကိုသာ ဟိုဟိုဒီဒီသွားရောက်ဖြစ်ခဲ့ ပါတယ်။ နေ့လယ်ပိုင်းမှာတော့ တရုတ်နိုင်ငံရဲ့ Out Bound Tourism ကို နှစ်ပေါင်းများစွာကိုင်တွယ်လာတဲ့ ဝါရင့် ဧည့်လမ်းညွှန်တစ်ဦးကလာရောက်ဆွေးနွေးခဲ့ တာပဲဖြစ်ပါတယ်။ ဆွေးနွေးတဲ့ခေါင်းစဉ်ကတော့ The Development of China Out Bound Tourism ပဲဖြစ်ပါ တယ်။ အဓိကဆွေးနွေးတာကတော့ တရုတ်ခရီးသွား တွေရဲ့ ဓလေ့စရိုက်နဲ့ Out Bound Tourism ရဲ့ ကိန်း ဂဏန်းအချက်အလက်တွေပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံ ဟာ ခရီးသွားလုပ်ငန်းကို ၁၉၇၈ ခုနှစ်မှာစတင်ခဲ့တာ ဖြစ်ပြီး တရုတ်လူမျိုးများ ကမ္ဘာလှည့်ခရီးသွားခြင်း ကတော့ ၂၀၀၃ ခုနှစ်မှစတင်ခဲ့တာဖြစ်ပါတယ်။ ကာလ အားဖြင့် ၁၅ နှစ်ကြာခဲ့ပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အာဆီယံနိုင်ငံတွေဟာ တရုတ်ပြည်ပခရီးသွားဈေးကွက် အတွက် အထင်ကရ ခရီးစဉ်ဒေသတွေဖြစ်လို့လာနေပါ တယ်။

တရုတ်လူမျိုးတွေရဲ့ အမူအကျင့်အကြောင်း ဆွေးနွေးခဲ့ရာမှာတော့ တရုတ်နိုင်ငံကျယ်ဝန်းတာနဲ့ အမျှ၊ ဒေသတွေကွဲလွဲတာနဲ့အမျှ တရုတ်လူမျိုးများရဲ့ အကျင့်စရိုက်၊ ဘာသာစကားပြောင်းလဲတတ်ပေမယ့် ရေနွေးကြိုက်သော၊ ခေါက်ဆွဲ သို့မဟုတ် ထမင်းကြိုက် သော၊ အုပ်စုလိုက်ခရီးထွက် ဈေးဝယ်ထွက်ရတာကြိုက် သော၊ (Sightseeing) ထင်ရှားတဲ့နေရာဒေသတွေကို သွားရောက်ရတာ ကြိုက်သော တရုတ်လူမျိုးများရယ်လို့ အကြမ်းဖျဉ်းမှတ်ယူနိုင်ပါတယ်။

တရုတ်လူမျိုးခရီးသွား Out bound ဈေးကွက်ကို အဓိကအားဖြင့် (Typology) အမျိုးအစားသုံးခုခွဲနိုင် ပါတယ်။ (၁) အသုံးအစွဲကြီးပြီး အကောင်းစားကြိုက် သူ ကြေးရတတ်များ၊ (၂) အလယ်အလတ်တန်းစား အသုံးအစွဲကြီးသူများ၊ (၃) အခြေခံလူအများစုရယ်လို့ ဖြစ်ပါတယ်။ (၁ နဲ့ ၂) အမျိုးအစားများဟာ တရုတ် နိုင်ငံ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနဲ့အရှေ့တောင်ပိုင်း ဒေသတွေက မြို့ကြီးများဖြစ်တဲ့ ပေကျင်း၊ ရှန်ဟိုင်း၊ ကွမ်တုံ၊ ကွမ်ကျိုး၊နဲ့ ဟိုင်နန်တို့ကဖြစ်ပြီး အဲ့ဒီမြို့ကြီး တွေကလူဦးရေဟာသန်း ၁၀၀ အထက်မှာရှိနေတဲ့ အတွက် ကြီးမားတဲ့ Out bound ဈေးကွက်ရှယ်ယာ တည်ရှိနေတာပဲဖြစ် ပါတယ်။ ဒါကြောင့် ဒီဈေးကွက် ကို ကိုင်တွယ်ဝင်ရောက်မယ်ဆိုရင် တတ်နိုင်သမျှ ခရီးတာအကွာအဝေး အဆင်ပြေသက်သာအောင် တိုက်ရိုက်လေကြောင်းလိုင်းများ ချဲ့ထွင်ချိတ်ဆက်ပျံ သန်း ဖို့လိုအပ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ကတော့ အာဆီယံ+တရုတ် Open Skies Policy ကို သဘောတူ ညီချက်ရေးထိုး ထားတာဖြစ်လို့ အဲ့ဒီ သဘောတူညီချက် ကို ရည်ညွှန်းပြီး တိုက်ရိုက်လေကြောင်းလိုင်းများ ချိတ် ဆက်ပျံသန်းလိုတဲ့ ဆန္ဒရှိနေတာတွေ့ရပါတယ်။ တတိယ တန်းစားဖြစ်တဲ့ အခြေခံလူအများစု ဈေးကွက်အနေနဲ့ ကတော့ နေစဉ်နဲ့အမျှ တရုတ်နိုင်ငံပြည်ပ ခရီးသွား လုပ်ငန်းတွေမှာ (Booking) တွေ ပြည့်နေတတ်တယ် လို့ဆိုပါတယ်။ အဲဒီဈေးကွက်အတွက်ကတော့ သာမန် အစားအစာ၊ အိပ်ရာနဲ့ ရေနွေးစီစဉ်ပေးနိုင်ရင် အဆင် ပြေတယ်လို့ဆိုပါတယ်။

အနုပညာလက်ရာများ လေ့လာ

တရုတ်နိုင်ငံဟာ စီးပွားရေးကောင်းမွန်ပြည့်စုံနေပြီ ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေအနေနဲ့ တစ်လကို ငွေကျပ် ၁၀ သိန်း နီးပါးလောက်နဲ့ညီမျှတဲ့ ယွမ်ငွေကို ပျမ်းမျှရရှိနေပြီ ဖြစ်တဲ့အတွက် လူတိုင်းနီးပါးခရီးသွားနိုင်ပြီဖြစ်ပါတယ်။ အဆိုပါ Typology သုံးခုကို ထပ်မံအထူးပြုရာမှာ (၁) အသုံးအစွဲကြီးပြီး အကောင်းစားကြိုက်သူ ကြေးရတတ်များဟာ အပျော်စီး ပင်လယ်ကူး သင်္ဘော ခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ ပြတိုက်များနဲ့ အနုပညာလက်ရာများလေ့လာခြင်းကို နှစ်ခြိုက်ပြီး (၂) အလယ်အလတ်တန်းစား အသုံးအစွဲကြီးသူများ ကတော့ ရိုးရာဓလေ့ယဉ်ကျေးမှုလေ့လာခြင်း၊ အားလပ် ရက်ရှည်အပန်းဖြေခရီးစဉ်နဲ့၊ ခရီးစဉ်ဒေသရဲ့ ဆွဲ ဆောင်မှုတစ်ခုခုကြောင့် ခရီးသွားခြင်းတို့ကိုနှစ်ခြိုက် ပြီး (၃) အခြေခံလူအများစုကတော့ အုပ်စုလိုက် ခရီး သွားပြီး ခရီးစဉ်ဒေသရှုခင်းများကြည့်ရှုခြင်းနဲ့ မြို့ကြီး ပြကြီးများကို ခရီးသွားရတာနှစ်ခြိုက်တတ်ပါတယ်။

ခြုံငုံသုံးသပ်ကြည့်တဲ့ တရုတ်တွေရဲ့ စရိုက်လက္ခဏာ တွေကတော့ လက်ဖက်ရည်နဲ့ ရေနွေး ကြိုက်နှစ် သက်ပြီး နံနက်စာအတွက် ဆန်ပြုတ်နဲ့ မုန့်ညင်းချဉ်လို အချဉ်တစ်မျိုးမျိုး ခေါက်ဆွဲ၊ ထမင်းတို့ကို အဓိကစားပြီး ညစာမှာတော့ ခေါက်ဆွဲထမင်းနဲ့ ပေါက်စီတို့ကို စားသုံး လေ့ရှိပါတယ်။ ၎င်းတို့ရဲ့ ယဉ်ကျေးမှုစရိုက်အရ နံပါတ် တွေဟာအလွန်အရေးကြီးပြီး နံပါတ် ၄ ကို တရုတ် တွေ အလွန်မုန်းတီးတာဖြစ်ပါတယ်။ သေဂဏန်းလို့ ယူဆတာဖြစ်ပါတယ်။ နံပါတ် ၆ ကတော့ တရုတ် လူမျိုးတွေ ဘဝင်ခိုက်တဲ့ လပ်ကီးဂဏန်းဖြစ်ပါတယ်။ နံပါတ် ၈ ကတော့ ၎င်းတို့အတွက် အနာဂတ်အညွှန်း ကိန်းတစ်မျိုးဖြစ်ပြီး ငွေနဲ့ပတ်သက်တယ်လို့ သိရပါ တယ်။ ခရီးစဉ်အတွင်း စာရေးသူတို့ တည်းခိုတဲ့ ဟိုတယ် တွေမှာဆိုရင် အလွှာတိုင်းရဲ့နံပါတ်ရှေ့မှာ ၈ ဂဏန်း ခံထားပြီး ၈၁၀၄၊ ၈၂၀၅ အစရှိသဖြင့် အခန်းနံပါတ်တွေ ကိုပေးထားတာဖြစ်ပါတယ်။ ကြော်ငြာဘုတ်ကြီးတွေက ဖုန်းနံပါတ်များဟာလည်း ၆ ကဏန်း ၈ ဂဏန်း အပူးတွေများပါတယ်။ တရုတ်လူမျိုးများရဲ့ ရိုးရာလမုန့် ပွဲတော်နဲ့ နွေဦးပွဲတော်များနဲ့တိုက်ဆိုင်ခဲ့ရင် ခေါက်ဆွဲ ရှည်များ ပြင်ဆင်ကျွေးမွေးသင့်ကြောင်း အထူးသဖြင့် မွေးနေ့နဲ့ တိုက်ဆိုင်ချိန်မှာ အထူးပြင်ဆင်ကျွေးမွေး ခဲ့မယ်ဆိုရင် ဘယ်တော့မှမေ့မှာမဟုတ်တဲ့အကြောင်း သိရှိခဲ့ရပါတယ်။

ပုံပြင်သဖွယ် တင်ဆက်

တရုတ်လူမျိုးများဟာ တရုတ် ဘာသာစကားကိုပဲ အသုံးပြုတဲ့အတွက် ၎င်းတို့စိတ် အေးချမ်းကျေနပ်စေဖို့ မြေပုံများ၊ ဧည့်လမ်းညွှန်များ၊ လမ်းညွှန်များ၊ ရုပ်မြင် သံကြားလိုင်းများ၊ ရှင်းလင်းချက်များ၊ လမ်းညွှန် ဆိုင်းဘုတ်များဟာ တရုတ်ဘာသာစကားနဲ့ဖြစ်ရင် အသင့်တော်ဆုံးဖြစ်ကြောင်းနဲ့ တရုတ်လူမျိုးများ စိတ် ကျေနပ်မှုရရှိပါက အဲဒီအတွေ့အကြုံကို သူငယ်ချင်း၊ ဆွေမျိုးနဲ့ မိတ်သင်္ဂဟများကို ပုံပြင်သဖွယ်တင်ဆက်နေ မှာဖြစ်ပြီး နောက်ထပ်လာဖို့ အမြဲတိုက်တွန်းနေကြမှာ ဖြစ်တယ်လို့ဆိုပါတယ်။ တရုတ်ခရီးသွားများရဲ့ ၉၀ ရာနှုန်းနီးပါဟာ ကြေးရတတ်များနဲ့ ကျောင်းသား လူငယ်များပါဝင်ပြီး ၇၅ ရာနှုန်းဟာ ပညာအခြေခံ ဒီပလိုမာ သို့မဟုတ် ဘွဲ့ရပြီးသူများလို့ဆိုပါတယ်။

ခရီးသွားရခြင်းအကြောင်းများကတော့ Sightseeing၊ Luxury၊ ယဉ်ကျေးမှုဓလေ့များ လေ့လာခြင်း၊ ဆွေမျိုး နဲ့ မိတ်ဆွေတွေထံလည်ပတ်ခြင်း VFR၊ အစည်း အဝေးတက်ရောက်ခြင်းတို့ဖြစ်ပြီး Sightseeing ကတော့ အများဆုံးဖြစ်တယ်လို့ဆိုပါတယ်။ ခရီးစဉ်ရွေးချယ်ဖို့ လိုအပ်တဲ့ သတင်းရင်းမြစ်ကတော့ လူမှုကွန်ရက် ခရီးသွားအေးဂျင့်များ၊ မိသားစုမိတ်သင်္ဂဟများထံမှ အဓိကရရှိတာဖြစ်ပါတယ်။ ခရီးသွားရင်း ဆောင်ရွက် တဲ့ လှုပ်ရှားမှုတွေအနေနဲ့ Shopping ဖြစ်တယ်လို့ သိရပါတယ်။ ဥရောပ ထုတ်ကုန်ပစ္စည်းတွေဟာတရုတ် နိုင်ငံမှာ ၃၀ ရာခိုင်နှုန်းလောက်ပိုမို ဈေးကြီးတာကြောင့် ဥရောပရောက်ရင် တရုတ်လူမျိုးတွေဟာ အလု အယက်ဝယ်ယူလေ့ရှိပါတယ်။ ဒါကြောင့် ဥရောပ တိုင်းပြည်များက တရုတ်လူမျိုးခရီးသွားတွေရဲ့ တိုးကြိတ် မှု၊ ဆူညံကျယ်လောင်မှုစတာတွေကို လက်မခံနိုင် တဲ့ အတွက် ကန့်သတ်မှုများချမှတ်ဆောင်ရွက်ပြီး နိုင်ငံကူး လက်မှတ်တစ်စောင်ကို ကုန်ပစ္စည်းတစ်ခု၊ တစ်မျိုး လောက်သာဝယ်ယူခွင့်ပြုလာတာမျိုးတွေနဲ့ ကန့်သတ် ခဲ့တဲ့အတွက် တရုတ်နိုင်ငံဟာ မခံမရပ်နိုင်ထိခိုက်ခဲ့ရ ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းမူဝါဒကို အပြောင်း အလဲလုပ်ပြီး အာဆီယံနိုင်ငံတွေဘက် ခြေဦးလှည့်ခဲ့ တာဖြစ်ပြီး ၎င်းတို့ရဲ့ ဝယ်ယူမှု ကိုလက်ခံလိုတဲ့ တိုင်းပြည် များမှာသာ သုံးစွဲမယ်လို့ဆုံးဖြတ်ပြောင်းလဲခဲ့တာဖြစ် ပါတယ်။

စာမျက်နှာ ၁၇ သို့

ကြေးမုံ
စက်တင်ဘာ ၁၀၊ ၂၀၁၈

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကျောင်းဆောင်သစ်ဖွင့်ပွဲ တက်ရောက်

ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ အောင်ဆန်း အာရ်စီနှစ်ထပ်ဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းတို့က ပညာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ပညာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးသောင်(စီမံ)က ပညာရေးဝန်ကြီးဌာနမှ ပညာရည်မြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပညာရေးမူဝါဒ မျှော်မှန်းချက်များနှင့် ကျောင်းသားကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် ဆရာမိဘ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ၊ မဲဇလီ အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရီနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မတ္တရာတွင် အမရပူရခေတ်လက်ရာဟန် ရှေးဟောင်းဆင်းတုတော် အဆူ ၃၀ ကျော်တွေ့ရှိ

မန္တလေး စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပန်းယျကျေးရွာအုပ်စု စွယ်နီလေးထပ်ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီအတွင်းမှ အမရပူရခေတ်လက်ရာဟန် ဘုရားဆင်းတုတော်အဆူ ၃၀ ကျော်တွေ့ ရှိခဲ့သည်။

အဆိုပါ ရှေးဟောင်းဆင်းတုတော်များကို စက်တင်ဘာ ၃ ရက်က ကျောင်းဝင်းအတွင်း၌ သံဃာတော်များ သန့်ရှင်းရေးဆောင်ရွက်စဉ် ၎င်းကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီအတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စွယ်နီလေးထပ်ကျောင်း ဆရာတော်ဦးသုမနက မိန့်ကြားသည်။ "ရှေးဟောင်းဘုရားဆင်းတုတော်တွေ တွေ့ရှိတဲ့ ဒီစေတီနားမှာ သန့်ရှင်းရေးလုပ်ရင်းကိုရင်လေးတစ်ပါးက စေတီမှာအပေါက်ရှိတယ်ဆိုပြီး ပြောလို့ ဝင်ကြည့်တဲ့အခါမှာ စေတီရဲ့ ဌာပနာတိုက်ထဲက ဒီရုပ်ပွားတော်တွေကို တွေ့ရှိခဲ့တာပါ။ လက်ရှိမှာတော့ ရုပ်ပွားတော်တွေကို အများပြည်သူ ဖူးမြော်လို့ရအောင် စွယ်နီလေးထပ်ကျောင်းမှာပဲ အပူဇော်ခံထားပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

မတ္တရာမြို့နယ်တွင် ပုဂံ၊ အင်းဝ၊ အမရပူရနှင့် ရတနာပုံခေတ်လက်ရာ စေတီပုထိုး အများအပြားတည်ရှိသော်လည်း အမရပူရနှင့် ရတနာပုံခေတ် လက်ရာစေတီများကို အများဆုံး တွေ့ရှိရပြီး ယခု ရုပ်ပွားတော်များ တွေ့ရှိရာ စေတီမှာလည်း အေဒီ ၁၈ ရာစုအမရပူရခေတ်လက်ရာ ရှေးဟောင်းစေတီဖြစ်ကြောင်း မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်က ပြောသည်။

"ဒီစေတီရဲ့ အုတ်အနေအထားနဲ့ ဗိသုကာပညာရပ်တွေက အမရပူရခေတ် လက်ရာဖြစ်တယ်။ အခုတွေ့ရတဲ့ စကျင်ကျောက်နဲ့ ထုထားတဲ့ ရှေးဟောင်းရုပ်ပွားတော်တွေကလည်း အမရပူရခေတ်လက်ရာတွေဖြစ်ပါတယ်။ ဒီထဲမှာ ထူးခြားတာကတော့ ကြေးသွန်းဘုရားတစ်ဆူနဲ့ ရှင်ဥပဂုတ္တရဟန္တာ ကြေးသွန်းရုပ်ပွားတော်တွေက အင်းဝခေတ်လက်ရာ ဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အဆိုပါရှေးဟောင်းရုပ်ပွားတော်များကို အများပြည်သူဖူးမြော်နိုင်ရန် အပူဇော်ခံထားရှိထားသော်လည်း စေတီတည်မည့်အလှူရှင်ရှိပါက ၎င်းစေတီအတွင်း၌ ရုပ်ပွားဆင်းတုတော်များကို ဌာပနာသွင်း ထားရှိသွားမည်ဖြစ်ကြောင်း စွယ်နီလေးထပ်ဆရာတော် ဦးသုမနက ဆက်လက်မိန့်ကြားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်

ပဲခူး စက်တင်ဘာ ၉

၂၀၁၈ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူထံမှ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးငွေရှိန်က ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ တပ်ဖွဲ့ဆိုင်ရာ ကျင့်ဝတ် ၅၀ နှင့် အထွေထွေဗဟုသုတ ရေးဖြေပြိုင်ပွဲတွင်ဆုရရှိသူများ၊ ၂၀၁၇ခုနှစ် ပဲခူးတိုင်းကိုယ်စားပြု ထူးချွန်ကြက်ခြေနီများ၊ ၂၀၁၇ နှင့် ၂၀၁၈ နှစ်တွင် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် သွားရောက်ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင်များ၊ ဇူလိုင်နှင့် ဩဂုတ်လတွင် တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများတွင် ကယ်ဆယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးမှုများပေးအပ်ခဲ့သော မြို့နယ်အသင်းခွဲများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ (၁၁၅) မိုင် အရေးပေါ် ရှေးဦးပြုစုခြင်းစခန်းတွင် တာဝန်ထမ်းဆောင်နေသော ကြက်ခြေနီ စေတနာလုပ်အားရှင်များအား ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ကြက်ခြေနီလှုပ်ရှားမှုပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တပ်ဖွဲ့မှူးများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ မများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျဉ်တောက်ပေါက်ကျေးရွာ ကွန်ကရစ်လမ်းဖွင့်ပွဲတက်ရောက်

မန္တလေး စက်တင်ဘာ ၉

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရှောက်ပင်ရိုးကျေးရွာအုပ်စု ကျဉ်တောက်ပေါက်ကျေးရွာတွင် အရှည် ၁၂၅၃ ပေရှိ ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါလမ်းသစ်ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်အား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ဇူလိုင် ၂၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာအလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၂၄၇ ဒသမ ၃၅သိန်း အကုန်ကျခံခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

တိုတိုထွာထွာဖတ်စရာ

ပြည်သူ့အကျိုးပြုလုပ်ငန်း နောင်ချိုတွင်ဆောင်ရွက်

နောင်ချို

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီတွင် သပြေရေရပ်ကွက် သပြေတောင် သံသရာအေးစေတီ ပတ်ဝန်းကျင်လမ်းဘေး ဝဲ/ယာ တစ်လျှောက်နှင့် စေတီတော်ကြီးအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

စိုးဝင်း (နောင်ချို)

ဒဂုံမြို့သစ်(တောင်ပိုင်း)၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

ရန်ကုန်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် ၅၄ ရပ်ကွက် ပုဂံလမ်းမပေါ်ရှိ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားကတ်ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက်က ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ် ဦးစီးမှူး ဦးဗိုလ်မြင့်နှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

၅၄၈

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ကျေးရွာများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ဘားအံ စက်တင်ဘာ ၉

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက သံလွင်မြစ်ကမ်းဘေး ရေဘေးသင့်ကျေးရွာများဖြစ်သော တကောင်ဘိုးကျေးရွာနှင့် ကုန်းတန်းကြီးကျေးရွာများသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တကောင်ဘိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ရေဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အိမ်ထောင်စု ၂၀၀ အတွက် အဝတ်အထည်၊ ဆန်၊ ဆီ၊ ပဲ၊ ငါးပိကြော်၊ အာဟာရမုန့်၊ အားဖြည့်အချိုရည်၊ ပဲနို့ အစရှိသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကုန်းတန်းကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ အိမ်ထောင်စု ၆၀ အတွက် စားသောက်ကုန်ပစ္စည်းများထောက်ပံ့ခြင်းနှင့် သံလွင်မြစ်ကမ်းဘေးရှိ ကမ်းပြိုမည့်ဘေးနှင့် ကြုံတွေ့နေရသည့် နေအိမ် ကိုးလုံးအား ကြိုတင်ဖျက်သိမ်းနိုင်ရေးနှင့် ပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လူဦးရေ ၄၆ ဦး၊ အိမ်ထောင်စု ကိုးစုအား ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ပုံးတစ်ပုံးစီနှင့် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်ကိုးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အရှေ့ဘက်က ခရီးသွားဈေးကွက်အကြောင်း... စာမျက်နှာ ၁၅ မှ

တရုတ်ခရီးသွားတွေဟာ နှစ်စဉ် သန်း ၁၃၀ ကျော် ပြည်ပထွက်ခွာခရီးသွားနေကြပြီး ခုနစ်ရာခိုင်နှုန်း နှစ်စဉ် တိုးတက်လျက်ရှိပါတယ်။ ကမ္ဘာ့အကြီးဆုံး Out Bound ဈေးကွက်ကြီး ဖြစ်နေရခြင်း အကြောင်းကတော့ (၁) စီးပွားရေးပေါက်ကွဲမှုနဲ့အတူ ဝင်ငွေတိုးတက်လာပြီး ဘဝမှာ ပိုမိုကောင်းမွန်တဲ့ အတွေ့အကြုံ၊ အသုံးအဆောင်လိုအင်များ တိုးတက်ခြင်း၊ (၂) ပြည်တွင်းမှာ ရောင်းချတဲ့ နိုင်ငံခြားဖြစ် ကုန်စည်များရဲ့ အခွန်အခ မြင့်မားခြင်း၊ (၃) မိမိတို့ ချမ်းသာကြွယ်ဝမှုကို ပြသလိုခြင်း စတာတွေကြောင့်ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ပြည်ပခရီးသွားဈေးကွက်ရဲ့ ၆၀ ရာနှုန်းကတော့ Luxury Market ပဲ ဖြစ်တယ်လို့သိရပါတယ်။ တစ်ဖက်ကလည်း မြို့ပြများ အလွန်အမင်းဖွံ့ဖြိုးလာတာနဲ့ အမျှ မြို့ပြငြီးငွေ့မှုကို စတင်ခံစားလာရပြီ ဖြစ်တဲ့အတွက် သဘာဝတရားနဲ့ နီးစပ်ရာ ကျေးလက်ဒေသအလှအပတွေနဲ့ ရှေးဟောင်းအထိမ်းအမှတ်တွေရှိရာ ဒေသများကိုလည်း စိတ်ဝင်တစားချဉ်းကပ်လာနေပြီဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ ပြည်ပခရီးသွားဈေးကွက်ကြီးဟာ ကောင်းမွန်စွာကိုင်တွယ် ရောင်းချနိုင်မယ်ဆိုရင် မက်မောလောက်စရာ ခရီးသွားရတနာသိုက်ကြီး ဖြစ်လို့လာနေပါတယ်။ တစ်ဖက်ကလည်း စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ ကြိုတင်တွက်ဆ ဆောင်ရွက်မထားနိုင်ရင် မိမိတို့လိုလားတဲ့ ကောင်းမွန်တဲ့ ဈေးကွက်အမျိုးအစားမရရှိနိုင်ဘဲ သာမန်လူများစု ခရီးသွားအုပ်စုတွေသန်းပေါင်းများစွာ ဝင်ရောက်လာနိုင်ပြီး သဘာဝနဲ့ ယဉ်ကျေးမှုဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံကပြောတဲ့ တရုတ်ခရီးသွားဈေးကွက်အကြောင်းကို အခြေခံပြီး မြန်မာ့ခရီးသွားလုပ်ငန်းမှ စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်မယ်ဆိုရင် -

(က) ကောင်းမွန်တဲ့ ခရီးသွားဈေးကွက်ကို အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနဲ့၊ အရှေ့တောင်ပိုင်းက မြို့ကြီးများက ရရှိနိုင်ခြင်း

(ခ) တရုတ်ခရီးသွားများရဲ့ စရိုက်လက္ခဏာရပ်များကို ပိုမိုနားလည်သဘောပေါက် ကိုင်တွယ်နိုင်ရန်၊ လေ့လာရေးအဖွဲ့များဖြင့် သုတေသနပြုဆောင်ရွက်ခြင်း

(ဂ) အင်တာနက် လူမှုကွန်ရက်ကို မိုဘိုင်းဖုန်းများဖြင့် အသုံးပြုဝယ်ယူပေးချေမှုများအတွက် ပြင်ဆင်ကြော်ငြာ ရောင်းချဆောင်ရွက်ခြင်း

(ဃ) တရုတ်ခရီးသွားဈေးကွက် စောင့်ကြည့်မြှင့်တင်ရေးအတွက် တရုတ်ခရီးသွားဈေးကွက် ဆောင်ရွက်နေသူများပါဝင်သည့်ယူနစ်တစ်ခု ဖွဲ့စည်းထားရှိခြင်း

(င) တတ်နိုင်သမျှ ခရီးတာအကွာအဝေး အဆင်ပြေသက်သာအောင် တိုက်ရိုက်လေကြောင်းလိုင်းများ ချဲ့ထွင် ချိတ်ဆက်ပျံသန်းခြင်း

(စ) ဗီဇာရရှိမှု လွယ်ကူအဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း

(ဆ) ခရီးစဉ်အတွင်း ခရီးသွားလှုပ်ရှားမှုတိုင်းအတွက် သင့်တင့်လျောက်ပတ်တဲ့ ဝန်ဆောင်မှု၊ ထုတ်ကုန်များ (Product) အတွေ့အကြုံများ (Experiences) များ ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိခြင်း

(ဇ) တရုတ်နိုင်ငံ သံရုံး၊ တရုတ်နိုင်ငံမှ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများနဲ့ ချိတ်ဆက်ပြီး မြန်မာ့ခရီးသွားလုပ်ငန်းမှ ထုတ်ဝေထားတဲ့ ဆောင်ရန်ရှောင်ရန် (Dos & Don’ts) များကို အသိပညာ ပေးခြင်း

(ဈ) ခရီးသည် မြှင့်တင် ဖိတ်ခေါ်ခြင်းနဲ့ သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ ထိန်းသိမ်းခြင်းလုပ်ငန်း နှစ်ရပ်အကြား ဟန်ချက်မျှစေရန် ထိန်းကျောင်းခြင်းစတဲ့ အချက်များကို အခြေခံ ဆောင်ရွက်ပြီး တရုတ်ခရီးသွား ဈေးကွက်ကို မြှင့်တင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

ရေတာရှည်မြို့နယ်တွင် တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ပေး

ရေတာရှည် စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပျဉ်းမနားမြို့အလတ်စားစက်ပြင်ဌာန၊ မကွေးမြို့ အလတ်စားစက်ပြင်ဌာန၊ ရန်ကုန်ပင်မစက်ပြင်ဌာန၊ ရေတာရှည်မြို့ အမှတ် (၄၈) စက်မှုလယ်ယာစခန်းများမှ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ကွင်းဆင်း ပြုပြင်ပေးလျက်ရှိရာ စက်တင်ဘာ ၈ ရက်အထိ ကျေးရွာပေါင်း ၁၉ ရွာမှ တောင်သူပိုင် ထွန်စက်ကြီး ၂၇ စီး၊ လက်တွန်းထွန်စက်ငယ် ၂၉ စီး၊ တစ်လုံးထိုးအင်ဂျင် ၃၂ လုံး၊ ရိတ်ခြွေစက် ခုနစ်လုံးတို့ကို အခမဲ့ပြုပြင်ပေးခဲ့ပြီး ကျန်ရှိသော ကျေးရွာများမှ တောင်သူများ၏ စက်ကိရိယာများကို ဆက်လက်ပြုပြင်ဆဲဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

“ရေမြုပ်သွားတဲ့ အင်ဂျင်တွေကျတော့ အကုန်လုံးဖြုတ်ပြီး ပြန်ဆေးရတယ်။ မဆေးလို့လည်းမရဘူး၊ သဲတွေကျန်ရင် ပစ်စတင်အိုးတွေ အစင်းတွေဖြစ်ကုန်ရင် အင်ဂျင်ခဏလေးနဲ့ ကျသွားမှာ၊ ဒါကြောင့် သေသေချာချာကို ကျွန်တော်တို့လုပ်ပေးနေပါတယ်”ဟု ရန်ကုန်ပင်မစက်ပြင်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် သဲနုန်းဖုံးလွှမ်းသွားသော စပါးစိုက်ခင်းများအား မြို့နယ်စက်မှုလယ်ယာမှ ပြန်လည်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန်းဦးက “ရေတွေပြန်ကျသွားတော့ မိုးစပါးစိုက်ခင်းတွေ သဲနုန်းဖုံးကုန်တာရှိတယ်။ လယ်တွေပျက်ကုန်တယ်။ ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ သိုင်းဝကျေးရွာအုပ်စု ဆွာချောင်းတစ်လျှောက်မှာ ဧကပေါင်း ၆၀၉ ဧကပြန်ဖော်ပေးတယ်။ ကုန်းကြီးကျေးရွာအုပ်စုမှာဆိုရင် သဲဖုံးသွားတာ ၂၈ ဧကရှိတယ်။ ကောက်စိုက်စက်နဲ့ ပြန်စိုက်ပေးလို့ရတာ ခြောက်ဧကကို စိုက်ပေးပြီးပြီ၊ ကျန်တဲ့ ၂၂ ဧကကျတော့ စက်တွေဝင်လို့မရတော့ ကျွန်တော်တို့ဌာနက ရက် ၉၀ စပါးမျိုးတွေ အသင့်ပျိုးထောင်ပေးထားတယ်။ ၂၂ ဧကအတွက် တောင်သူတွေ ပြန်စိုက်နိုင်အောင် ပျိုးတွေ သယ်ပို့ပေးသွားမှာပါ” ဟု ပြောသည်။

ကိုလွင်(ဆွာ)

တိုတိုထွာထွာဖတ်စရာ

တာလေမြို့၌ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းရုံးဖွင့်

တာလေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုတွင် ရှမ်းစာပေနှင့်ယဉ်ကျေးမှု အသင်းရုံးသစ်ကို စက်တင်ဘာ ၈ ရက်က ဖွင့်လှစ်သည်။

ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားများကြားတွင် ဘာသာစကား အခက်အခဲ မဖြစ်ပေါ်စေရန်နှင့် ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

အောင်လံမြို့တွင် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

အောင်လံ

မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲနှင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

စစ်မြေပြင်လူနာကောက်ခြင်းကို လက်တွေ့သရုပ်ပြတင်ဆက်ပြီး တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အချစ်ဟောင်းနဲ့ပတ်သက်ပြီး ထုတ်ဖော်လာတဲ့ အရီရန်နာဂရန်းဒ်

ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်နဲ့ ဒီနှစ်အတွင်းမှာပင် လမ်းခွဲလိုက်တဲ့ တေးသံရှင် မက်ခ်မေလာဟာ လတ်တလောမှာ ရုတ်တရက် ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။ ဒီသတင်းကြောင့် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ အံ့အားသင့်ခဲ့ရပြီး အချို့သောသူတွေကို ဒီလို ရုတ်တရက်သေဆုံးခဲ့မှုအတွက် အရီရန်နာဂရန်းဒ်ကို ပြစ်တင်ပြောဆိုတာတွေ ရှိခဲ့ပါတယ်။ အရီရန်နာဂရန်းဒ်ကတော့ မက်ခ်မေလာကွယ်လွန်ခဲ့ပြီးနောက် တစ်ရက်အကြာမှာတော့ မက်ခ်မေလာနဲ့ပတ်သက်ပြီး သူ့ရဲ့ လူမှုကွန်ရက်ပေါ်ကနေတစ်ဆင့် ဖော်ပြမှုတွေ ပြုလုပ်ခဲ့တာဖြစ်ကြောင်း ကော့စမိုပိုလီတန်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့မှာ ဟစ်ဟော့ပ်တေးသံရှင်တစ်ဦးဖြစ်သူ မက်ခ်မေလာဟာ လော့စ်အန်ဂျလိစ်က သူ့ရဲ့ နေအိမ်မှာ ကွယ်လွန်ခဲ့တာဖြစ်ကြောင်း ဒေသခံရဲတွေရဲ့ ပြောကြားချက်ကို ကိုးကားကာ ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြပါတယ်။ ကွယ်လွန်ချိန်မှာတော့ မက်ခ်မေလာဟာ အသက် ၂၆ နှစ်အရွယ်သာ ရှိသေးတာဖြစ်ပြီး ဆေးလွန်ကာ သေဆုံးခဲ့တာဖြစ်နိုင်ကြောင်းလည်း ရေးသားဖော်ပြခဲ့ကြပါတယ်။ မက်ခ်မေလာကွယ်လွန်ချိန်မှာတော့ အရီရန်နာဂရန်းဒ်ကို ဒီသေဆုံးမှုနဲ့သက်ဆိုင်ကြောင်း ပရိသတ်တွေက စွပ်စွဲခဲ့ကြတာ ဖြစ်ပါတယ်။

အရီရန်နာဂရန်းဒ်ဟာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မက်ခ်မေလာရဲ့ အဖြူအမည်းဓာတ်ပုံတစ်ပုံကို သူကွယ်လွန်ခဲ့ပြီး နောက်နေ့မှာ ဖော်ပြခဲ့တာကို တွေ့ရပါတယ်။ ဒီပုံမှာတော့ တေးသံရှင်ဟာ အပေါ်ကို မော့ကြည့်နေတာဖြစ်ပြီး ဓာတ်ပုံရဲ့ အောက်ခြေမှာတော့ စာသားတစ်စုံတစ်ရာ ထည့်သွင်းရေးသားဖော်ပြခဲ့ခြင်း မရှိတာကိုလည်း တွေ့ရပါတယ်။

အရီရန်နာဂရန်းဒ်နဲ့ မက်ခ်မေလာတို့ဟာ ချစ်သူတွေအဖြစ် နှစ်နှစ်ခန့် လက်တွဲခဲ့ကြသူတွေ ဖြစ်ပါတယ်။ ချစ်သူသက်တမ်းအတွင်းမှာလည်း အတူတူဖျော်ဖြေခဲ့မှုတွေလည်းရှိခဲ့ပြီး ပြီးခဲ့တဲ့ မေလအတွင်းမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီလို မက်ခ်မေလာနဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ပြောကြားပြီးနောက် အချိန်တိုအတွင်းမှာပင် ချစ်သူသစ်ရသွားပြီဖြစ်ကြောင်း အရီရန်နာဂရန်းဒ်က ထုတ်ဖော်လာတာလည်း ဖြစ်ပါတယ်။ ချစ်သူသစ် ပီးထ်ဒေးဗစ်ဆန်နဲ့ တရားဝင်တွဲသွားတွဲလာလည်း လုပ်လာခဲ့ပြီး လက်ရှိမှာတော့ စေ့စပ်ခဲ့ကြပြီး ဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်အနေနဲ့ ချစ်သူသစ် ရသွားပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ချိန်တုန်းကလည်း မက်ခ်မေလာအပေါ် သူပြုလုပ်ခဲ့တဲ့ အပြုအမူတွေအတွက် ပရိသတ်တွေက အရီရန်နာဂရန်းဒ်ကို ပြစ်တင်စကားတွေ ဆိုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ယခုနှစ်ရဲ့ Creative Arts Emmys ဆုပေးပွဲမှာ ထူးချွန်ဆုငါးဆု သိမ်းပိုက်နိုင်ခဲ့တဲ့ Game of Thrones

HBO ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေအနက် ကျော်ကြားတဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ “Game of Thrones”ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ “Creative Arts Emmys” ဆုပေးပွဲကြီးမှာတော့ ထူးချွန်ဆုငါးဆု သိမ်းပိုက်နိုင်ခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နည်းပညာနဲ့ အနုပညာပိုင်းဆိုင်ရာ ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ “Creative Arts Emmys”မှာ အဆိုပါရုပ်ရှင်ဟာ တေးဂီတပိုင်းဆိုင်ရာ၊ စတန့်ပြကွက်တွေ၊ အဝတ်အစားဒီဇိုင်းတွေ၊ ထုတ်လုပ်မှုဒီဇိုင်းစတာတွေနဲ့ပတ်သက်တဲ့ ထူးချွန်ဆုတွေ ရရှိခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

အသည်းရောင်ရောဂါကင်းဝေးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

မေယု- မျိုးအောင်(MANA)

ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါရောဂါဖြစ်စေပြီး လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ပိုး ငါးမျိုးရှိပြီး အေ၊ ဘီ၊ စီ၊ ဒီ၊ အီးဟူ၍ ခွဲခြားထားသည်။ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါဖြစ်စေသော ဗိုင်းရပ်စ်ပိုးမှာ ယခုအချိန်ထိ အေ၊ ဘီ၊ စီနှင့် ဒီဟူ၍ လေးမျိုးသာ ရှိသေးသည်ဟုလည်း သိရသည်။ သုတေသနပြုလေ့လာတွေ့ရှိချက်အရ ဗိုင်းရပ်စ်ပိုး'အေ' ကူးစက်မှုသည် အသက် ၁၄ နှစ်အရွယ်တွင် ၁၀၀ ရာခိုင်နှုန်း (၁၉၉၁ ခုနှစ်)နှင့် ဗိုင်းရပ်စ်ပိုး 'ဒီ' သည် ၂၉ ရာခိုင်နှုန်း (၂၀၀၈ ခုနှစ်)ရှိကာ မြန်မာနိုင်ငံတစ်ဝန်း ကွင်းဆင်းစစ်တမ်းကောက်ယူချက်အရ ဗိုင်းရပ်စ် 'ဘီ' နှင့် 'စီ' ကူးစက်မှုနှုန်းသည် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၆၅ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

အသည်းရောင် အသားဝါရောဂါကို ထိထိရောက်ရောက် တိုက်ဖျက်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် 'အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်' National Hepatitis Control Program-NHCP ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလကပင် စတင်တည်ထောင်ခဲ့ကာ ရောဂါကာကွယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အသိပညာပေးခြင်း စသည့်လုပ်ငန်းများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ NHCP ၏ မျှော်မှန်းချက် (Vision) မှာ အသည်းရောင် ရောဂါပိုးရှိနေသူများကို အန္တရာယ်ကင်း၍ ထိရောက်သောကုသမှုများ လက်လှမ်းမီရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ရောဂါကူးစက်မှုရပ်တန့်အောင် ပြုလုပ်ကာ အသည်းရောဂါများ လုံးဝကင်းစင်ရေး ဖြစ်သည်။

အမျိုးသားအသည်းရောင်အသားဝါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်သည် ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း မဟာဗျူဟာလေးရပ်ဖြင့် ဆောင်ရွက်သွားမည်ဟု သိရပြီး ယင်းဗျူဟာလေးရပ်မှာ (၁) အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ပြန့်ပွားခြင်း မရှိအောင် ကာကွယ်ခြင်း၊ (၂) ရောဂါစမ်းသပ်စစ်ဆေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကုသမှုခံယူစေခြင်း၊ (၃) ရောဂါကုသရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း၊ (၄) အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှုကို စောင့်ကြည့်လေ့လာခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်း နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ခြင်းတို့ ဖြစ်သည်။

"အသည်းရောင်ရောဂါဆိုတာ ပျောက်ကင်းအောင်လည်း ကုသလို့ရသလို ကြိုတင်ကာကွယ်လို့လည်း ရပါတယ်။ အဓိကကတော့ ရှိနေတာ သိဖို့ပါပဲ။ အဲဒီလို သိရအောင်လည်း သွေးစစ်ကြည့်မှ သိရမှာပါ။ တချို့က ရှိတယ်ဆိုတာ သိသွားပေမယ့် အချိန်နောက်ကျခဲ့ရလို့ အသည်းခြောက်တာ၊ အသည်းကင်ဆာဖြစ်တာတွေနဲ့

> ❛ မြန်မာနိုင်ငံတွင် သုတေသနလေ့လာဆန်းစစ်ချက်များအရ မန္တလေး၊ လားရှိုး၊ မော်လမြိုင်တို့တွင် အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုး ဖြစ်ပွားမှုနှုန်း ပိုများသည်ကို တွေ့ရှိရပြီး ယင်းသို့ ဖြစ်ရခြင်းမှာ ကူးစက်တတ်သည့် အကြောင်းအရာများကို လေ့လာ သိရှိမှု အားနည်းခြင်းကြောင့်ဖြစ်သည်ဟု သိရသည် ❜

ကြုံကြရတယ်။ အဲဒီလိုမဖြစ်အောင်၊ ရောဂါကို ကြိုတင်သိရှိအောင် သတိထားရမယ်"ဟု မြန်မာအသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည်က ပြောသည်။

အသည်းသည် သည်းခြေရည်ထုတ်လုပ်ခြင်း၊ စွန့်ပယ်ခြင်း၊ အစားအသောက်မှ အာဟာရဓာတ်များကို ချေဖျက်ထိန်းညှိပေးခြင်း၊ သွေးများကိုသန့်စင်အောင် ပြုလုပ်ခြင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များကို သိမ်းဆည်းခြင်း၊ သွေးအတွင်းရှိ အယ်ဗျူမင်ဓာတ်နှင့် သွေးခဲစေသောဓာတ်များကို ထုတ်လုပ်ခြင်း၊ ရောဂါပိုးများကို နှိမ်နင်းခြင်း စသည့် လုပ်ဆောင်မှုများကို ပြုလုပ်ပေးနေသည့် အရေးကြီးသော ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အသည်းရောင်ရောဂါသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လမ်းညွှန်ချက်အရ ပြည်သူလူထုအနေဖြင့်လည်း မိမိကိုယ်မိမိ အသည်းရောင်အသားဝါရောဂါကူးစက်ခံရခြင်းမှ ကာကွယ်ရန်အတွက် အသည်းရောင်အသားဝါ 'ဘီ' ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးထိုးအပ်၊ မုတ်ဆိတ်ရိတ်ဓားနှင့် သွားပွတ်တံများ အတူမျှဝေသုံးစွဲခြင်းမှ လုံးဝရှောင်ကြဉ်ခြင်း၊ ဘီပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်များသည် မိမိ၏ မွေးဖွားလာမည့် ရင်သွေးကို ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ ဆေးမင်ကြောင်ထိုးခြင်းနှင့် နားဖောက်ခြင်းတို့တွင် ပိုးသတ်သန့်စင်ထားသော ကိရိယာများကိုသာ အသုံးပြုခြင်း၊ ဆေးကုသမှုခံယူတိုင်း (ဖြစ်နိုင်လျှင်) သောက်ဆေးကိုသာ အသုံးပြုလျက် ဆေးထိုးခြင်းကို ရှောင်ကြဉ်ခြင်းစသည့် အဓိက အချက်ခြောက်ချက်ကို လိုက်နာရန် လိုအပ်မည်ဖြစ်သည်။

အသည်းရောင်အသားဝါရောဂါသည် တစ်ကမ္ဘာလုံးတွင် ကူးစက်ပြန့်ပွားလျက်ရှိနေပြီး ထိုသို့ကူးစက်ခံရပါက လူအများစုမှာ ရောဂါဝေဒနာမခံစားရ၊ ကူးစက်နေမှုကို မသိရှိလိုက်ရဘဲ စိုးရိမ်ရသောအခြေအနေသို့ အချိန်မရွေး ရောက်ရှိနိုင်ကာ အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်ဆိုသော်လည်း ထိုရောဂါသည် ကာကွယ်၊ ကုသပျောက်ကင်းနိုင်သော ရောဂါဖြစ်ပေရာ အသည်းရောင်အသားဝါရောဂါ မိမိတွင် ရှိ၊ မရှိ ကြိုတင်စစ်ဆေးထားသင့်သည်။

မြန်မာနိုင်ငံတွင် အသည်းရောဂါဖြစ်ပွားမှု၊ အသည်းရောဂါကြောင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့နည်းစေရေး ဆောင်ရွက်ချက်ကို ပန်းတိုင်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ပါမောက္ခ ဦးသံစစ်က ဦးဆောင်၍ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးရေးကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊ ရောဂါကာကွယ်ကုသရေး၊ ရှာဖွေစိစစ်ရေးလုပ်ငန်းများအား နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်ကြောင်း အသည်းရောင်ရောဂါ ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းတို့ကို မြန်မာအသည်းဖောင်ဒေးရှင်းက အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သုတေသနလေ့လာဆန်းစစ်ချက်များအရ မန္တလေး၊ လားရှိုး၊ မော်လမြိုင်တို့တွင် အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုး ဖြစ်ပွားမှုနှုန်း ပိုများသည်ကို တွေ့ရှိရပြီး ယင်းသို့ ဖြစ်ရခြင်းမှာ ကူးစက်တတ်သည့် အကြောင်းအရာများကို လေ့လာသိရှိမှု အားနည်းခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

ဘီပိုး၊ စီပိုး ကာကွယ်ဆေးကို သုံးကြိမ်ထိုးထားပြီးပါက ရာနှုန်းပြည့် ကာကွယ်နိုင်သည်ဖြစ်ပြီး မျိုးရိုးတွင် အသည်းရောင် ဘီပိုးနှင့် စီပိုးရှိသူရှိပါက ကာကွယ်ဆေးထိုးထားခြင်း၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များသည် အရေးကြီး၍ ကာကွယ်ဆေးကို ထိုးထားသင့်သည်ဟု သိရသည်။

ပြည်သူများအနေဖြင့် အသည်းရောဂါ ကြိုတင်သိရှိနိုင်ရန် သွေးစစ်ဖို့ လိုအပ်သလို သက်ဆိုင်ရာမှ အသည်းရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

နေပြည်တော်တွင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၉

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံဝင်းအတွင်း၌ ဆောင်ရွက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးလွင်၊ ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးနှင့် တပ်ဖွဲ့ဝင် ၅၄ ဦး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီခွဲတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင်၊ ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထိုက်နှင့် တပ်ဖွဲ့ဝင်အင်အား ၄၀ တို့က ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံရှေ့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရူပ(နေပြည်တော်)**

လှည်းကူးမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေး

လှည်းကူး စက်တင်ဘာ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကြာအင်းအရှေ့ကျေးရွာ အလယ်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ငါးဆူတောင်နယ်မြေစခန်းမှူး၊ ရဲအုပ်မောင်မောင်ဇော်က အမျိုးသမီးများဘဝ လုံခြုံစေရေး၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ခြင်းများနှင့်ပတ်သက်၍ မှုခင်းကျဆင်းရေးဆိုင်ရာများကို အကျယ်တဝင့် အသိပညာပေးဟောပြောခြင်းနှင့် လူကုန်ကူးမှုခံရနိုင်သည့် ဖြစ်စဉ်များဆိုင်ရာတို့နှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ရာ တက်ရောက်လာကြသူတို့က သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြို့နယ်လုံးကျွတ် တီဘီရောဂါတိုက်ဖျက်ရေးနှင့် အထွေထွေရောဂါ(အခမဲ့)စစ်ဆေးကုသခြင်းဆောင်ရွက်

ရေဝတီ စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေသခံလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းစီစဉ်မှုဖြင့် ရေကြည်မြို့နယ်အတွင်း မြို့နယ်လုံးကျွတ် တီဘီရောဂါ ရှာဖွေတိုက်ဖျက်ခြင်းနှင့် အထွေထွေရောဂါများအား (အခမဲ့) ကွင်းဆင်းရှာဖွေဆေးကုသခြင်းကို စက်တင်ဘာ ၈ ရက်က ရေကြည်မြို့ ရေကြည်ခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငါးသိုင်းချောင်းမြို့ အမျိုးသားခန်းမ၌ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းမှစတင်၍ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံလူမှုကူညီရေး အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူ ၄၀၀ ကျော် လာရောက်စစ်ဆေးကုသမှု ခံယူခဲ့ကြောင်း၊ ရောဂါရှာဖွေတိုက်ဖျက်ခြင်း၊ အထွေထွေရောဂါရှာဖွေ စစ်ဆေးကုသခြင်းများ (အခမဲ့) ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းကုသခြင်း အစီအစဉ်ကို ရေကြည်မြို့၊ ငါးသိုင်းချောင်းမြို့နှင့် အသုတ်မြို့တို့တွင် သက်ဆိုင်ရာ မြို့အလိုက် အဖွဲ့အစည်းများ ပူးပေါင်း၍ မြို့နယ်လုံးကျွတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်တွင် အသုတ်မြို့ အနောက်မိုးကောင်းဓမ္မာရုံ၌ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေကြည်မြို့တွင် ဒေသခံ ပြည်သူ ၁၆၇ ဦး အထွေထွေရောဂါလာရောက်၍ ရောဂါရှာဖွေ စစ်ဆေးကုသခံယူခဲ့ရာ ၃၃ ဦးအား တီဘီရောဂါ ရှာဖွေကုသပေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

လိုင်စင်အမှတ်-၁-၃၂၉၀/ထ-၀၂၉၈

သပြေအောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

အထူးခရီးစဉ် (၁၄-၁၂-၂၀၁၈ မှ ၂၄-၁၂-၂၀၁၈) ထွက်မည့်
အထူး Promotion (၁၀) ရက် ခရီးစဉ်ကြီး (၉) ထိန်း စရိတ်ငြိမ်း

ဖူးမြော်ရမည့်နေရာများ - ဗုဒ္ဓဂယာ၊ ဗာရာဏသီ၊ ဝေဠုဝန်၊ ဇေတဝန်ကျောင်း၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ ဝေသာလီ၊ ပတ္တနား၊ နာလန္ဒာတက္ကသိုလ်၊ ရာဇဂြိုဟ်။

Promotion ခရီးစဉ် စာရင်းပေးသွင်းရန် နောက်ဆုံးနေ့ အောက်တိုဘာလ (၃၀) ရက် အထိသာ ဖြစ်ပါသည်။

09 799 582 776, 09 790 187 758, 09 790 888 223

နန်းအိလွင် အာဘာအောင်မင်းခေါင်ထွက်ပွဲ

- အာဘာထွက်ပွဲသီးသန့် - ပုပ္ပါး (၁)ညအိပ် (၃)ရက်။ (၂၄-၉-၂၀၁၈ ထွက်မည်) (ကြိုတင်လက်မှတ်ရောင်းပြီ)
- အာဘာထွက်ပွဲ - ပုပ္ပါး(၁)ညအိပ်၊ ပုဂံဘုရားစုံဖူး၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၅)ရက်။
- အာဘာထွက်ပွဲ - ပုပ္ပါး(၁)ညအိပ်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကျိုက်ထီးရိုး (၆)ရက်။ ဆက်၍ - ပုဂံဘုရားစုံဖူး၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ ရွှေဂူကြီးဘုရား (၈)ရက်။
- အာဘာထွက်ပွဲ - ပုပ္ပါး(၁)ညအိပ်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၅)ရက်။ ဆက်၍ - ပုဂံဘုရားစုံဖူး၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပခုက္ကူ၊ သီဟိုဠ်ရှင်၊ ရွှေဂူကြီးဘုရား (၇)ရက်။ ကားပေါ်လုံးအားဝေါ်ပါလက်ခံသည်
- ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၄)ရက်။ ● မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် (၄)ရက်။
- တောင်ကြီး၊ အင်းလေး၊ မွေတော်ကက္ကူ၊ ထမ်းစမ်းသူ (၄)ရက်။ ကျိုက်ထီးယို (၅)ရက်။ (အပတ်စဉ်သောကြာ)

ဖုန်းဆိုးတာန်း 01-391577, သန်လျင် 056-21671, 09-5122961, 09-254340569

ဗုဒ္ဓဂယာတုရားဖူးပို့ဆောင်မည့်အဖွဲ့များအားလုံး မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါရန် အကြောင်းကြားခြင်း

(၂၀၁၈-၂၀၁၉) ဗုဒ္ဓဂယာဘုရားဖူးရာသီတွင် ဘုရားဖူးပို့ဆောင်မည့် ခရီးသွားကုမ္ပဏီများ (အသစ်/အဟောင်း)အားလုံး ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီသို့ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

စတင်ပေးသွင်းရမည့်နေ့ ။ 12-9-2018 နောက်ဆုံးပေးသွင်းရမည့်နေ့ ။ 26-9-2018

မှတ်ပုံတင်ကြေး - ၅၀၀၀၀/- နှစ်စဉ်ကြေး ၅၀၀၀၀/-

လိုအပ်သည့်စာရွက်စာတမ်းများ

(က) ကိုယ်ရေးပုံစံအကျဉ်း	(၁) စုံ(မူရင်း/မိတ္တူ)	(ခ) ကုမ္ပဏီလိုင်စင်	(၁) စုံ (မိတ္တူ)
(ဂ) ခရီးသွားလုပ်ငန်းလိုင်စင်	(၁) စုံ (မိတ္တူ)	(ဃ) ပုံစံ ၆ / ၂၆	(၁) စုံ (မိတ္တူ)
(င) MD (သို့) Director တစ်ဦးဦး၏ပတ်စ်ပို့ဓါတ်ပုံ	(၁) ပုံ	(စ) Outbound Tour လိုင်စင်	(၁) စုံ (မိတ္တူ)
(ဆ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဝင်ကတ်ပြား	(၁) စုံ (မိတ္တူ)		

သာသနာ့ရေးရာဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၊ စာတိုက်ရုံးတိုင်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
09-25444 1411, 09-420087632, 09-250095318

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇C၊ မြေကွက်အမှတ်-၁၃၁/အေ၊ မြေကွက်တည်နေရာအမှတ်-၆၀၊ ဗဟိုလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ (ဒေါ်ခင်မေရီ) [၁၂/စခန(နိုင်)၀၀၇၇၁၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မေရီသည် ၁၉-၁-၂၀၁၈ ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်း [၁၂/စခန(နိုင်)၀၀၃၄၄၉]မှ အမွေစား၊ အမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်း စာချုပ်(၁၄၉၆/၈၉)၊ (၄-၉-၁၉၈၉)အရ အမည်ပေါက်၏ မွေးစားသမီးတော်စပ်ကြောင်း (၈-၅-၂၀၁၈)ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် နှစ်(၆၀)ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေ့မိတ်ဆွေ

သောတာပန်ဆိုတာအခေါ်ရှိပါ။ တကယ်ရှိတာက ညဏ် ၄ ဦးစီးတဲ့ ခန္ဓာငါးပါးပါ ခန္ဓာကို မဂ္ဂင်ငါးပါးနဲ့အားထုတ်ပြီး အချိန်တန်မှ သီလမဂ္ဂင်၃ပါး လာပေါင်းပြီး မဂ္ဂင်ရှစ်ပါးပြည့်တာပါ။ ပြည့်ပြီးလွန်ကျူးလိုစိတ် မရှိ/မဖြစ်တာကြောင့် အထူးစောင့်စရာမလိုဘဲ သီလလုံပါတယ်။ မွေ့နဲ့သီလကိုတန်ဖိုးထားမှုကြောင့် ဣန္ဒြေငါးပါးစောင့်စည်းမှုထက်မြက်လာပါတယ်။ ခန္ဓာမှာညဏ် ၄ တည်/ကိန်းပြီး ဒိဋ္ဌိပြုတ်/ချုပ်တာကြောင့် အပါယ်ဘေးမှ အပြီးတိုင်လွတ်ပြီး ဘဝင် ၄ အေးပါတယ်။ စား/သွားလည်းဒီစိတ်နဲ့ တစ်နေ့၁၀နာရီကျော် ၂၈နှစ်အားထုတ်ရပါတယ်။ မိတ်ဆွေကြိုးစားအားထုတ်လျှင် ၇နှစ်နဲ့ အပါယ်လွတ်နိုင်ပါတယ်။ ဆရာသမားများကျေးဇူးကြောင့် အပါယ်လွတ်ရာလမ်းကြောင်းကို သိမြင်ပြီး တကယ် ဝိ-တရားကို ကြိုးစားလျှောက်လှမ်းနေတဲ့ သူတော်ကောင်းများအတွက် နည်းလမ်းကောင်းကို အလိုရှိရင်မေတ္တာဖြင့် လေးစားစွာ အကြံပြုဝေမျှချင်ပါတယ်။

မွေ့မိတ်ဆွေ-ဦးအောင်
ဖုန်း-၀၉-၄၂၁၉၈၃၇၃၉

ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ယင်းမာပင်၊ အထကကျောင်း ဒသမတန်း၌ ပညာသင်ကြားနေသော မောင်တရုတ်ကြီး၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း [၉/သစန(နိုင်)၁၆၃၈၅၇] ဖြစ်ပါကြောင်း။

ဦးစိုးဝင်း

ဖခင်အမည်မှန်

သာစည်မြို့နယ်၊ ယင်းမာပင်၊ အထကကျောင်း ဒသမတန်း၌ ပညာသင်ကြားနေသော မောင်အောင်ပြည့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုမြေ [၉/သစန(နိုင်)၁၆၃၉၀၉] ဖြစ်ပါကြောင်း။

ဦးကိုမြေ

အမည်ပြောင်း

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်နေ ဦးစိုးသိန်း၏သမီး အထက(၁)၊ ဒသမတန်း(C)မှ မအိန္ဒြာစိုးအား မအေးမိသူဟု ပြောင်းလဲခေါ်ပါရန်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်း - ၂၀)
တောင်ဥက္ကလာပမြို့နယ် တရားရုံးတော်၌
၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀

Arima Tech Co.,Ltd နှင့် ၁။ ဦးရာဇာအောင်
[၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဒေါ်ဝင်းဝင်းမော်
ဦးဟုတ်လှိုင်(မန်နေဂျာ)]

တရားလို **တရားပြိုင်များ**

ဦးရာဇာအောင် (၁-တရားပြိုင်) ကုန်းကြီးကျေးရွာ၊ ဘိုင်းတောင်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)

သိစေရမည်။

သင့်အပေါ် တရားလိုက ၁၅-၁၀-၂၀၁၄ ရက်စွဲပါ "ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းအတွက် နှစ်ဖက်သဘောတူ ကတိစာချုပ်" အရ လျော်ကြေးငွေကျပ် ၁၀၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက် (၁၃၈၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေးရက်)က တင်သွင်းရမည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရှုပါနေဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ အထက-၄၊ ဒသမတန်း(C)မှ မသက်မွန်ထူး၏ဖခင် ဦးမိုက်ကယ်(ခ)ဦးစောမိုက်ကယ် [၁၂/မဂဒ(နိုင်)၀၈၀၇၃၉]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၄၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၄၂/ခ)၊ သုတ(၈)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးစိုးမောင်[၁၂/ဥကတ(နိုင်)၀၀၉၀၂၂]အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးမောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးသော ကျမ်းကျိန်လွှာ၁၁၆၈/ ၂၂-၁၂-၂၀၁၇၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်းနှင့် အိမ်ထောင်စု ဇယားတို့ကိုတင်ပြ၍ ပိုင်ဆိုင်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေတွင်(၁)ထပ်ပျဉ်ထောင်အဆောက်အအုံရှိပြီး ဒေါ်တင်သိန်း ကိုယ်တိုင်နေထိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါ ပိုင်ဆိုင်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ao,Gntouf

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၈၊ မြေကွက်အမှတ် - ၁၃က°/၈၂၊ အကျယ်အဝန်း(၄၀ × ၈၈/၈၅)ပေ ဒေါ်ရီရီဝင်း[၁၂/သဃက(နိုင်)၁၂၉၀၁၁]အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၅၊ သံသုမာလမ်း၊ (ဂ)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော နေအိမ်နှင့် ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိ အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ရီရီဝင်း [၁၂/သဃက(နိုင်)၁၂၉၀၁၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်သီတာမမ (LL.B,D.M.L,D.I.L) **ဒေါ်ဝင်းလဲ့လဲ့နိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၄၈)**
ဒေါ်စုမြတ်မွန် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၈၂၇၁)
အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း(၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄

"ကန့်ကွက်နိုင်ပါသည်"

"ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်(၅၀)ရပ်ကွက်၊ ကျော(၂)လမ်း၊ မြေကွက်အမှတ် (၃၅၈) အကျယ်အဝန်း (အလျား-၄၀ပေ×အနံ-၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အပါအဝင် ယင်းနေအိမ်နှင့်ပတ်သက်သောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ညိုမြွေး(၇/မလန(နိုင်)၀၀၁၂၂၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တအကြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါကခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များ နှင့်အတူကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
တရားလွှတ်တော်ရှေ့နေများ -ဒေါ်ဆွေဆွေ(စဉ်-၃၀၀၃) ဦးမြင့်သိန်း(စဉ်-၆၉၆၃)

zaluckpwintrealestate2013@gmail.com ဖုန်း-၀၉၅၀၁၈၀၇၆

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၁၄)လမ်း၊ အမှတ် - ၆၅၊ ပထမထပ်၊ (ခြေရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်း နှင့်ပတ်သက်၍ ဒေါ်သန္တာမြင့် [၁၂/မရက(နိုင်)၁၂၃၁၂၄] နှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေအိမ် [၉/တကန(နိုင်)၀၂၄၀၀၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်သည်မှာ-

ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေက တရားဝင်ပိုင်ဆိုင်လက်ရောက်ရရှိပြီးသူဟုဆိုသူ ဒေါ်သန္တာမြင့်[၁၂/မရက(နိုင်)၁၂၃၁၂၄]ထံမှ ၂-၁၁-၂၀၁၇ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် အသိသက်သေများရှေ့ တန်ဖိုးငွေအပြည့်အဝပေးချေဝယ်ယူလက်ရောက်ရရှိခဲ့သော တိုက်ခန်းဖြစ်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေက ယင်းတိုက်ခန်းအား ဒေါ်သောင်းသောင်းငွေးသို့ ငှားရမ်းထားခဲ့ကြောင်းနှင့် ငှားရမ်းခြင်းကာလပြည့်မြောက်ပြီး နောက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေက တိုက်ခန်းကို လက်ရောက်ရယူပြီး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ သော့ခတ်ထားခဲ့ပါသည်ဟု ညွှန်ကြားချက်အရ သိရပါသည်။

ထို့နောက်တွင် ကျွန်ုပ်တို့မိတ်ဆွေ၏ တိုက်ခန်းအားခတ်ထားသည့် သော့များကို ရိုက်ချိုးဖျက်ဆီးကာ ဒေါ်သန္တာမြင့်နှင့် မိသားစုတို့က ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ တိုက်ခန်းအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း ညွှန်ကြားချက်အရသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ မိတ်ဆွေပိုင် တိုက်ခန်းအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူ ဒေါ်သန္တာမြင့်နှင့် ယင်းအားအကြောင်းပြုနေထိုင်သူများအားလုံးသည် ယနေ့မှစ၍ (၁၄)ရက်အတွင်း တိုက်ခန်းမှ ဖယ်ရှားထွက်ခွာသွားရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ဒေါ်သန္တာမြင့်အပါအဝင် ဆက်စပ်နေထိုင်သူအားလုံးအား တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်တို့အား ညွှန်ကြားထားပြီးဖြစ်သည်ကို ဒေါ်သန္တာမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

(ဒေါ်သန္တာမြင့်ထံ ဒေါ်ရွှေအိမ်၏ညွှန်ကြားချက်အရ ကျွန်ုပ်တို့မှ အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ပေးပို့စာကို လက်ခံခြင်းမရှိသည့်အတွက် ယခုကဲ့သို့ကြေညာရခြင်းဖြစ်ပါသည်။)

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထွန်းအေး (B.A,R.L) **ဒေါ်ဆွေဆွေညွန့် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၁)**
ဒေါ်အေးခိုင်ဇင်(LL.B)(စဉ်-၁၀၁၂၄) **ဒေါ်မို့မို့သက်ထား(LL.B)(စဉ်-၁၁၇၇၀)**
တရားလွှတ်တော်ရှေ့နေများ
ဒေါ်သီတာအေးမြ (LL.B) (စဉ်-၄၅၂၀၄) အထက်တန်းရှေ့နေ
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၂၅၀၃၇၅၅၇၂

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၁၂)လမ်း၊ အမှတ် - ၂၃၄၊ ဒုတိယထပ်(ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ဒေါ်မြင့်မြင့်ခိုင်[၁၂/မရက(နိုင်)၁၂၅၂၀၂] နှင့် အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေအိမ်[၉/တကန(နိုင်)၀၂၄၀၀၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်သည်မှာ-

ဖော်ပြပါ တိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေက တရားဝင်ပိုင်ဆိုင်လက်ရောက်ရရှိပြီးသူဟုဆိုသူ ဒေါ်မြင့်မြင့်ခိုင်[၁၂/မရက(နိုင်)၁၂၅၂၀၂]ထံမှ ၂-၁၁-၂၀၁၇ရက်စွဲပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် အသိသက်သေများရှေ့ တန်ဖိုးငွေအပြည့်အဝပေးချေဝယ်ယူ လက်ရောက်ရရှိခဲ့သော တိုက်ခန်းဖြစ်ပြီး ကျွန်ုပ်တို့၏ မိတ်ဆွေက ယင်းတိုက်ခန်းအား ဒေါ်စိုးခင်နန္ဒာသို့ ငှားရမ်းထားခဲ့ကြောင်းနှင့် ငှားရမ်းခြင်းကာလ ပြည့်မြောက်ပြီးနောက်တွင် ကျွန်ုပ်တို့၏ မိတ်ဆွေက တိုက်ခန်းကိုလက်ရောက်ရယူကာ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး သော့ခတ်ထားခဲ့ပါသည်ဟု ညွှန်ကြားချက်အရ သိရပါသည်။

ထို့နောက်တွင် ကျွန်ုပ်တို့မိတ်ဆွေ၏ တိုက်ခန်းအားခတ်ထားသည့်သော့များကို ရိုက်ချိုးဖျက်ဆီးကာ ဒေါ်မြင့်မြင့်ခိုင်နှင့် မိသားစုတို့က ကျွန်ုပ်တို့မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ တိုက်ခန်းအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်လျက်ရှိကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေပိုင် တိုက်ခန်းအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူ ဒေါ်မြင့်မြင့်ခိုင်နှင့် ယင်းအား အကြောင်းပြုနေထိုင်သူများအားလုံးသည် ယနေ့မှစ၍ (၁၄)ရက်အတွင်း တိုက်ခန်းမှ ဖယ်ရှားထွက်ခွာသွားရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ဒေါ်မြင့်မြင့်ခိုင် အပါအဝင် ဆက်စပ်နေထိုင်သူအားလုံးအား တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ အရေးယူဆောင်ရွက်သွားရန် ကျွန်ုပ်တို့အားညွှန်ကြားထားပြီးဖြစ်သည်ကို ဒေါ်မြင့်မြင့်ခိုင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းအေး(B.A,R.L) **ဒေါ်ဆွေဆွေညွန့်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**
ဒေါ်အေးခိုင်ဇင်(LL.B)(စဉ်-၁၀၁၂၄) **ဒေါ်သီတာအေးမြ(LL.B)**
ဒေါ်မို့မို့သက်ထား(LL.B)(စဉ်-၁၁၇၇၀) **(စဉ်-၄၅၂၀၄)**
တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေ**
အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၂၅၀၃၇၅၅၇၂

"ကန့်ကွက်နိုင်ပါသည်"

"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၂)လမ်း၊ တိုက်အမှတ် (၄/က)တွင် ဆောက်လုပ်ထားသော သုံးထပ်ခွဲ(ငါးထပ်)တိုက်၏ မြေညီထပ်၊ အကျယ်အဝန်း (၁၅ ပေ× ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ဟေမာန်စန်းလွင် (၆/ထဝန(နိုင်)၀၈၃၁၆၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်၊ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- တရားလွှတ်တော်ရှေ့နေများ-ဒေါ်ဆွေဆွေ(စဉ်-၃၀၀၃) ဦးမြင့်သိန်း(စဉ်-၆၉၆၃)
အထက်တန်းရှေ့နေ-ဒေါ်သီရိလှိုင်(စဉ်-၃၈၅၉၀)

(ကျွန်ုပ်တို့၏ ထိုထပ်ဝေချင့်တရား ထိုအထက်နှင့်ထပ်တူဖော်ပြထားပါသည်။)

အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
zaluckpwintrealestate2013@gmail.com ဖုန်း-၀၉၉၇၇၉၀၁၅၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန

စက်တင်ဘာလ (၇) ရက်၊ ၂၀၁၈

ရန်ကုန်မိုးပျံအမြန်လမ်းမကြီး PPP စီမံကိန်းအပိုင်း (၁) အတွက်
ဆန်ခါတင်အရည်အသွေးပြည့်မီမှုသို့ ဖိတ်ကြားချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်း၍ Public Private Partnership (PPP) concession agreementအရ (၂၇) ကီလိုမီတာခန့်အရှည်ရှိ မိုးပျံအမြန်လမ်းမကြီး ပထမအပိုင်း၏ ဒီဇိုင်းကဏ္ဍ၊ Engineering ပိုင်းဆိုင်ရာကဏ္ဍ၊ ငွေကြေးပိုင်းဆိုင်ရာဘဏ္ဍာရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းမှုကဏ္ဍ အစရှိသည်တို့ကို လက်ခံဆောင်ရွက်ရန် စိတ်ပါဝင်စားသူများကို ဆန်ခါတင် အရည်အသွေးပြည့်မီမှုအတွက် ဖိတ်ခေါ်လျက်ရှိပါသည်။

ရန်ကုန်မိုးပျံအမြန်လမ်းမကြီးသည် ရန်ကုန်မြို့တွင်း၊ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းများသို့ ပိုမိုလွယ်ကူစွာသွားလာနိုင်စေမည်ဟု မျှော်မှန်းထားပါသည်။

၎င်းရည်ရွယ်ချက်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် Request for Qualifications ("RFQ") နှင့် စီမံကိန်းနှင့်စပ်လျဉ်း၍ နောက်ခံသတင်းအချက်အလက်များ ပါဝင်သည့် Preliminary Information Memorandum ("PIM") တို့ကို ပြင်ဆင်ထားလျက်ရှိပါသည်။

စိတ်ပါဝင်စားသူများသည် Request for Qualification ("RFQ") နှင့် Preliminary Information Memorandum ("PIM") ကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ (၁,၅၀၀) အား Non-refundable fee အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ငွေစာရင်းဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ ပေးသွင်းကာ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ ဖုန်းနံပါတ် ၀၆၇-၄၀၇၀၆၈၊ ၀၉-၄၀၂၆၇၁၁၃၆ နှင့် ၀၉-၂၀၂၃၀၁၂ သို့ တနင်္လာမှ သောကြာနေ့အထိ (နံနက် ၉:၀၀ မှ ညနေ ၅:၀၀)အတွင်း စုံစမ်းနိုင်ပါသည်။

စိတ်ပါဝင်စားသူများသည် အောက်ပါနည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် RFQ ၏အခကြေးငွေကို ပေးဆောင်နိုင်ပါသည်။

* RFQ ၏ အခကြေးငွေကို လူပုဂ္ဂိုလ် ကိုယ်တိုင်ကိုယ်ကျ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ငွေစာရင်းဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ လာရောက်ပေးအပ်နိုင်ပါသည်။ စိတ်ပါဝင်စားသူသည် ငွေပေးချေပြီးလျှင် ငွေပေးချေမှုဖြတ်ပိုင်းကို လက်ခံရရှိမည်ဖြစ်ပြီး ထိုငွေပေးချေမှုဖြတ်ပိုင်းကို ငွေပေးအပ်ပြီးသည့် သက်သေအထောက်အထားအနေဖြင့် ရန်ကုန်မိုးပျံလမ်းမကြီးစီမံကိန်းအဖွဲ့သို့ တင်သွင်းရမည်ဖြစ်သည်။
* နိုင်ငံတကာအီလက်ထရောနစ်နည်းလမ်း (wire transfer) ဖြင့် လွှဲပြောင်းရန် အချက်အလက်များ
  - o Bank Account Name - Department of Highway (DOH)
  - o Bank Name - Myanma Economic Bank, Naypyitaw Branch
  - o Intermediary Bank - Myanma Economic Bank (Head Office),Naypyitaw.
  - o Bank Account No. - MD 012906
  - o Swift Code - MYEBMMMY
  - o RFQ Document Fee - USD1,515.00(note: includes $15 for bank fee)

အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းထားသည့် သက်သေအထောက်အထားကို email ဖြင့် ရန်ကုန်မိုးပျံအမြန်လမ်းမကြီးစီမံကိန်းအဖွဲ့သို့ ပေးပို့ပေးရမည်ဖြစ်သည်။ Email : yexmoc@gmail.com: Attention : U Kyi Zaw Myint, Deputy Director General, Department of Highway, Ministry of Construction.

စိတ်ပါဝင်စားသူသည် အထက်ဖော်ပြပါနည်းလမ်းများမှ တစ်နည်းနည်းကို အသုံးပြုပြီး RFQ fee ပေးသွင်းပြီးပါက RFQ နှင့် PIM စာရွက်စာတမ်းများကို ရန်ကုန် မိုးပျံအမြန်လမ်းမကြီးစီမံကိန်းအဖွဲ့ထံတွင် ပေးအပ်ထားသည့် email address သို့ IFC မှပေးပို့ပေးမည်ဖြစ်ပါသည်။ ကြိုတင်အရည်အချင်းစစ် လျှောက်လွှာများကို မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ၊ အောက်တိုဘာလ ၃၀ ရက် ၂၀၁၈ ခုနှစ် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

ပြည်တွင်း သို့မဟုတ် ပြည်ပမှ စိတ်ဝင်စားမှုရှိသော လုပ်ငန်းရှင်များအနေဖြင့် RFQ တွင် ပါဝင်သော စံချိန်စံညွှန်းများအတိုင်း ပါဝင်နိုင်ပါသည်။ ပူးပေါင်းဖွဲ့စည်းထားသည့် လုပ်ငန်းများအနေဖြင့်လည်း RFQ တွင် ညွှန်ပြထားသည့်အတိုင်း ဖွဲ့စည်းပါဝင်နိုင်ပါသည်။

ကြိုတင်အရည်အချင်းစစ်လျှောက်လွှာဖိုးပေးသွင်းထားသည့် စိတ်ပါဝင်စားသူများကိုသာ လျှောက်လွှာတင်သွင်းခွင့်ပြုမည်ဖြစ်သည်။ (အဖွဲ့အစည်းအဖြစ် လျှောက်လွှာတင်သွင်းလျှင် အနည်းဆုံး အဖွဲ့ဝင်တစ်ဦးက ကြိုတင်အရည်အချင်းစစ်လျှောက်လွှာဖိုးကို ပေးသွင်းရမည်ဖြစ်သည်။)

အရည်အချင်းပြည့်မီသော တင်ဒါအောင်မြင်သူများကိုသာ နောက်တစ်ဆင့်ဖြစ်သည့် စီမံကိန်းအဆိုပြုလွှာ (Bid Proposal)ကို တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် RFQ တွင် ပါဝင်သော အချက်အလက်များကို မည်သည့်အချိန်တွင်မဆို (သို့မဟုတ်) မည်သည့် အကြောင်းပြချက်ဖြင့်မဆို ပြင်ဆင်မွမ်းမံနိုင်မည်ဖြစ်ပြီး မည်သည် (သို့မဟုတ်) အားလုံးသော ကြိုတင်အရည်အချင်း စစ်လျှောက်လွှာများကို ငြင်းပယ်ပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၁)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာသျှောက်မေးပွဲ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၁)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာသျှောက်မေးပွဲကို ၁၃၈၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၉)ရက်နေ့မှ နတ်တော်လဆန်း(၁)ရက်နေ့အထိ ၁-၁၂-၂၀၁၈ရက်(စနေနေ့)မှ ၈-၁၂-၂၀၁၈ရက်(စနေနေ့အထိ) ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဝင်ရောက်ဖြေဆိုမည့် ရဟန်းတော်များသည် စာသျှောက်မေးပွဲဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ထုတ်ယူပြီး တန်ဆောင်မုန်းလပြည့် ၂၂-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ(၄)နာရီနောက်ဆုံးထား၍ ပေးပို့ကြပါရန် လျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား။

၃။ ပရိယတ္တိသာသနာကို ချီးမြှောက်သောအားဖြင့် စာဖြေသံဃာတော်များအား ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းလိုပါက ရွှေတိဂုံစေတီတော်ရင်ပြင်နှင့်ဂေါပကအဖွဲ့ရုံး အလှူခံဌာနများတွင် လှူဒါန်းနိုင်ပါကြောင်း ကုသိုလ်အကျိုးမျှော် နိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၃၈၃၅၁၂၊ ၀၁-၃၇၅၇၆၇

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

GL ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူး ပို့ ဆောင်ရေးအဖွဲ့ နှင့်စိတ်အေး ချမ်းသာစွာ သာသနာပြုနိုင် ခဲ့ကြသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ကျေနပ်အားရ ပီတိဖြစ်စွာ ဘုရားဖူး ခဲ့ကြသော၊ တရားစခန်းဝင် ကုသိုလ်ပြုခဲ့ကြသော အနယ်နယ်အရပ်ရပ်မှ မေတ္တာမိတ်ဆွေများနှင့် ပြန်လည် လိုက်ပါရန် စာရင်းကြိုတင်ပေးသွင်း ထားသော ဓမ္မ မိတ်ဆွေများအား အထူးကျေးဇူး တင်ရှိ ပါသည်။

(8) ရက် သံဝေဇနီယ လေးဌာန+အဂ္ဂိဇဟိတ သုံးဌာန(*Oct-12, 22 ၊ Nov- 9 , 19 ၊ Dec - 3, 21*)

(12) ရက် သံဝေဇနီယ လေးဌာန+သင်္ကာသနဂိုရ် (အထူးခရီးစဉ်) ၊ (*Oct - 15 ၊ Nov - 5 ၊ Dec -10*)

(15) ရက် သံဝေဇနီယ လေးဌာန+အဂ္ဂိဇဟိတ လေးဌာန၊ ဂင်္ဂါမြစ်၊ နယူးဒေလီ၊ အာဂရာ၊ တပ်ချ်မဟာ *Oct 12, Oct 20* (သီတင်းကျွတ် လပြည့်) ၊ Nov 2, Nov 19 (ဓါတ်တော်တိုက် ဖွင့်ပွဲ) ၊ *Dec 7, Dec 17*

(8) ရက် **Hotel** တည်းခိုးစဉ် ၊ တရားစခန်းဝင် ခရီးစဉ်နှင့် ဗုဒ္ဓဂယာရက်တို ခရီးစဉ်များလည်း စီစဉ်ပေး ပါသည်။

(10) ဦး စုစည်း လိုက်ပါလျှင် (1) ဦး ၊ (5) ဦး စုစည်း လိုက်ပါလျှင် (20 %) ကုသိုလ်ယူ ပို့ ဆောင်ပေး ပါမည်။

Ph 09-259280727, 09-259280728, 09-259280729, 09-5250900

FTM Forward To Myanmar

T-Shirt (650 ကျပ်) နိုင်လွန်

Promotion T-Shirt ချည်သား ၊ နိုင်လွန်၊ Polo Shirt Design စုံ၊ School Uniformကျား/မဝတ်၊ Company Uniform ကျား/မဝတ်များအား FTM Garment တွင် စိတ်တိုင်းကျအော်ဒါမှာယူနိုင်ပါသည်။ တံဆိပ်ရိုက်ခြင်း၊ Logo ချည်ထိုးခြင်း၊ ဓါတ်ပုံစတေကာ အမျိုးမျိုး စိတ်တိုင်းကျပြုလုပ်ပေးပါသည်။

Factory - အမှတ် (၁၂၅)၊ ကျန်စစ်သားလမ်း၊ စီပင်ကီနီး(၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

Ph:09 43175181,09 771072144,09 421002003,09 43109197

ရွှေမဟာ

09 -5106146

09 -775106146

"အရဟံ စေတီ" တည်ကြမည်

ဘုရားဒကာ , ဘုရားအမများ ကြွရောက်ပါရန် ဖိတ်ခေါ်ပါသည်။

ရန်ကုန်၊ မြောက်-ဒဂုံ၊ (၄၂)ရပ်ကွက်၊ ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်၊ အဝင်တွင် ဝါကျွတ်ပါက 'အရဟံ စေတီ' တည်ပါမည်။ တပေါင်းလပြည့်နေ့ ထီးတင်ပါမည်။ တစ်ဦးလျှင် ကျပ်တစ်သိန်း မျှသာ ကုသိုလ်ပါဝင်ပါက လွယ်ကူစွာ ပြီးပါလိမ့်မည်။ ဆန္ဒကုသိုလ် ပါဝင်လိုပါက ဆရာတော့်ထံ နာမည်စာရင်းသာ ပေးပို့၍ အလှူတော်ငွေကို မြောက်ဥက္ကလာပ ကမ္ဘောဇဘဏ် အကောင့်အမည်- အရှင်အာစာရာလင်္ကာရ - 0 70 30 10 1600 51 400 1 သို့သာ တိုက်ရိုက် လွှဲပို့စေလိုပါသည်။

[အသေးစိတ်သိရှိလိုပါက Ph: 09 78 78 77 969 သို့ ဆက်သွယ်နိုင်ပါသည်။]

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အလက(၁၀)မှ အလယ်တန်းပြဆရာမ [၁၂/မဘန(နိုင်)၀၃၅၈၂၅] ကျွန်မ ဒေါ်မတူးနှင့် ဒေါ်မာဒူရီတာချတ္တရီး မှာတစ်ဦးတည်းဖြစ်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

အာပွဲတော် ဒါနခရီးစဉ်များ

Ph:09425334456,09250233599,09421141415

အမည်ပြောင်း

ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း ကံ့ကော်အခန်း ဒသမတန်းမှ (ဘ) ဦးသိန်းတန်၏သား မောင်ရဲမာန်အား မောင်လင်းဘုန်းပြည့်အောင် ဟု ခေါ်ဆိုပါရန်။

မောင်လင်းဘုန်းပြည့်အောင်

ဖခင်အမည်မှန်

ခရမ်းမြို့၊ အထက မောင်းမ၊ ဒသမတန်း(A)မှ မနှင်းအိဖြူ ၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင် [၁၂/ခရန(နိုင်)၀၉၀၉၄၅] ဖြစ်ပါကြောင်း။

ဦးသန်းလွင်[၁၂/ခရန(နိုင်)၀၉၀၉၄၅]

San brotherhood

Air-Con,

တပ်ဆင်ပြီးဈေးနှုန်း

300,000

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

ဇဝန 09-5148138,09-424222217

သမိုင်း 01-709373, 09-73116475

နဝဒေး 01-704467, 09-73217035

FMI City 01-3681854,09-5084831

နိဗ္ဗာန်လမ်း 01-703684,09-43130068

ဒညင်းကုန်း 09-5012419,09-73126244

သုဓမ္မာလမ်း 09-5190383,09-73251535

အင်းဝတံခါးမရှာ 01-709114, 09-5019316

ရွှေဂုံတိုင်မီးပွိုင့် 09-43083868,01-703241

ကျောက်မြောင်း 09-73004800,09-73066836

ဆင်မင်းဈေးအနီး 01-704101, 09-5002738

Capital အနီး 09-5053114,01-708842

ဘုရင့်နောင်လမ်းမ 09-5024365,09-424222218

မြခင်ကျော်

အမှတ်တံဆိပ်

အစာအိမ်ဆေး

ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ အလင်းသစ်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မခိုင်သင်းကြည်၏ ဖခင် အမည်မှန်မှာ ဦးညွန့်ဝင်း[၉/တကန(နိုင်)၀၄၉၅၃၀]ဖြစ်ပါကြောင်း။ **ဦးညွန့်ဝင်း**

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ် အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း(ခ)တွင် ပညာသင်ယူနေသော မောင်မျိုးသီဟ၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းအောင် ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ် အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း(ခ)တွင် ပညာသင်ယူနေသော မမေဦးလှိုင်၏ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထိုက် ဖြစ်ပါသည်။

ပြည်လမ်းမတန်းခြံ ရောင်းမည်။

ပြည်လမ်းမတန်း၊ (၈)မိုင်၊ မရမ်းကုန်း (၄၅ ပေ × ၇၀ ပေ) အမည်ပေါက်ဘိုးဘွား လုံးချင်းနှစ်ထပ်တိုက် ရောင်းမည်။ (ပွဲစားမလို) ဆက်သွယ်ရန် **09 77 22 33 777**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝန သိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀. ၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၃၃၄)၊ ဦးတင်မင်းကြည်၊ အမည်ပေါက်နှစ်(၃၀) မြေငှားဂရန်စာချုပ်မြေကွက်ကို ဒေါ်ဆွေဆွေဝင်း[၁၂/သဃက(နိုင်)၀၁၃၀၅၃] အဖအမည် ဦးသန်းထွန်းအောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၄၆/၂၀၁၆(၈-၁၁-၂၀၁၆)တင်ပြ၍ ဦးအောင်မြင့်ထွန်း [၁၂/လမတ(နိုင်)၀၂၀၃၄၈]၊ အဖအမည် ဦးထွန်းမြိုင်နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်။

လှိုင်မြို့နယ်၊ အေးကိုမွန်လုံးချင်းအိမ်ယာ (၆၅၈၉.၇ စတုရန်းပေ)နှစ်ထပ် RC MASTER BEDROOM (၆)ခန်း၊ ရိုးရိုးခန်း(၁)ခန်း၊အခန်းအားလုံးနံရံကပ်၊ ကျွန်းဘီဒိုအပြည့် Aircon (၈)လုံး၊ မြေအကျယ်(၇၃ × ၉၈)ပေ၊ အိမ်အကျယ်(၆၀ × ၅၈)ပေ၊နှစ်(၆၀)ဂရန်။

09792955383,09965117327

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ် အခြေခံပညာ အထက်တန်းကျောင်း နဝမတန်း(က)တွင် ပညာသင်ယူနေသော မောင်မင်းခန့်စိုး၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင်ဦး ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ် အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(က)တွင် ပညာသင်ယူနေသော မခင်နှင်းပွင့်၏ ဖခင်အမည်မှန်မှာ ဦးစောကပေါ်ထူး ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မဟာမြကျွန်းသာ အကယ်ဒမစ်စင်တာ ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော (အဖ)ဦးစိုင်းခမ်းလိတ်၏ (သမီး) နန်းဖောင်းနွန်း၏ မွေးသက္ကရာဇ်အမှန်မှာ[၁၃/တခလ(နိုင်)၁၀၀၆၅၀]အရ(၁၃-၁၂-၂၀၀၁) ဖြစ်ပါသည်။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ လှည်းဆိပ် အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း(က)တွင် ပညာသင်ယူနေသော မောင်ဇော်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်စိုး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(င/၃၅-အေ)၊ အကျယ်အဝန်း(၂၀ ပေ × ၆၀ ပေ) (၁၂၀၀-စတုရန်းပေ) ရှိ (၂၅)နှစ်မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(င/၃၅-အေ)၊ ရေတာမာလမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ပွဲရုံ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဒေါ်တင်တင်မော် (၁၄/ပတန (နိုင်) ၁၀၃၃၅၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်(၅-၉-၂၀၁၈)နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ် ငွေပေးချေပြီးဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါကပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးခင်မောင်ချို (စဉ်-၆၃၂၀)၊ တရားလွှတ်တော်ရှေ့နေ အမှတ်-၆၆၆၊ နတ်ရှင်နောင်လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉ ၄၂၀၀၀၅၅၉

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်(အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ်- (၁၀/တိုးချဲ့)၊ မြေကွက်အမှတ် (၁၄)၊ တပင်ရွှေထီးလမ်း၊ ဧရိယာအကျယ်အဝန်း(အလျား ၈၆' . ၆" × အနံ ၆၆'. ၆") အကျယ်ရှိ မြေကွက်ထဲမှ (အလျား ၂၀ '×အနံ ၆၆' . ၆") အကျယ်ရှိ (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ခွဲစိတ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဝင်း [၅/ခဥန(နိုင်)၀၀၅၄၄၀] မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးသော မြေကွက်ဖြစ်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ထိုကဲ့သို့ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သီဂီအောင် LL.B,Dip in Business Law
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၀၄)
အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၄၁၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ အမှတ်-၁၉/၂၁ ဟုခေါ်တွင်သော (၁၂ဒီ)ထပ်တိုက်၏ (၁၂)ထပ်လွှာ၊ တောင်ဘက်ခန်းဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၃၃×၅၈) ရှိ အခန်းနှင့် တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့် [၁၂/ဥကတ(နိုင်) ၀၃၄၈၀၃] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၂၂)
အမှတ်-၁၂၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၉၇၅၁၆၉၁၅၉၊ ၀၉-၇၈၅၁၆၉၁၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ စက်မှုလမ်းမကြီး၊ မြေကွက်အမှတ်(၆၃/က+ခ)၊ အကျယ်အဝန်း (၄၀ ပေ × ၆၀ ပေ) ရှိ ဦးတင့်လွင် (ခ) တင့်ဟန်ထွန်း (၁၂/ပဘတ (နိုင်) ၀၀၉၄၆၂) အမည်ပေါက်သည့် နှစ် (၆၀) ဂရန်မြေကွက်အား ၊ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်လွင်မျိုး (၁၂/မဂဒ(နိုင်)၀၀၃၀၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နိုင်ဇင်ဦး LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)

အမှတ် (၁၀၅၁)၊ မြဟေ့ဝိုင်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၄၂၀၀၇၀၇၂၉၊ ၀၉ ၈၆၄၀၇၀၇၂၉

Khine Chaung Tha Hotel ၏ နိုင်ငံတကာအဆင့်မီရေကူးကန်ကြီးကိုယုံကြည်စွာ တည်ဆောက်ခွင့်ပေးခဲ့သည့်အတွက် ပိုင်ရှင်ဦးကျော်မြင့် နှင့် Khine Chaung Tha Hotel မိသားစုအား ကျေးဇူးအထူးတင်ရှိပါသည်။ အကောင်းမွန်ဆုံး၊ အခိုင်ခံ့ဆုံး တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြုအပ်ပါသည်။

SUPER RICH MAN SWIMMING POOL SPECIALIZED COMPANY

(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့။ 01-401518, 01-8604064, 09-422205502
Email:richmanpool@gmail.com WEBSITE:www.superrichmanpools.com Facebook:www.facebook.com/superrichmanpool

Yangon University of Distance Education
YUDE
KMD Institute

